# ပင်လယ်ရေကြောင်းသင်္ဘောသားများ သတင်းလွှာစာစောင်

မြန်မာ အမှတ် ၃၄/၂၀၂၀

အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများ အဖွဲ့ချုပ်




## ဘလူမင်တဲလ်
## နှိပ်စက်မှုအပေါ် ပရိုသတ်
## အာရုံ

ဤထုတ်ဝေစာစောင်တွင်-

- ပြစ်မှုမြောက်သောလုပ်ရပ်ဖြင့် စတေးခံရခြင်း- သင့် အခွင့်အရေးများ
- ပင်လယ်ရေကြောင်း သင်္ဘောသားများအတွက် အဆက်အသွယ်ကွန်ခြာတိုးမြှင့်ပေးမှု
- အကူအညီရရှိရန်အတွက် သင် ဆွဲထုတ်ရယူနိုင်သည့် လမ်းညွှန်

# မာတိကာ


4 FOC လှုံ့ဆော်မှု

5-10 ပင်လယ်ပြင်ရှိ ဘဝ

11-13 ကုန်သွယ် သမဂ္ဂများ

14-16 ပြစ်မှုမြောက်သော လုပ်ရပ်ဖြင့်စတေး ခံရခြင်း

17-18 MLC

ဆွဲထုတ်ရယူနိုင်သည့် လမ်းညွှန်

အဆက်အသွယ် အသေးစိတ်များနှင့် အကြံဉာဏ် ရှစ်မျက်နှာ

19 ILO

20 ကိုယ်ရေးအကျဉ်း- Lena Dyring, NSU

21 အန္တရာယ်ရှိသော နေရာများ

22-24 ကိုယ်ရေးအကျဉ်း- စိစစ်ရေးမှူးအဖွဲ့

25 လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးမှုများ

26-27 ကျန်းမာရေးနှင့် သာယာကောင်းမွန်ရေး

28-29 ITF အာရတ်ကမ္ဘာနှင့် အီရန်

30 သင်္ဘောသားများ၏ ရှုထောင့်အမြင်

31 ဆိပ်ကမ်းအလုပ်သမားများ

32-33 ငါးဖမ်းသမားများ

34-35 ITF သင်္ဘောသားများ၏ အုပ်ထိန်းမှုအဖွဲ့


အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများ အဖွဲ့ချုပ် (International Transport Workers' Federation (ITF)) သည် သယ်ယူပို့ဆောင်ရေး ကုန်သွယ် သမဂ္ဂများ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ် သမဂ္ဂ အဖွဲ့ချုပ် တစ်ခုဖြစ်သည်၊ သင်္ဘောသားပေါင်း ၉၃၀ ၀၀၀ ကျော်အပါအဝင် နိုင်ငံပေါင်း ၁၅၀ ရှိ ၆၇၀ နီးပါး အသင်းဝင်အဖွဲ့အစည်းများမှ သယ်ယူပို့ဆောင်ရေး အလုပ်သမားများ သန်းပေါင်း ၁၈.၅ သန်းခန့်ကို ကိုယ်စားပြုပေးထားသည်။ ၎င်းကို လုပ်ငန်းကဏ္ဍပေါင်း ရှစ်ခုကို ပေါင်း၍ဖွဲ့စည်းထားသည်၊ သင်္ဘောသားများ၊ ငါးဖမ်းသမားများ၊ ကုန်းမြေ လမ်းကြောင်းညွှန်း၊ ဆိပ်ကမ်း အလုပ်သမားများ၊ မီးရထားများ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊ လေကြောင်းညွှန်ကြားမှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း တို့ဖြစ်သည်။ ၎င်းသည် သယ်ယူပို့ဆောင်ရေး အလုပ်သမားများအား တစ်ကမ္ဘာလုံးအဆင့်ဖြင့် ကိုယ်စားပြုပေးပြီး တစ်ကမ္ဘာလုံးဆိုင်ရာ လှုံ့ဆော်ပေးခြင်းနှင့် စည်းလုံးညီညွတ်ခြင်းမှတစ်ဆင့် သူတို့၏ အကျိုးကျေးဇူးများကို မြှင့်တင်ပေးသည်။ ITF တွင် ကမ္ဘာတစ်ဝှမ်း ဆိပ်ကမ်းများ၌ အလုပ်လုပ်ကိုင်လျက်ရှိသော ၁၄၃ ယောက်သော စိစစ်ရေးမှူးများနှင့် အဆက်အသွယ်များ ရှိပါသည်။


ITF ပင်လယ်ရေကြောင်းသင်္ဘောသားများ သတင်းလွှာစာစောင် နံပါတ် 34/2020

**International Transport Workers' Federation (ITF)**, 49/60 Borough Road, London SE1 1DR, United Kingdom က ၂၀၂၀ ခုနှစ်တွင် ထုတ်ဝေသည်။

ထို့ပြင် သတင်းလွှာစာစောင်များကို (English, Arabic, Burmese, Chinese, German, Indonesian, Japanese, Russian, Spanish and Turkish ဘာသာစကားများဖြင့် ထုတ်ဝေမှု) အထက်ပါလိပ်စာရှိ ITF မှ ရရှိနိုင်ပါသည်။ သင့်အနေဖြင့် PDF ပုံစံစာစောင်ကိုလည်း www.itfglobal.org/en/resources/reports-publications/seafarers-bulletin ဒေါင်းလုဒ်ဆွဲ၍ ယူနိုင်သည်။



**Web:** www.itfseafarers.org | **Email:** seafsupport@itf.org.uk | **Tel:** +44 (20) 7403 2733 | **Fax:** +44 (20) 7357 7871

# ကြိုဆိုပါ၏



**ပင်လယ်ရေကြောင်း သင်္ဘောသားများ အသိုင်းအဝိုင်း၊ ငါးဖမ်းသူများနှင့် ဆိပ်ကမ်းအလုပ်သမားများ မိမိတို့၏ အလုပ်သမား အခွင့်အရေးများကို ပိုမိုအသိရှိပြီး သင် အခက်အခဲရှိသည့်အခါ အကူအညီအတွက် မည်သည့်နေရာ သို့သွားရန်တို့ကို အထောက်အကူပြုထားသည့် မဂ္ဂဇင်းဖြစ်သည့် ပင်လယ်ရေကြောင်း သင်္ဘောသားများ သတင်းလွှာ စာစောင်မှ ကြိုဆိုပါသည်။**

ကျွန်ုပ်တို့သည် အလုပ်ခွင်၌ အကြမ်းဖက်မှုနှင့်အနှောင့်အယှက်ပေးမှုတို့နှင့်ပတ်သက်သည့် သမိုင်းဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေအသစ်ကို ပုံကြမ်းဖော်ထားပါသည်၊ အဆိုပါဥပဒေအသစ်အားဖြင့် အားလုံးသော ရေကြောင်းဆိုင်ရာ အလုပ်သမားများ အတွက် အလုပ်လုပ်ကိုင်ရာ ပတ်ဝန်းကျင်ကို ပိုမိုဘေးကင်းလုံခြုံရန်နှင့် ပိုမိုလျှော့ပါးစေမည့်စိတ်သောကကို ဆောင်ကျဉ်း ပေးရလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ မျက်နှာဖုံး အကြောင်းချင်းရာမှာ ပင်လယ်ရေကြောင်း သင်္ဘောသားများ၏ အခွင့်အရေးကို အကြိမ်ကြိမ် အလွဲသုံးစားပြုသူတစ်ဦးဖြစ်သည့် ဂျာမန်လူမျိုး သင်္ဘောပိုင်ရှင် ဘလူမင်တဲလ် အပေါ် ITF က ပစ်မှတ်ထားသည့် လှုံ့ဆော်မှုတစ်ခုဖြစ်ပြီး လူမှုရေးဆိုင်ရာ မီဒီယာအသုံးပြုမှုမှာ ကုမ္ပဏီအပေါ် ကျွန်ုပ်တို့၏ အရေးယူမှုအား အထင်းသား ထင်ဟတ်စေအောင် မည်သို့ အထောက်အကူပြုခဲ့ပုံဖြစ်ပါသည်။

သင်္ဘောမှာ မတော်တဆဖြစ်ရပ်တစ်ခုဖြစ်သည့်အခါ သို့မဟုတ် သင်္ဘောပေါ်၌ တရားမဝင်ပစ္စည်းတွေ့ရှိသည့်အခါ ပြစ်မှုဆိုင်ရာ စုံးစမ်းစစ်ဆေးမှုတွင် သင်္ဘောသားများမှာ မြေဇာပင်အဖြစ်ခံရမည့် အန္တရာယ်ကို ကျွန်ုပ်တို့ ကြည့်ပါသည်။ ကျွန်ုပ်တို့ ယူကရိန်း သင်္ဘောမာလိန်းမှူး Gennadiy Gavrylov ၏ ဆိုးဝါးလွန်းသည့် အတွေ့အကြုံကို ဝေမျှဖြန့်ချီပေးပြီး အကယ်၍ သင် ပြစ်မှုဆိုင်ရာစွပ်စွဲမှုများ ကြုံတွေ့လာလျှင် ဘာလုပ်ရမည်ကို အကြံပေးပါသည်။

သင်္ဘောပေါ် ရှိ ပိုမိုတိုးတက်ကောင်းမွန်သော အခြေအနေများအောင်မြင်မှု၊ ရရန်ရှိသည့်လုပ်ခများ ပြန်လည်ရရှိမှုနှင့်တကွ စွန့်ပစ်ခံသင်္ဘောသားများ နေရပ်ပြန်ပို့ရန်ကူညီပေးမှုတို့ကို ဆောင်ရွက်ပေးရာ၌ ကျွန်ုပ်တို့ စိစစ်ရေးမှူးများ၊ သမဂ္ဂများနှင့် အခြားသူများ၏အောင်မြင်မှုများသည် ပင်လယ်ပြင်ရှိ ဘဝများကို မီးမောင်းထိုးပြပါသည်။

ကျွန်ုပ်အနေဖြင့် ကျွန်ုပ်တို့၏ စိစစ်ရေးမှူးအသစ်တို့ကို မိတ်ဆက်ပေးလိုပြီး ကျွန်ုပ်တို့၏ တိုးချဲ့နေသည့် ဒေသဆိုင်ရာ အဆက်အသွယ်ကွန်ခြာများ အကြောင်းကို သင့်အား ပြောပြလိုပါသည်၊ ၎င်းတို့အားဖြင့် ဆိပ်ကမ်းအသစ်များကို လက်လှမ်းမှီရန်နှင့် အကူအညီအတွက် တိုးမြှင့်များပြားသည့် ကျွန်ုပ်တို့လက်ခံရသောဖုန်းခေါ်မှုများကို ကိုင်တွယ်ရန်အတွက် ကျွန်ုပ်တို့၏ အရည်အချင်းကို မြှင့်တင်ပေးနေလျက်ရှိပါသည်။ ၎င်းအပြင် ကျွန်ုပ်တို့၏ အာရတ်ကမ္ဘာနှင့် အီရန်ဒေသတို့တွင် သတင်းကောင်းအချို့ရှိပါသည်။

ပင်လယ်ရေကြောင်း သင်္ဘောသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ညံ့ဖျင်းမှု အန္တရာယ်မြင့်မားမှုနှင့်တကွ လုပ်ငန်းကဏ္ဍ ပြောင်းလဲရန်အတွက် ITF နှင့် သမဂ္ဂများ၏ အားထုတ်မှုများကို ယှဉ်တွဲ၍ ကျန်းမာရေးနှင့် သာယာဝပြောရေးဆိုင်ရာ စာမျက်နှာများတွင် ဖော်ပြထားပါသည်။

ကျွန်ုပ်တို့သည် နော်ဝေးနိုင်ငံ သင်္ဘောသားများ သမဂ္ဂမှ Lena Dyring ကို လူတွေ့မေးမြန်းပြီး အလုပ်သင်အရာရှိတစ်ဦးက သင်္ဘောပေါ် ပထမအကြိမ်ရောက်ရှိသူအဖြစ် သူမ၏ အတွေ့အကြုံကို တင်ပြပါသည်။

အတုအယောင် လိမ်လုပ်ဇာတ်အလုပ်ခန့်မှုကို မည်သို့ရှောင်ရှားရန်နှင့် အလုပ်ခန့်စာချုပ်များနှင့်ပတ်သက်သည့်အကြံဉာဏ်ကို ကျွန်ုပ်တို့၏ ဆွဲထုတ်ရယူနိုင်သည့် ရှစ်မျက်နှာ စာရွက်များအား လေ့လာပါ၊ ၎င်းတွင် ITF စိစစ်ရေးမှူးများအား မည်သို့ ဆက်သွယ်ရမည်ကိုလည်း ဖော်ပြထားပါသည်။

သင်သည် ITF သမဂ္ဂတွင် ပိုမိုတောင့်တင်းခိုင်မာပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့နှင့် ပူးပေါင်းပါ။

**Stephen Cotton**, ITF အထွေထွေ အတွင်းရေးမှူး

# အရေအတွက်အားဖြင့် ITF FOC လှုံ့ဆော်မှု (2019)

## ITF စိစစ်ရေးမှူးများ

(ထုတ်ဝေစဉ် အချိန်၌)

စစ်ဆေးခဲ့သည့် သင်္ဘောအရေအတွက်ကို ပြဿနာမရှိသည့် သင်္ဘောအရေအတွက်နှင့် ပြဿနာရှိသည့် သင်္ဘော အရေအတွက်အဖြစ် ခွဲခြားတင်ပြထားသည်။



- စစ်ဆေးမှု အရေအတွက် စုစုပေါင်း **9,798**
- ပြဿနာရှိသည့် အရေအတွက် **7,662**
- ပြဿနာမရှိသည့် အရေအတွက် **2,136**


## လက်ကျန်လုပ်ခ ပြန်ရသည့် စုစုပေါင်း

(ထုတ်ဝေစဉ် အချိန်၌)




## ITF စစ်စိရေးလုပ်စဉ် တွေ့ရှိသည့် ထိပ်တန်း ပြဿနာအမျိုးအစား ငါးခု

(ထုတ်ဝေစဉ် အချိန်၌)



- သဘောတူစာချုပ် **3,001**
- စာချုပ်ဖောက်ဖျက်မှု **1,611**
- ရရန်ရှိသည့် ကြွေးကျန်လုပ်ခ **1,296**
- အပြည်ပြည်ဆိုင်ရာ စံနှုန်း မလိုက်နာမှု **1,253**
- ဆေးဘက်ဆိုင်ရာ ကိစ္စ **307**

## ITF စာချုပ်အရ အကျုံးဝင်သည့် သင်္ဘောများနှင့် ပင်လယ်ရေကြောင်းသင်္ဘောသားများ

(ထုတ်ဝေစဉ် အချိန်၌)

**311,489**
အကျုံးဝင်သည့် ပင်လယ်ရေကြောင်းသင်္ဘောသား စုစုပေါင်း အရေအတွက်



**12,818**
သဘောတူစာချုပ် စုစုပေါင်း အရေအတွက်

# ရှေ့တန်းမျက်နှာမှ အကြောင်းချင်းရာများ




## Qaaswa သင်္ဘောသားများ 13-လကြာ ဒုက္ခခံပြီးနောက် အိပ်ပြန်ပို့ခံရ

**13 လကြာ စွန့်ပစ်ခံထားရပြီးမှ Qaaswa သင်္ဘောသားများ အိမ်ပြန်ပို့ခံရခြင်းသည် ကျွန်ုပ်တွေ့ဘူးသမျှသော အညစ်ညမ်းဆုံး စွန့်ပစ်ထားမှုများအနက် နောက်ဆုံးအဖြစ်အပျက်တစ်ခုဖြစ်ပါတယ်၊ ဟု ITF စိစစ်ရေးမှူး အဖြစ်နှင့် အာရတ်ကမ္ဘာနှင့် အီရန် အဆက်အသွယ်ကွန်ခြာ ညှိနှိုင်းစေ့စပ်အရာရှိဖြစ်သူ Mohamed Arrachedi ကပြောပါသည်။**

တူနီးစီးယားနိုင်ငံ၊ Sfax ဆိပ်ကမ်း ကမ်းလွန်တစ်နေရာ၌ လုပ်ခမဲ့၊ အစာရေစာမဲ့ သို့မဟုတ် လောင်စာဆီမဲ့ဖြင့် စွန့်ပစ် ခံထားရပြီးနောက် Qaaswa သင်္ဘောပေါ် ရှိ သင်္ဘောသားများသည် နောက်ဆုံး၌ ၂၀၁၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အိမ်သို့လေယာဉ်ဖြင့် ပြန်လာခဲ့သည်။

အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့မှ – သင်္ဘောသား 12 ဦး – တစ်ဦးချင်းသည် သူတို့ရရန်ရှိသည့် ရှစ်လစာ လုပ်ခ ဒေါ်လာ ထောင်နှင့်ချီပြီး စုစုပေါင်း ယူအက်စ်ဒေါ်လာ USD130,952 ဖြင့် အိမ်ပြန်ခဲ့ကြပါသည်။

ဤကြာရှည် ခက်ခဲပြီး လပေါင်းများစွာကြာညောင်းသည့် ITF အသင်းဝင်အဖွဲ့အစည်းဖြစ်သည့် Federation Nationale des Transports/UGTT နှင့် UAE ဗဟို သယ်ယူပို့ဆောင်ရေး အာဏာပိုင်တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့မှုကြောင့်သာ အိမ်ပြန်ပို့ရေးမှာ ဖြစ်နိုင်ခဲ့ပါသည်။

လွန်ခဲ့သည့် သုံးနှစ်အတွင်း တတိယအကြိမ်မြောက် ဖြစ်ပွားသော ကိစ္စဖြစ်သည်၊ Alco သင်္ဘောလုပ်ငန်း ဝန်ဆောင်မှုများ ကုမ္ပဏီမှ ပင်လယ်ပြင်၌ စွန့်ပစ်ထားပြီးနောက် အိမ်ပြန်ပို့ရန် ITF က အောင်မြင်စွာ ကူညီပေးခဲ့သည့် UAE- အလံ လွှင့်ထူထားသည့် ရေနံတင် သင်္ဘောပေါ်မှ သင်္ဘောသားများဖြစ်ပါသည်။ သင်္ဘောသားများနှင့် သူတို့၏ မိသားစုများ နစ်နာခဲ့ရသော်လည်း Alco သင်္ဘောလုပ်ငန်း ဝန်ဆောင်မှုများ ကုမ္ပဏီမှာ ဒဏ်ခတ်မခံရဘဲ ပြုမူခဲ့သည်။

Alco သင်္ဘောလုပ်ငန်း ဝန်ဆောင်မှုများ ကုမ္ပဏီ၏ လုပ်ရပ်များမှာ ခေတ်သစ် ရေကြောင်း လုပ်ငန်းကဏ္ဍတွင် မရှိသင့်ပါ။ မည်သည့် သင်္ဘောသားကမျှ ဤသို့သော ဆိုးရွားသည့် အတွေ့အကြုံများကို မခံစားသင့်ပါ။

သင်္ဘောသားများအား စွန့်ပစ်ထားမှုမှာ ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍ၏ ကင်ဆာရောဂါသဖွယ်ဖြစ်သည်၊ လုပ်ငန်းကဏ္ဍရှိ လှုပ်ရှားသူအားလုံးအနေဖြင့် တွန်းလှန်အမြစ်ဖြတ်ပစ်ရန် အတူလက်တွဲလုပ်ကိုင်ရမည်။ ■

"၁၃ လကြာပြီးနောက်မှဘဲ ကျွန်ုပ်တို့ အိမ်ပြန်ရတော့မယ်။ ITF ကိုကျေးဇူးတင်ရှိပြီး Mohamed Arrachedi နှင့် Captain Majed (Sfax ဆိပ်ကမ်းရှိ ITF နှင့်ဆက်သွယ်သူ) တို့ကို ပံ့ပိုးပေးမှုတွက် အထူးကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့ ကျွန်ုပ်တို့ရဲ့လုပ်ခများ နှင့်အတူ အိမ်ပြန်ပါတော့မယ်။ ကျေးဇူးအများကြီး တင်ပါတယ်။"

အိမ်သို့လေယာဉ်ဖြင့် မပြန်မီ **Qaaswa** သင်္ဘောသားများ

# ITF က ဘလူမင်တဲလ်အပေါ် သင်္ဘောသားများအား တစ်စိုက်မတ်မတ် ခေါင်းပုံဖြတ်ခြင်းကြောင့် ပစ်မှတ်ထား

**ဟမ်းဘတ်မြို့မှ Johann M K Blumenthal မှာ သမားရိုးကျ ဂျာမန် ကုမ္ပဏီဟောင်းတစ်ခုဖြစ်သည်။ စိတ်မကောင်းစွာဖြင့် နောက်ထပ်တစ်ခု ကျော်ကြားသည်မှာ သမဂ္ဂ-ဆန့်ကျင်သူဖြစ်ပြီး မိမိ၏ သင်္ဘောသားများအား ကျေးကျွန်သဖွယ် ဆက်ဆံနေကြောင်းဖြစ်သည်ဟု ITF စိစစ်ရေးမှူးဖြစ်သူ Sven Hemme ကပြောကြားသည်။ ဤတစ်စိုက်မတ်မတ် အလုပ်သမားများ အခွင့်အရေး အလွဲသုံးစားပြုသူအပေါ် သူ ဦးဆောင်သည့် ITF ၏ ပစ်မှတ်ထားသော လှုံ့ဆော်မှုကို သူက ဖွင့်ဟပြပါသည်။**




ဘလူမင်တဲလ် (Blumenthal) တွင် အလံအငှါးတင် သင်္ဘော (FOC) အစီး 30 ရှိသည် – လိုင်ဘေးရီးယားနိုင်ငံ အလံတင်ထားသည့် သင်္ဘော 19 စီးနှင့် ကေမန်ကျွန်းအလံတင်ထားသော သင်္ဘော 11 စီးတို့ဖြစ်သည်။ အလုပ်သမားများ၏ အလုပ်အကိုင်လုပ်ခ စာချုပ်များကို သမားရိုးကျအားဖြင့် ပိတ်ပင်ပြီး သင်္ဘောစင်းလိုက်ငှါးရမ်းသူများကို မိမိသင်္ဘောများအား ITF ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသော ဆိပ်ကမ်းများနှင့် နိုင်ငံများတွင် သုံးစွဲခြင်းမှ တားဆီး ပိတ်ပင်သည့် စာချုပ်အပိုဒ်များ ၎င်း၏ သင်္ဘော အစီးလိုက်ငှါးသည့် စာချုပ်အပိုဒ်များတွင် အများအားဖြင့် ပါရှိပါသည်။

ဘလူမင်တဲလ်သည် မိမိ၏ သင်္ဘောများပေါ် ITF စိစစ်ရေးမှူးများက ဝင်ရောက်စစ်ဆေးခါနီးတွင် မိမိ၏ သင်္ဘောသားများအား သူတို့မှာ မည်မျှကျေနပ်နေကြောင်းနှင့် ITF သို့မဟုတ် သမဂ္ဂများအား မဆက်သွယ်လိုကြောင်း ရေးသားထားသည့် ထွက်ချက်များ လက်မှတ်ရေးထိုးခိုင်းပါသည်။ အချို့ကိစ္စများ၌ ဤထွက်ချက်များမှာ သမဂ္ဂမှ ဝင်ရောက်ဖျန်ဖြေပေးမှုများအပေါ် ဥပဒေအရ အရေးယူမှုအဖြစ် ခြိမ်းခြောက်ပါသည်။

ဤစိတ်ပိုင်းဆိုင်ရာ ဖိအားပေးမှုမှာ သင်္ဘောပေါ် ရှိ သင်္ဘောသားများအဖို့ လုပ်ငန်းဆိုင်ရာအခြေအနေကြောင့် ကြောက်ရွံ့မှု၊ အလုပ်အကိုင်စာချုပ်အသစ် နောက်ထပ်မရမည့်ကြောက်ရွံ့မှု၊ မိမိတို့အပေါ် (သို့) မိမိတို့၏မိသားစုများအပေါ်သို့ပင် အခြားသော ခြိမ်းခြောက်မှုများဖြစ်ပေါ်လာမည့် ကြောက်ရွံ့မှုတို့ကို ဖြစ်ပေါ်စေပါသည်။

ITF သည် ဘလူမင်တဲလ် သင်္ဘောများပေါ် ရှိ ပြဿနာအများအပြားကို ကိုင်တွယ်ဖြေရှင်းပေးခဲ့ရပါသည်။ ITF စိစစ်ရေးမှူးအဖွဲ့၏ ကုမ္ပဏီအပေါ် ပစ်မှတ်ထားသော လှုံ့ဆော်မှုလုပ်ရပ်ကို 2019 ခုနှစ် မတ်လ၌ သင်္ဘောပေါ်တွင် မလုံလောက်သော အစာရေစာ၊ လုပ်ခများ ပေးရန်နှောင့်နှေးမှုနှင့် ထိမ်ချန်မှုများ၊ အနိုင်အထက်စီးနင်းမှုနှင့်တကွ ကမ်းခြေတက်ရောက်ခွင့်ငြင်းပယ်မှုတို့ကြောင့် သင်္ဘောသားများ၏ တိုင်တန်းချက်အရ ဩစတြေးလျနိုင်ငံတွင် လိုင်ဘေးရီးယားနိုင်ငံ မှတ်ပုံတင်ထားသော ထုထည်ကြီးကုန်တင်သင်္ဘော Anna-Elisabeth ကိုဖမ်းဆီးပြီးနောက်ပိုင်း ဆောင်ရွက်ခဲ့ပါသည်။

လှုံ့ဆော်မှု ပြန့်ပွားနေသည့်အလျှောက် ကျွန်ုပ်တို့သည် သင်္ဘောသားများအပေါ် အဆိုပါ မတော်မတရား ဆက်ဆံမှုနှင့် ခြိမ်းခြောက်မှုမှာ ဘလူမင်တဲလ် သင်္ဘောအုပ်စုတစ်ခုလုံးတွင် စနစ်တကျဆောင်ရွက်နေကြောင်း ပိုမိုတိကျသည့် သက်သေအထောက်အထားကို တွေ့ရှိခဲ့ပါသည်။

လိုင်ဘေးရီးယား အလံတင်ထားသည့်သင်္ဘော Lita ကိုကြည့်ပါ။ 2019 ခုနှစ် မေလ၌ သင်္ဘောမှာ ဘရာဇီးနိုင်ငံ ရေပိုင်နက်တွင် ကျောက်ချထားစဉ် လုံလောက်သော ရေရရှိရေး သေချာစေရန် တာပေါ်လင်ပိတ်များဖြင့် မိုးရေခံထားရန် အတင်းအကျပ်ပြုခံရကြောင်း သင်္ဘောသားများသည် ITF ကိုဆက်သွယ် သတင်းပို့ခဲ့သည်။

ခုနှစ် ဇူလိုင်လ 1 ရက်နေ့တွင် သင်္ဘောသားများ၏ 2019 တိုင်တန်းချက်အရ ဘဲလ်ဂျီယံနိုင်ငံ ဆိပ်ကမ်း အခြေအနေ ထိန်းချုပ်ရေးအဖွဲ့ (PSC) သည် Lita သင်္ဘောပေါ် တက်ရောက်စစ်ဆေးခဲ့ရာ လုံခြုံရေးနှင့် အလုပ်လုပ်ကိုင်ရာ အခြေအနေ ယိုယွင်းမှုပေါင်း 35 ခုကို တွေ့ရှိခဲ့သည်။

၎င်းယိုယွင်းမှုများမှာ အရေးပေါ် ထွန်းသည့်မီးများ ပျက်နေမှု၊ သုံးမရသည့် အသက်ကယ်ကိရိယာပစ္စည်းများ၊ သင်္ဘောသားများအတွက် မလုံလောက်သော မီးကာကွယ်ရေး လေ့ကျင့်သင်တန်းများကဲ့သို့သော ကြီးလေးသည့် ဖောက်ဖျက်မှုများနှင့်တကွ သင်္ဘောပေါ် ရှိ လုံခြုံရေးဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းတို့နှင့်ပတ်သက်သည့် အထွေထွေ ပြဿနာများဖြစ်ကြသည်။ စိစစ်ရေးမှူးများသည် သံချေးစားပြီး လုံခြုံမှုမရှိကာ ပျက်စီးနေသည့် တံခါးများ အပါအဝင် တည်ဆောက်မှုဆိုင်ရာ ပြဿနာအမျိုးမျိုးကိုလည်း တွေ့ရှိခဲ့သည်။ သင်္ဘောကိရိယာပစ္စည်းများ အသေအချာ ထိန်းသိမ်းရေးမှာ သင်္ဘောသားများအပေါ် အထိုက်အလျောက် ဆက်ဆံမှု အရေးကြီးသကဲ့သို့ပင် အရေးကြီးပါသည် – တစ်ခုခုအပေါ် ပျက်ကွက်မှုသည် ပြင်းထန်သော မတော်တဆဖြစ်ရပ်များဆီသို့ ဦးတည်နိုင်ပါသည်။ Lita သင်္ဘောကို PSC မှ ဖမ်းဆီးထိန်းသိမ်းလိုက်ပြီး ရှစ်ရက်ကြာပြီးမှသာ ပြန်လွှတ်ပေးခဲ့ပါသည်။ သို့သော်လည်း၊ ဩဂုတ်လ 23 ရက်နေ့ ဘဲလ်ဂျီယံနိုင်ငံ အင်တ်ဝတ်မြို့၌ နောက်ဆက်တွဲ စစ်ဆေးရာတွင် နောက်ထပ်ကျန်ရှိနေသေးသည့် ယိုယွင်းမှု ကိုးခုကို တွေ့ရှိခဲ့သည်။

လှုံ့ဆော်မှုအားဖြင့် ကမ္ဘာအနှံ့ ဆိပ်ကမ်းများတွင် ကုမ္ပဏီသင်္ဘောများကို စစ်ဆေးနေသည့် ITF စိစစ်ရေးမှူးများနှင့် အဆက်အသွယ်များအဖို့ သင်္ဘောသားများ၏ ကောင်းမွန်သာယာရေးကို သေချာစေရန် တွန်းအားပေးခဲ့ပါသည်။ သူတို့အနေဖြင့် သင်္ဘောသားများမှာ မှန်မှန်ကန်ကန် လုပ်ခရရှိကြောင်း၊ လုံလုံလောက်လောက် ကျွေးမွေးခံရကြောင်းနှင့် သူတို့၏ အခွင့်အရေးများ အားလုံး ရရှိကြောင်းတို့ကို စစ်ဆေးနေရပါသည်။ ဘလူမင်တဲလ် သင်္ဘောများပေါ် လုပ်ကိုင်နေသည့် သင်္ဘောသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းသည် ကျွန်ုပ်တို့၏ နံပါတ် တစ် ဦးစားပေးမှုတစ်ခုဖြစ်ပါသည်။

ဤလှုံ့ဆော်မှုများကို မီးမောင်းထိုးပြရန်အတွက် သင်္ဘောကုန်းပတ်ပေါ်၌ ဆန္ဒပြသပိတ်မှောက်ခြင်း၊ ပါဝင်ပတ်သက်သူများအား ဆွယ်တရားဟောပြောခြင်းနှင့် LinkedIn အပါအဝင်ဖြစ်သော လူမှုရေးဆိုင်ရာ မီဒီယာတွင် ဆန်းသစ်သုံးစွဲမှုတို့ကိုလည်း လုပ်ခဲ့ပါသည်။ ကုမ္ပဏီ၏ ဆိုးရွားသော စီမံရေးကို ဝေဖန်တိုက်ခိုက်သည့် Facebook ရေးသားချက်များကို လုပ်ငန်းကဏ္ဍဆိုင်ရာ စောင့်ကြပ်ကြည့်ရှုသူများနှင့် အတူ ဖတ်ရှုသူ ကျွန်ုပ်တို့တွင် သန်းထက်ဝက်ကျော် ရှိခဲ့ပြီးဖြစ်ပါသည်။

ITF လူမှုရေးဆိုင်ရာ သတင်းမီဒီယာ လမ်းကြောင်းတစ်လျှောက်လုံးတွင် ဖော်ကောင်လုပ်သူများကို ကြိုဆိုခြင်းအားဖြင့် အနိုင်အထက်ပြုမှု၊ ခြိမ်းခြောက်မှုအပြင် အတင်းအကျပ် အချိန်ပိုအလုပ်ခိုင်းမှု၊ လုပ်ခများ ထိမ်ချန်ထားမှုနှင့် နိုင်ငံသားဖြစ်မှုအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှု အပါအဝင်ဖြစ်သော မတော်မတရား ဆက်ဆံမှုတို့ဖြင့် လက်ရှိနှင့် ယခင် ဘလူမင်တဲလ် သင်္ဘောသားများ၏ စိတ်ပျက်စရာကောင်းသော တိုင်တန်းမှုများ ဖော်ကောင်လုပ်ဖွင့်ဟမှုများဆီသို့ ဦးတည်ခဲ့ပါသည်။ Maersk ကုမ္ပဏီသည် 14-နှစ်ကြာ လုပ်ငန်းဆက်ဆံလာပြီးနောက် မိမိ၏ စင်းလုံးငှါးရမ်းမှုကို နောက်ထပ် သက်တမ်းမတိုးတော့ပါ။

ကမ္ဘာတစ်ဝန်း၌ ဘလူမင်တဲလ် သင်္ဘောများ လုပ်ငန်းဆောင်ရွက်မှုအဆက်ပြတ်သွားခဲ့သည်၊ စင်းလုံးငှါးရမ်းသူ အများအပြားသည် ကုမ္ပဏီသင်္ဘောများကို အသုံးပြုရန် ပိုမို၍ တွန်းဆုတ်လာကြပါသည်။ ဘလူမင်တဲလ် ကုန်သေတ္တာတင် သင်္ဘော Tiger ကို စင်းလုံး ငှါးရမ်းသူ Maersk ကုမ္ပဏီသည် 14-နှစ်ကြာ လုပ်ငန်းဆက်ဆံလာပြီးနောက် မိမိ၏ စင်းလုံးငှါးရမ်းမှုကို နောက်ထပ် သက်တမ်းမတိုးတော့ပါ။

လိုင်ဘေးရီးယားအလံတင်သင်္ဘောလည်း တုံ့ပြန်ခဲ့သည်- ဥပမာ၊ အန္တရာယ်ရှိလောက်အောင် နည်းလွန်းသည့် သင်္ဘောသား ဦးရေရှိကြောင်း ITF သတင်းထုတ်ပြန်ပြီးနောက် ဘလူမင်တဲလ် ပြဿနာကို အသစ်ဖန်တီးခြင်းနှင့် ဘလူမင်တဲလ် သင်္ဘောများ အားလုံးအတွက် SEAs လိုက်နာမှုနှင့်တကွ အနည်းဆုံး လုပ်ကိုင်ရည် အဆင့်များ တိုးမြှင့်ပေးခြင်းအားဖြင့် ဖြစ်သည်။ အစားအစာသိုလှောင်ခန်းများနှင့် အခမဲ့ ရေသန့်ရရှိရေးအတွက် တိုးတက်ကောင်းမွန်မှုများလည်း ဖြစ်ထွန်းခဲ့ပါသည်။

**“ဘလူမင်တဲလ် သင်္ဘောတွေပေါ် ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍမှာ မရှိသင့်တဲ့ လုပ်ရပ်များဖြစ်တဲ့ ခေါင်းပုံဖြတ်မှုနှင့် ခွဲခြားဆက်ဆံမှုရဲ့ အလွန်ကြမ်းကြုတ်တဲ့ ဖြစ်ရပ်တွေကို သင်္ဘောသားတွေဟာ ဖော်ထုတ်ခဲ့ကြပါတယ်။ သင်္ဘောသားတွေရဲ့ အခြေခံအကျဆုံး အခွင့်အရေးတွေကို ဒီစနစ်တကျ ဖောက်ဖျက်မှုဟာ ဘလူမင်တဲလ်လို မသမာတဲ့ လုပ်ငန်းရှင်တွေ လုပ်ငန်းလည်ပတ်တဲ့ အလံအငှါးတင် သင်္ဘော အများအပြားရဲ့ စက်ဆုတ်ဖွယ် အစစ်အမှန် ဖြစ်ရပ်ဖြစ်ပါတယ်။”**

**Jacqueline Smith**, ITF ပင်လယ်ရေကြောင်း ညှိနှိုင်းအရာရှိ

သို့သော်လည်း၊ ကျွန်တော်တို့၏ လှုံ့ဆော်မှုနှင့် ကုမ္ပဏီအပေါ် လုပ်ငန်းကဏ္ဍက အနီးကပ်စောင့်ကြပ်ကြည့်နေသည့် အကြောင်းချင်းရာ ရှိသည့်တိုင်အောင် ဘလူမင်တဲလ်သည် ဂျာမန် သမဂ္ဂဖြစ်သည့် ver.di နှင့်သော်လည်းကောင်း အခြားသော ITF-အဖွဲ့ဝင် သမဂ္ဂများနှင့်သော်လည်းကောင်း အလုပ်အကိုင် လုပ်ခ သဘောတူစာချုပ်များအတွက် ညှိနှိုင်းဆွေးနွေးမှုလုပ်ရန် ငြင်းဆိုနေသေးလျက်ရှိသည်။ ကျွန်တော်တို့အနေဖြင့် FOC သင်္ဘောအုပ်စု တစ်လျှောက် အလုပ်သမားများအတွက် စံနှုန်းများ မြှင့်တင်ပေးရန် ITF နှင့်ပူးပေါင်းလုပ်ကိုင်ရန်အတွက် ဘလူမင်တဲလ် ဥက္ကဋ္ဌဖြစ်သူ Matthias-K Reith ထံပေးပို့သည့် ကျွန်တော်တို့၏ ဖိတ်ကြားလွှာအပေါ် အပြုသဘောတုံ့ပြန်မှုအတွက် စောင့်ဆိုင်းနေလျက်ရှိပါသေးသည်။ တာဝန်သိတတ်သော သင်္ဘောစင်းလုံးငှါးသူများသည် သင်္ဘောများကို ငှါးရမ်းသည့်အခါ ITF-ထောက်ခံသည့် သင်္ဘောများကို ငှါးရမ်းနေကြပြီး သင်္ဘောသားများအပေါ် ခေါင်းပုံဖြတ်မှုနှင့် မတရားနှိပ်စက်မှု လုပ်စေသည့် စည်းမျဉ်းကြပ်မတ်မှုမရှိသော FOC စနစ်မှာ အန္တရာယ်ရှိပြီး သူတို့အနေဖြင့် မလိုလားကြောင်း ကျွန်ုပ်တို့ သူ့အား သတိပေးပြီးဖြစ်ပါသည်။

ဘလူမင်တဲလ်အနေဖြင့် ပြောင်းလဲမှုလုပ်ရန်၊ ပင်လယ်ရေကြောင်းလုပ်ငန်းကဏ္ဍကို တိုးတက်အောင်လုပ်ရန်နှင့်တကွ သင်္ဘောသားများ၏ အခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် အလုပ်လုပ်ကိုင်ရာ အခြေအနေများကို အာမခံပေးရန် ငြင်းဆိုနေကြောင်း မြင်သာနေပါသည်။ ITF အနေဖြင့် ဆက်လက်၍ သတိထားစောင့်ကြည့်မည်ဖြစ်ပြီး ဤမသမာသော လုပ်ငန်းလုပ်ကိုင်သူအပေါ် ဆက်လက် ဖိအားပေးနေမည်ဖြစ်ပါသည်။ ■




# စိစစ်ရေးအားဖြင့် April Dream သင်္ဘောသားများအတွက် ကြီးမားသော တိုးတက်မှုများ ဖြစ်ပေါ်



**နောက်ဆက်တွဲ-ထပ်မံစိစစ်ရေးသည် သင်္ဘောပိုင်ရှင်က မိမိ၏ ယခင် ယိုယွင်းမှု အများစုကို ပြန်လည်တည့်မတ်ပြုပြင်ခဲ့ကြောင်း တွေ့ရှိခဲ့သည်ဟု ITF စိစစ်ရေးမှူး Milko Kronja က သတင်းပို့ပါသည်။**

Moldova-အလံတင်ထားသည့် April Dream အမည်ရှိသင်္ဘော ၂၀၁၉ ခုနှစ် မတ်လတွင် Croatia နိုင်ငံ Bakar ဆိပ်ကမ်း၌ သစ်ကုန်တင်နေစဉ် ယခင် ဖော်ထုတ်ပေးခဲ့သည့် ယိုယွင်းမှုများကို ပြင်ဆင်ထားခြင်း ရှိမရှိ စိစစ်ရန် ITF သည် သင်္ဘောပေါ် တက်ရောက်ခဲ့သည်။

ITF သို့ တိုင်တန်းချက်များတွင် ပါဝင်သည်မှာ လုပ်ခများပေးရန်နှောင့်နှေးကြန့်ကြာမှု၊ လုံလောက်မှုမရှိသော အစားအစာနှင့် 43-နှစ် အရွယ် သင်္ဘောသား တစ်ဦးအား တက်ရောက်ကြည့်ရှုရန် ဆရာဝန်တစ်ဦးကို ခွင့်မပြုမှုတို့ ဖြစ်သည်။

ဤဒုတိယအကြိမ် စိစစ်ရေးက ဖော်ပြခဲ့သည်မှာ Marshalls ကျွန်းများမှ ဖြစ်သည့် Concordia Maritime ပိုင်ရှင်နှင့် Blue Bay Investments Ltd မန်နေဂျာများသည် ယိုယွင်းမှုအချို့ကို ပြင်ဆင်ပေးရန် ဆိပ်ကမ်း အခြေအနေ ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် သင်္ဘောသား ၁၃ ဦးအတွက် နှစ်လစာ လုံလောက်သည့် အစားအစာ ရေခဲသေတ္တာအပြည့်ဖြင့် တွေ့ရှိခဲ့ရသည်။ သင်္ဘောအခန်းများမှာ ကောင်းကောင်းမွန်မွန်ရှိကြပြီး အဝတ်လျှော်စက်များမှာ ကောင်းကောင်းမွန်မွန် လည်ပတ်နေပါသည်။ သင်္ဘောသားတို့သည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး သွားဆရာဝန် လာရောက်မှုကို သဘောတူခဲ့ကြသည်။

ဇန်နဝါရီလအတွက် နောက်ကြောင်းပြန်ပေးမည့် လုပ်ခများကို ပေးပြီးဖြစ်ပြီး မာလိန်မှူးက ပြောကြားခဲ့သည်မှာ (သူ့အနေဖြင့် သက်သေ မပြသနိုင်သော်လည်း) ကုမ္ပဏီအနေဖြင့် ဖေဖော်ဝါရီလအတွက် လုပ်ခများကို စီစဉ်ပြီးဖြစ်သည်ဟုဆိုပါသည်။ သင်္ဘောသည် လုပ်ခပေးခြင်းနှင့်ပတ်သက်ပြီး MLC ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ထားခြင်း မရှိတော့ပါ။

April Dream သင်္ဘောပေါ် ရှိ လစဉ် လုပ်ခများမှာ ILO အနည်းဆုံးလုပ်ခထက် နိမ့်ကျသော်လည်း ယခုတွင် ကျွန်တော်တို့အနေဖြင့် ပိုင်ရှင်အား သတိပေးမှုကိုသာ ပေးနိုင်သည် အဘယ်ကြောင့်ဆိုသော် ILO အနည်းဆုံး အခြေခံလုပ်ခအရ ပေးရခြင်းကို ရေကြောင်းဆိုင်ရာ အလုပ်သမား စာချုပ် (Maritime Labour Convention) မှ အကြံပြုချက်အဖြစ်သာ မှတ်ယူရန်ဖြစ်သောကြောင့်ဖြစ်ပါသည်။

သင်္ဘောသားတို့နှင့် အင်တာဗျူးမေးမြန်းစဉ် အထူးသဖြင့် ဆီးရီးယားနှင့် အီဂျစ် သင်္ဘောသားများသည် သင်္ဘောပေါ် ရှိ အခြေအနေများကို ကျေနပ်ကြောင်း ထုတ်ဖော်ခဲ့ပါသည်။ ■



# သင်္ဘောသားများ၏ အခွင့်အရေးများအား ဖောက်ဖျက်မှုများကြောင့် ထုထယ်ကြီးကုန်တင်သင်္ဘောအား ဩစတြေးလျနိုင်ငံ ပိတ်ပင်

**ITF စိစစ်ရေးအားဖြင့် ထုထယ်ကြီးကုန်တင် သင်္ဘော နှစ်စီး ဩစတြေးလျနိုင်ငံ ဆိပ်ကမ်းများတွင် သင်္ဘောသားများ၏ အခြေခံအကျဆုံး အခွင့်အရေးများကို ဖောက်ဖျက်ခြင်းအတွက် တစ်ရက် ပိတ်ပင်ခံရခြင်းသို့ ဦးတည်ခဲ့သည်**




> "Xing Jing Hai ၏ လုပ်ငန်းလုပ်ကိုင်သူက မိမိ၏ သင်္ဘောသားများအား အသေအချာလုပ်ခပေးရန် စနစ်တကျ ပျက်ကွက်မှုကို ပြသခဲ့စဉ် Fortune Genius အမည်ရှိ သင်္ဘော၏ လုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏ သင်္ဘောသားများအပေါ် မရိုးသားမှုနှင့် တောမီးလောင် တောကောင်ချနင်းပုံစံ ပြုမူခဲ့သည်။"

**AMSA** (ဩစတြေးလျနိုင်ငံ ဆိပ်ကမ်းအခြေအနေ ထိန်းချုပ်ရေး)

Gladstone မြို့ရှိ Fortune Genius သင်္ဘောနှင့် Brisbane မြို့ရှိ Xing Jing Hai သင်္ဘောတို့ကို ဩစတြေးလျနိုင်ငံ ပင်လယ်ရေကြောင်း လုံခြုံရေး အာဏာပိုင် (Australian Maritime Safety Authority (AMSA)) က ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့၌ ပင်လယ်ရေကြောင်းဆိုင်ရာ အလုပ်သမား စာချုပ် (Maritime Labour Convention (MLC)) ၏ အလုံးစုံဖောက်ဖျက်မှုတစ်ခု ဖြစ်သော သင်္ဘောသားများအား သူတို့၏ လုပ်ခများကို အပြည့်နှင့် အချိန်မှီ ပေးရန်ပျက်ကွက်မှု အတွက် ၁၂ လနှင့် ၁၈ လစီ အသီးသီး ပိတ်ပင်ခဲ့ပါသည်။

ITF သည် Panama-အလံတင်ထားသည့် Fortune Genius သင်္ဘောပေါ်သို့ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့၌ ၎င်းက Gladstone မြို့ ဆိပ်ကမ်းတွင် ကပ်ကပ်ချင်း သင်္ဘောသားများက သူတို့အနေဖြင့် လုပ်ခကြွေးကျန် ဒေါ်လာ ထောင်ပေါင်း ဆယ်နှင့်ချီ၍ ရရန်ရှိကြောင်း တိုင်ကြားချက်အရ သင်္ဘောပေါ် တက်ရောက်ခဲ့သည်။

သင်္ဘောကို တရုတ်ပြည်၌ အခြေစိုက်သည့် Marine Fortune Union Company က ပိုင်ဆိုင်ပြီး New Fortune Genius Management Limited ကုမ္ပဏီခွဲက စီမံအုပ်ချုပ်သည်။ အဆိုပါသင်္ဘောကို ကိုးရီးယားကုမ္ပဏီ Five Ocean Corporation က Gladstone မြို့မှ ကျောက်မီးသွေးများကို South Korea နိုင်ငံ Taean မြို့သို့ သယ်ဆောင်ရန်အတွက် စင်းလုံးငှါးခဲ့သည်။

သင်္ဘောပေါ်တွင် ဧပြီလနှင့် ဩဂုတ်လအကြား ဒေါ်လာ USD8,000 နှင့် USD10,000 အကြားရှိ ငွေကို တစ်ဦးစီအား တမင်တကာ မပေးဘဲ ခံနေရသည့် မြန်မာနိုင်ငံမှ သင်္ဘောသား ရှစ်ဦး ရှိခဲ့သည်။

အဆိုပါလူများက ကျွန်တော်တို့အား ပြောကြားခဲ့သည်မှာ သူတို့အား အနိုင်အထက်ပြုပြီး အတင်းအားဓမ္မ လုပ်ခမပေးခဲ့ဘဲ အချိန်နာရီ ကျော်လွန်စွာ အလုပ်ခိုင်းခဲ့သည်။ သူတို့သည် မြန်မာနိုင်ငံသို့ ပြန်ပို့ပေးပါရန် မေတ္တာရပ်ခံခဲ့သည် အဘယ်ကြောင့်ဆိုသော် သူတို့သည် အကယ်၍ သင်္ဘောပေါ် ဆက်လက်နေနေလျှင် သူတို့၏ လုံခြုံရေးကို စိုးရိမ်ခဲ့သောကြောင့်ဖြစ်ပါသည်။

ကျွန်တော်တို့သည် လိမ်လည်လှည့်ဖျားထားသော စာရွက်စာတမ်းများကိုလည်း တွေ့ရှိခဲ့သည်၊ လုပ်ခ ခိုးယူမှုကို ဖုံးကွယ်ရန် အသုံးပြုခဲ့ပြီး MLC ကိုဖောက်ဖျက်ထားသည့် လုပ်ခစာရင်း နှစ်စုံအပါအဝင်ဖြစ်သည်။

ဆိပ်ကမ်းအခြေအနေ ထိန်းချုပ်ရေး AMSA သည် ချက်ချင်းဆိုသလိုပင် ကျွန်တော်တို့၏ တွေ့ရှိချက်များအပေါ် အရေးယူဆောင်ရွက်ခဲ့ပြီး သင်္ဘောအား ဖမ်းဆီးခဲ့သည်။

သင်္ဘောသားများအား ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် သူတို့အကြား၌ ဒေါ်လာ USD69,987.72 ဖြင့် အိမ်ပြန်ပို့ခံခဲ့ရသည်။ လူတစ်ဦးစီအတွက် လုပ်ခ လက်ကျန် နှစ်လစာအပြည့်၊ ယခင် သုံးလအတွက် သူတို့၏ လစာတွင် ကျန်နေသေးသည့် လုပ်ခနှင့်တကွ ITF's Hong Kong အဖွဲ့ဝင်များနှင့် ချုပ်ဆိုထားသည့် အလုပ်အကိုင် လုပ်ခ သဘောတူစာချုပ်အရ အခြေခံလုပ်ခ နောက်ထပ် နှစ်လစာရရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့သည်။

ကျွန်တော်တို့သည် Xing Jing Hai သင်္ဘောတွင် တမင်တကာ လုပ်ခမပေးသည့် အလားတူ ကိစ္စရပ်ကိုလည်းတွေ့ရှိခဲ့သည်။ သင်္ဘောသားများအား မေလနှင့် ဇွန်လအတွက် နောက်ကျပြီးမှ လုပ်ခပေးခဲ့ပြီး ဒေါ်လာ USD103,070 ကျော် တင်ရှိနေသေးသည့် ဇူလိုင်လနှင့် ဩဂုတ်လအတွက် လုပ်ခများမှာ ပေးရန်ကျန်ရှိနေသေးသည်။ ITF ၏ စိစစ်ရေးလုပ်ပြီးနောက် ၂၄ နာရီအတွင်း လုပ်ခများကို ပေးခဲ့ပြီးကြောင်း သင်္ဘောသားများအနေဖြင့် သင်္ဘောပေါ်၌ နေခဲ့ပြီး အတည်ပြုပေးခဲ့သည်။

လုပ်ငန်းလုပ်ကိုင်သူဖြစ်သည့် Dalian Ocean Prosperity International Ship Management ကို နှမတော် သင်္ဘောဖြစ်သည့် Xing Ning Hai သင်္ဘောပေါ်တွင် Tasmania ပြည်နယ်၌ လုပ်ခမပေးသည့်အပေါ် ယခင်က သတိပေးခဲ့ပြီးဖြစ်သည်။ ■



# ITF သည် ထိုင်ဝမ် FOC သင်္ဘောများအပေါ် အမှုများ တည်ဆောက်

**ITF တစ်နိုင်ငံလုံးဆိုင်ရာ ညှိနှိုင်းရေးအရာရှိ Dean Summers နှင့် လက်ထောက် ညှိနှိုင်းရေးအရာရှိ Matt Purcell တို့သည် ထိုင်ဝမ် အလံအငှါးတင်ထားသည့် (FOC) သင်္ဘောများ တစ်အုပ်စုလုံးတွင် ITF သဘောတူစာချုပ်များအား တစ်သမတ်တည်း ဖောက်ဖျက်မှုကို ရှုတ်ချလိုက်သည်။**

2019 ခုနှစ် စောစောပိုင်းတွင် ITF သည် ဒေါ်လာ သန်းပေါင်း USD3 သန်း လုပ်ခကြွေးကျန် ပြန်ပေးရန် ထိုင်ဝမ် ကုမ္ပဏီ SW သင်္ဘောလုပ်ငန်းမှ တောင်းခံလိုက်သည်။ ၎င်းတွင် ၎င်းတို့၏ မြန်မာ သင်္ဘောသားများမှ ထိမ်ချန်ထားသည့် လုပ်ခများအပြင် ITF TCC စာချုပ်နှင့် ကုမ္ပဏီ၏ နိမ့်ကျသော လုပ်ခ စကေးတို့အကြား ကွာဟငွေတို့ ပါဝင်ပါသည်။ အဆိုပါ နှစ်နှောင်းပိုင်းတွင် နှမတော် ကုမ္ပဏီဖြစ်သည့် Wisdom Maritime တွင်လည်း ပို၍ပင် ကြီးမားသည့် ပြဿနာတစ်ခု ဖြစ်လာခဲ့ပါသည်။

> “ Wisdom ၏ သင်္ဘောများသည် အိမ်ပို့သည့် လုပ်ခများအတွက် မှားယွင်းသော လက်ခံဖြတ်ပိုင်းများကို ပေးနေကြောင်း ကျွန်တော်တို့ ယုံကြည်ပါတယ်။ မကြာသေးမီက ပေးလိုက်တဲ့ သင်္ဘော ရှစ်စီးအတွက် Telex အချက်အလက်တွေက ကျွန်တော်တို့ရဲ့ သံသယဖြစ်မှုတွေကို မြင့်တင်ပေးခဲ့တာဟာ ၎င်းရဲ့ နှမတော် သင်္ဘောကုမ္ပဏီ SW Shipping လိုဘဲ ITF သဘောတူစာချုပ် လုပ်ခ သတ်မှတ်ချက်တွေရဲ့ ထက်ဝက်ကိုသာ ပေးနေပါတယ်။”

Wisdom တွင် ထုထယ်ကြီး သင်္ဘော အစီး 130 ရှိပြီး ကမ္ဘာ့ ထုထယ်ကြီး ဈေးကွက် ကုန်သွယ်ရေးတွင် အလံအငှါးတင် FOC သင်္ဘောများဖြင့် လုပ်ကိုင်ခဲ့ပါသည်။ Matt Purcell ဆိုသူသည် တရုတ်၊ မြန်မာ၊ ဗီယက်နမ် သင်္ဘောသားများအပေါ် လုပ်ခနိမ့်ချပေးခြင်းမှတစ်ဆင့် စနစ်တကျ ခေါင်းပုံဖြတ်မှုကို ဖော်ထုတ်ရန် အပြည်ပြည်ဆိုင်ရာအားဖြင့် အားထုတ်၍ ညှိနှိုင်းနေလျက် ရှိပါသည်။

Wisdom ၏သင်္ဘောများသည် အိမ်ပို့သည့် လုပ်ခများအတွက် မှားယွင်းသော လက်ခံဖြတ်ပိုင်းများကို ပေးနေကြောင်း ကျွန်တော်တို့ ယုံကြည်ပါတယ်။ မကြာသေးမီက ပေးလိုက်သည့် သင်္ဘော ရှစ်စီးအတွက် Telex အချက်အလက်များက ကျွန်တော်တို့၏ သံသယဖြစ်မှုတွေကို မြင့်တင်ပေးခဲ့သည်မှာ Wisdom သည် ၎င်း၏နှမတော် သင်္ဘောကုမ္ပဏီ SW Shipping ကဲ့သို့ပင် ITF သဘောတူစာချုပ် လုပ်ခ သတ်မှတ်ချက်များ၏ ထက်ဝက်ကိုသာ ပေးနေပါသည်။

သိသာထင်ရှားလှသော Wisdom ၏ အာဏာရှင်ဆန်ဆန် ဥပမာတစ်ခုမှာ လူငယ်သင်္ဘောသား တစ်ဦးအား ITF နှင့် စကားပြောဆိုသည်ဟု သံသယဖြစ်၍ ဘာဆီလိုးနားမြို့၌ သင်္ဘောပေါ်မှ ဆင်းခိုင်းလိုက်ပြီး တရုတ်နိုင်ငံသို့ ပြန်ပို့လိုက်သည်။ ၎င်းကိစ္စ ITF အား သတင်းပို့ခဲ့သည်မှာ ကုမ္ပဏီ ကိုယ်စားလှယ်များသည် ရှန်ဂိုင်းမြို့ လေယာဉ်ကွင်း၌ သူ့အား တွေ့ဆုံခဲ့ပြီး ရဲစခန်းသို့ခေါ်ဆောင်သွားကာ သူ့အား ရိုက်နက်ပြီး ဖမ်းချုပ်ထားသည်ဆိုပါသည်။

နောက်တစ်နေ့၌ သင်္ဘောသား၏ ညီအစ်မဖြစ်သူက ITF အား ဆက်သွယ်ခဲ့ပြီးတင်ပြသည်မှာ သူ့အနေဖြင့် ကုမ္ပဏီနှင့် ပတ်သက်၍ ဘာပြဿနာမျှ မရှိတော့ကြောင်း လုပ်ခအားလုံး ရရှိပြီးဖြစ်ကြောင်းနှင့် သူ့အနေဖြင့် Wisdom အပေါ် နောက်ထပ် စုံစမ်းစစ်ဆေးမှုလုပ်ရန် မလိုလားကြောင်းဖြစ်ပါသည်။ ၎င်းကိစ္စဖြစ်ပြီးကတည်းကစ၍ သင်္ဘောသားမှာ ဖမ်းဆီးမခံရတော့ကြောင်းနှင့် သူ၏ သာယာရေးကို နောက်ထပ် ခြိမ်းခြောက်မှုများ သတင်းပို့မထားတော့ကြောင်းဖြစ်သည်ဟု ITF က အတည်ပြုခဲ့သည်။

အခွင့်သာသောအားဖြင့် Wisdom သင်္ဘောများအနက် နှစ်စင်းသည် မဲလ်ဘုန်းမြို့နှင့် နယူးကပ်စတဲလ်မြို့တွင် သင်္ဘောပေါ် တက်ရောက်ခံရပြီး ကျွန်ုပ်တို့စွပ်စွဲထားသည့် လုပ်ခခိုးယူမှုကို ထောက်ခံထားသည့် သက်သေအထောက်အထားကို သိမ်းယူခံခဲ့ရသည်။ မဲလ်ဘုန်းမြို့၌ ဒေသခံ ကိုယ်စားလှယ်များသည် Matt က သင်္ဘောပေါ် တက်ရောက်ခြင်းကို တားမြစ်ရန်ကြိုးစားခဲ့ပြီး အတော်ကြာကြာ အခြေအတင်ဖြစ်ပြီးမှသာ သြစတြေးလျနိုင်ငံ၊ ဗစ်တိုးရီးယား ပြည်နယ် ပင်လယ်ရေကြောင်း သမဂ္ဂ ဌာနခွဲ (MUA) ၏ အားပေးထောက်ခံမှုကြောင့် သူ့အနေဖြင့် သင်္ဘောပေါ်သို့ တက်ရောက်နိုင်ခဲ့သည်။

လောလောဆယ်အဆင့်တွင် ကျွန်ုပ်တို့သည် Wisdom နှင့် SW Shipping နှစ်ခုလုံးအပေါ် အမှုတည်ဆောက်နေပြီး ဤသင်္ဘောများကို အဘယ်ကြောင့် ဖမ်းဆီးရုံသာမကဘဲ သြစတြေးလျနိုင်ငံ ဆိပ်ကမ်းများမှ တားဆီးသင့်ကြောင်း သြစတြေးလျနိုင်ငံ အာဏာပိုင်များထံသို့ ရှင်းလင်းတင်ပြရန် ရှာကြံမည်ဖြစ်ပါသည်။ ■






# စိစစ်ရေးမှူးများသည် Gulf Mishref ကို နောက်ယောင်ခံလိုက်

**မြောက်မြားစွာသော ဆိပ်ကမ်းများရှိ ITF စိစစ်ရေးမှူး ကိုးဦးသည် ၂၀၁၉ ခုနှစ်၌ လုပ်ခများကို အချိန်မီ ပေးရန် အကြိမ်ကြိမ်ပျက်ကွက်မှုကြောင့် Gulf Mishref ကို နောက်ယောင်ခံလိုက်နေခဲ့ကြသည်။ ချီလီနိုင်ငံရှိ ITF စိစစ်ရေးမှူးဖြစ်သူ Juan Villalon-Jones သည် အဆိုပါ အကြောင်းချင်းရာကို ပြောပြသည်။**

လိုင်ဘေးရီးယန်း-အလံတင်ထားသော Gulf Mishref ရေနံတင်သင်္ဘောကို စိစစ်ရေးမှူး Enrique Lozano ဖြစ်သူက မေလ ၅ ရက်နေ့တွင် မက္ကစီကိုနိုင်ငံ ဗီရာကရုစ်မြို့တွင် ပထမဦးဆုံးအကြိမ် ဖမ်းဆီးခဲ့သည်။ လစာလုပ်ခများကို နှစ်လအတွက် ပေးရန် နောက်ကျနေပြီး သင်္ဘောသားများ၏ အလုပ်ခန့်စာချုပ် အများစုမှာ သက်တမ်းကုန်ဆုံးနေပြီးဖြစ်သည်။ Dubai, Gulf Nav ရှိ စီမံအုပ်ချုပ်ရေး ကုမ္ပဏီသည် အိန္ဒိယ သင်္ဘောသားများအား ပေးရန်ရှိသည့် လုပ်ခများဖြစ်သည့် ဒေါ်လာ USD176,998 ကို ပေးခဲ့ပြီး ယူကရိန်း သင်္ဘောသား လေးဦးအား သူတို့အိမ် ပြန်ရောက်ရောက်ချင်း ပေးချေပါမည်ဟု ကတိပြုခဲ့သည်။ သင်္ဘောမှာ ပြန်လွှတ်ပေးခံခဲ့ရပြီး ပနားမားသို့ ထွက်ခွာခဲ့သည်။

ဇွန်လ ၂၅ ရက်နေ့တွင် စိစစ်ရေးမှူးဖြစ်သူ Luis Fruto သည် ပနာမားနိုင်ငံ ဘာလ်ဘိုဝါမြို့ရှိ ဆိပ်ကမ်းအခြေအနေ ထိန်းချုပ်ရေး (PSC) အား အလုပ်ခန့်စာချုပ် သက်တမ်းကျော်လွန်နေပြီးဖြစ်သည့် သင်္ဘောသားများအား လုပ်ခ မပေးသည့်အကြောင်း တိုင်တန်းချက်အသစ်ကြောင့် Gulf Mishref သင်္ဘောပေါ်သို့ တက်ရောက်ရန် တောင်းဆိုခဲ့သည်။ သင်္ဘောအား ဖမ်းဆီးခဲ့သည်။ နောက်ဆုံး၌ ကုမ္ပဏီသည် လုပ်ခကြွေးကျန်ဖြစ်သည့် ဒေါ်လာ USD5,000 ကို ပေးခဲ့သော်လည်း မက္ကစီကိုနိုင်ငံ၌ နေရစ်ခဲ့သည့် ယူကရိန်း လေးယောက်အား ပေးရန်ငြင်းဆိုခဲ့သည်။ သင်္ဘောသည် အမေရိကန်နိုင်ငံ ဟူစ်စတန်မြို့သို့ ထွက်ခွာခဲ့ပြီး ၎င်းနေရာတွင် ဩဂုတ်လ ၄ ရက်နေ့၌ စိစစ်ရေးမှူး ရှေ့ထွန်းအောင်က ဆက်လက်၍ နောက်ထပ် လုပ်ခကြွေးကျန်အပေါ် ဝင်ရောက်တောင်းဆိုရာ ဒေါ်လာ USD145,542 ကို နောက်ပြန်ပေးလုပ်ခအဖြစ် အောင်မြင်စွာ ပြန်ရခဲ့သည်။

အောက်တိုဘာလ ၂ ရက်နေ့တွင် Gulf Mishref သင်္ဘောသည် ပြင်သစ်နိုင်ငံ လီဟာဗာမြို့သို့ ဆိုက်ရောက်ခဲ့သည်။ သင်္ဘောသား အများအပြားသည် သူတို့၏ လုပ်ခများကိုပေးရန် ကုမ္ပဏီသည် နောက်ထပ် ပျက်ကွက်ခဲ့သည်ဟု စွပ်စွဲခဲ့ပါသည်။ PSC စိစစ်ရေး နှစ်ခု လုပ်ပြီးနောက် သင်္ဘောသည် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ်နှင့် ပင်လယ်ရေကြောင်း အလုပ်သမား စာချုပ် နှစ်ခုလုံးအရ ယိုယွင်းပျက်ကွက်မှုများကြောင့် ဖမ်းဆီးခံခဲ့ရသည်။ ITF စိစစ်ရေးမှူးဖြစ်သူ Corine Archambaud (အထက် ဓါတ်ပုံရှင်) က သင်္ဘောပေါ် တက်ရောက်ခဲ့သည့်အခါ သူမသည် လုပ်ခစာရင်းများနှင့် သင်္ဘောသားများ၏ အလုပ်ခန့်စာချုပ်များ (SEAs) ကို စစ်ဆေးခဲ့ပြီး ခိုင်မာသည့် သင်္ဘောသား အယောက် 20 ကို လူတွေ့မေးမြန်းခဲ့ပါသည်။ သူမက ဩဂုတ်လနှင့် စက်တင်ဘာလ လုပ်ခများမှာ မပေးချေရသေးကြောင်း၊ ရာထူးနေရာ နှစ်နေရာစာအတွက် လုပ်ခများမှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း၏ အနည်းဆုံးလုပ်ခထက် နိမ့်ကျနေပြီး SEAs တွင် မမှန်မကန် တွက်ချက်ထားသည့် ခွင့်များ ပါရှိခဲ့ကြောင်း တွေ့ရှိခဲ့သည်။ သူမသည် သင်္ဘောသား တစ်ဦးချင်း အတွက် ITF လုပ်ခ တောင်းခံချက်များကို PSC နှင့် ကုမ္ပဏီသို့ တင်ပို့ခဲ့သည်။

အတော်အတန်ကြာ ဆွေးနွေးမှုများလုပ်ပြီးနောက် ကုမ္ပဏီသည် နောက်ပြန်ပေးလုပ်ခ ဒေါ်လာ USD103,550 ကို သင်္ဘောသားများ၏ ဘဏ်စာရင်းထဲသို့ ထည့်ပေးရန်သဘောတူခဲ့ပြီး ခွင့်အတွက် ငွေသား လက်ကျန်ပေးငွေ ဒေါ်လာ USD2,207 ကို နောက်တစ်ကြိမ် ခရီးဆုံးဖြစ်သည့် ဘဲလ်ဂျီယံနိုင်ငံ၊ Antwerp မြို့ ဆိုက်ရောက်စဉ်ပေးမည်ဟု သဘောတူခဲ့သည်။

သင်္ဘောအား Le Havre မြို့မှ လွှတ်ပေးခဲ့ပြီး Antwerp မြို့၌ ပေးချေခဲ့ကြောင်းနှင့် SEAs စာချုပ်များကို ပြင်ဆင်ခဲ့ကာ ရိုးရိုးသင်္ဘောသား (OS) နှင့် စားဖိုခန်းသင်္ဘောသား လုပ်ခနှုန်းများကို ILO အနည်းဆုံးလုပ်ခသို့ မြှင့်တင်ပေးခဲ့ကြောင်း စိစစ်ရေးမှူး Marc Van-Noten က သက်သေပြုခဲ့သည်။

ကျွန်ုပ်သည် ဤကဲ့သို့သော အကြိမ်ကြိမ်လုပ်ရပ်နှင့် ပတ်သက်ပြီး ပြင်သစ်နိုင်ငံရှိ PSC သို့ တိုင်တန်းချက်အသစ်ကို တင်သွင်းခဲ့ကာ Antwerp ရှိ PSC သို့အကြောင်းကြားပေးရန် သူတို့အား တောင်းဆိုခဲ့သည်။ ကျွန်ုပ်သည် ကုမ္ပဏီနှင့်အတူ အလံတင်ထားသည့်နိုင်ငံတို့ကို အကြောင်းကြားပေးခဲ့ပြီး ILO သို့ တိုင်တန်းချက် တင်သွင်းခဲ့သည်။ နယ်သာလန်နိုင်ငံ၊ ရော်တာထမ်မြို့၌ အောက်တိုဘာလ ၁၄ ရက် နောက်တစ်ကြိမ် သင်္ဘောဆိုက်ကပ်မည့် ဆိပ်ကမ်းတွင် စိစစ်ရေးမှူးများဖြစ်သည့် Gijs Mol နှင့် Koen Keehnen တို့သည် ယူကရိန်း လေးဦး ရရန်ရှိသည့် ဒေါ်လာ USD7,655 ကိုပေးစေရန် Gulf Nav အား စည်းရုံးရာတွင် ဤအထောက်အထားကို အသုံးပြုခဲ့ပါသည်။ သင်္ဘောသားများက ကျွန်ုပ်တို့အား အကြောင်းကြားခဲ့သည်မှာ သူတို့ ငွေလက်ခံရရှိပြီးဖြစ်ကြောင်း၊ အမှုကိစ္စမှာ ဖြေရှင်းပြီးဟု ထင်မြင်ကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ်နှင့် လိုင်ဘေးရီးယားသို့ တင်သွင်းသည့် MLC တိုင်တန်းချက်ကို ရုပ်သိမ်းကြောင်း ဖြစ်ပါသည်။

သို့သော်လည်း ထိုသို့မဟုတ်ပါ။ အမ်စတာဒန် လူဝင်မှုကြီးကြပ်ရေး ရဲများက ညအချိန်၌ Gulf Mishref သင်္ဘောပေါ် တက်ရောက်ခဲ့ကာ SEAs စာချုပ် ငါးခုကို မတွေ့ရှိခဲ့ပါ။ သင်္ဘောသားများ အထိပ်အလန့်ဖြစ်ခြင်းနှင့်အတူ Gijs သည် သင်္ဘောပေါ်သို့တက်ရောက်ခဲ့ပြီး ရဲများပါဝင်လုပ်စေရန်အတွက် သင်္ဘောသားများအား ခွင့်ပြုပေးရန် ကုမ္ပဏီကို ပြောခဲ့သည်။

Gulf Mishref သင်္ဘောသည် Estonia နိုင်ငံ Paldiski မြို့သို့ ထွက်ခွာခဲ့သည်။ မီးဖိုခန်းသင်္ဘောသားဖြစ်သူသည် စိစစ်ရေးမှူးဖြစ်သူ Jaanus Kuiv အားဖုန်းခေါ် ပြီး ပြောသည်မှာ သူ၏ အလုပ်ခန့်စာချုပ်မှာ သက်တမ်း ကုန်ဆုံးပြီး ဖြစ်ကြောင်းနှင့် ကုမ္ပဏီသည် သူ့အား မှန်ကန်သော ILO လုပ်ခနှုန်းများ ပေးခြင်းမရှိဘဲ အိမ်ပြန်ပို့ခါနီးဖြစ်ကာ မည်သည့်သင်္ဘောသားကိုမျှ အောက်တိုဘာလအတွက် လုပ်ခ မပေးရသေးကြောင်းဖြစ်ပါသည်။ ကျွန်ုပ်သည် လိုင်ဘေးရီးယားနိုင်ငံနှင့် ပြင်သစ် PSC တို့ကို ပြန်ဆက်သွယ်ခဲ့ပြီး Jaanus က ကုမ္ပဏီအား သတိပေးချက် ပေးခဲ့စဉ် တိုင်တန်းချက်အသစ်ကို တင်ပြပေးလိုက်သည်။ ကုမ္ပဏီသည် မီးဖိုချောင်သင်္ဘောသားနှင့် ရိုးရိုးသင်္ဘောသား (OS) တို့အား သူတို့ရရန်ရှိသည့် ဒေါ်လ (USD2,100 နှင့် USD1,900 အသီးသီး) ကို ပေးခဲ့သော်လည်း နိုဝင်ဘာလ အလယ်လောက်တွင် ITF သည် အောက်တိုဘာလ လုပ်ခများအတွက် တိုက်ပွဲဝင်နေသေးလျက်ရှိသည်။ ■

## လုပ်ခပေးခြင်းနှင့်ပတ်သက်၍ ပြဿနာရှိသလား။

**သင့်လုပ်ခအပြည့် ရရန်နှင့်ပတ်သက်ပြီး ပြဿနာတစ်ခုခု သင့်တွင် ရှိပါသလား။ အကယ်၍ သင့်တွင်ရှိလျှင် သင့်ကုမ္ပဏီမှာ စီးပွားဆိုင်ရာ အခက်အခဲရှိနေကြောင်းပြသသည့် သင်္ကေတတစ်ခု ဖြစ်နိုင်သည်။ သင့် သမဂ္ဂ၊ ITF စိစစ်ရေးမှူးတစ်ဦး သို့မဟုတ် ITF ကို သင်၏ လုပ်ခများနှင့် အလုပ်အကိုင်ကို အကာအကွယ်ပေးရန်အတွက် အမြန်ဆုံး seafsupport@itf.org.uk ဖြင့်ဆက်သွယ်ပါ။**

**သင် စွန့်ပစ်ထားခံရကြောင်း စဉ်းစားကြည့်ပါသလား။ စာမျက်နှာ ၁၈ ပါအကြံဉာဏ်ပေးချက်ကို ဖတ်ရှုပါ။**




# သမဂ္ဂ အောင်မြင်မှုသည် အလုပ်သင်အရာရှိ ငွေကြေးကိစ္စများအား ပံ့ပိုးပေး

**ကရိုးရှား အလုပ်သင်အရာရှိများသည် သူတို့ ငွေများများ ရရှိနေခြင်းကို အောင်ပွဲခံနေကြသည် ဟု ကရိုးရှား သင်္ဘောသားများ သမဂ္ဂ (Seafarers' Union of Croatia (SUC)) အထွေထွေ အတွင်းရေးမှူးဖြစ်သူ Neven Melvan ပြောပြီး သူ၏ သမဂ္ဂနှင့် ၎င်း၏ လူမှုရေးဆိုင်ရာ ဖက်စပ်ပါဝင်သူများ၏ အားထုတ်မှုများအတွက် ကျေးဇူးတင်လိုက်ပါသည်။**

လက်ဦးအနေဖြင့် အလုပ်သင်အရာရှိများသည် သူတို့၏ ကိုယ်ပိုင်ပင်စင်နှင့် ကျန်းမာရေး အာမခံကြေးများကို ပေးခဲ့ရသည်။

ယခုသော်၊ SUC ဆွေးနွေးမှုလုပ်ပြီးနောက် အစိုးရက အလုပ်သင်အရာရှိများအတွက် သူတို့၏ လစာငွေများနှင့် မဖြစ်မနေပေးရမည့် အာမခံကြေးများအတွက် ငွေကြေးပူးတွဲကုန်ကျခံမည်ဖြစ်ကြောင်း ကရိုးရှား အစိုးရက သဘောတူညီခဲ့သည်။ 2019 ခုနှစ်တွင် အလုပ်သင်အရာရှိများသည် သူတို့ပေးခဲ့ပြီးဖြစ်သည့် အာမခံကြေးများကို ပြန်လည်ရရှိမည်ဖြစ်သည်။

ဤသို့အားဖြင့် လူငယ်လူရွယ် သင်္ဘောသားများအတွက် လုပ်ငန်းကဏ္ဍအပေါ် ပိုမိုစိတ်ဝင်စားမှုဖြစ်စေရန် ကြီးမားသည့် ပံ့ပိုးမှုတစ်ရပ်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အနာဂတ်ကာလ၌ အလုပ်သင်အရာရှိများအား အခွန်ပေးခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် ပင်လယ်ရေကြောင်း ဥပဒေ အသစ်တစ်ရပ်ကို သွတ်သွင်းချိန်ဖြစ်ခဲ့သည်။

ဤအောင်မြင်မှုများသည် ကရိုးရှား သင်္ဘောလုပ်ငန်း လုပ်ငန်းကဏ္ဍတွင် SUC ၏လူမှုရေးဆိုင်ရာ ညှိနှိုင်းပြောဆိုမှုအတွက် အရေးကြီးပုံကို ထင်ဟတ်စေသည်။ ၎င်းသည် ကျွန်ုပ်တို့အတွက် ဦးစားပေးမှုတစ်ရပ်ဖြစ်သည်။ 2019 ခုနှစ် ဧပြီလ၌ ကရိုးရှားသို့ သူ့ခရီးစဉ်အတောအတွင်း ITF အထွေထွေ အတွင်းရေးမှူးဖြစ်သူ Stephen Cotton သည် SUC ၊ ကရိုးရှား သင်္ဘော လုပ်ကိုင်ရေး အသင်း (Croatian Ship Manning Association (CROSMA)) နှင့်တကွ မဲရ်နော့စ်စထရမ် သင်္ဘောပိုင်ရှင် အသင်း (Mare Nostrum Shipowner Association) တို့နှင့် သင်္ဘောသားများ၏ အလုပ်လုပ်ကိုင်ရာ အခြေအနေများကို မည်သို့ကာကွယ်ပေးရန်နှင့်ပတ်သက်ပြီး ဆွေးနွေးရန် တွေ့ဆုံခဲ့ကြောင်းကို ကျွန်ုပ်တို့ ကျေနပ်အားရ ခဲ့ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အဖွဲ့ဝင်များ၏ အလားအလာအပြည့်အဝအား အသိအမှတ်ပြုရန် သေချာစေအောင် အတူတကွအားဖြင့် လေ့ကျင့်သင်တန်းပေးရေး စနစ်၏ အရည်အသွေးကို တိုးတက်စေရန် လုပ်ကိုင်နေပါသည်။ ဤကိစ္စအောင်မြင်စေရန်၊ SUC သည် တန်ချိန် 500 GT သို့မဟုတ် အထက်ရှိ သင်္ဘောများအတွက် Officer in Charge of Navigational Watch ရာထူးနေရာအဖြစ် သူတို့၏ အောင်လက်မှတ်များကို ရရှိရန်အတွက် စာမေးပွဲဖြေဆိုရန်လိုအပ်သည့် လူငယ်လူရွယ် သင်္ဘောသားများအား အခမဲ့ လေ့ကျင့်ပေးရေးကို စတင်လုပ်ပေးခဲ့သည်။ သင်္ဘောသားများ၏ အခွင့်အရေးများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ စာချုပ်များအကြောင်း အသိရှိမှုကို မြှင့်တင်ပေးစေရန် ကျွန်ုပ်တို့သည် ITF နှင့်အတူတကွ သမဂ္ဂ အပတ် အခမ်းအနား (Union Week) တစ်ခုကိုလည်း စီစဉ်ပေးခဲ့ပါသည်။ ■

# မဒီတာရင်းနီးယန်း "sea of convenience" သည် စံနှုန်းများကို မြှင့်တင်ပေးမည်

## ပင်လယ်ရေကြောင်း သင်္ဘောသားများ သမဂ္ဂ အခြားအလုပ်သမားများအား ဆက်သွယ်

**သီရိလင်္ကာ သင်္ဘောသားများ၏ နိုင်ငံလုံးဆိုင်ရာ သမဂ္ဂ (National Union of Seafarers Sri Lanka (NUSS)) ဥက္ကဋ္ဌဖြစ်သူ Palitha Athukorale သည် သင်္ဘောသားများနှင့်အတူ အခြား လုပ်ငန်းကဏ္ဍများရှိ ထိခိုက်လွယ်သည့် သယ်ယူပို့ဆောင်ရေး အလုပ်သမားများနှင့်အတူ မိမိ၏ စည်းရုံးရေးကို မြှင့်တင်ခဲ့သည်။**

2018 ခုနှစ်ကတည်းကစ၍ ကျွန်ုပ်တို့သည် ရိုးရိုး ဆိပ်ကမ်းအလုပ်သမားများနှင့် ငါးဖမ်းသမားများ၊ ကန်ထရိုက်စာချုပ်နှင့် လုပ်ကိုင်သည့် သယ်ယူပို့ဆောင်ရေး အလုပ်သမားများနှင့်၊ လတ်တလောအဖြစ်ဆုံး၊ ကိုယ်ပိုင်-လုပ် အငှါးယာဉ်တက္ကစီ မောင်းသူများ၊ သင်္ဘောသားများ အပါအဝင်တို့ကိုလည်း စည်းရုံးနေလျက်ရှိပါသည်။

ဤအခြားအလုပ်သမားများကို လက်လှမ်းဆက်သွယ်နေခြင်းအတွက် အကြောင်းရင်းမှာ အဘယ်နည်း။ အခြားသော သမဂ္ဂများအနေဖြင့် ၎င်းသူတို့ကို မစည်းရုံးလိုခဲ့ကြပါ အဘယ်ကြောင့်ဆိုသော် ဤအလုပ်သမားများကို ဆက်သွယ်ရန်မှာ အလွန့်အလွန် ခက်ခဲခြင်းကြောင့်ဖြစ်ပါသည်။ ဆက်သွယ်ရန်အချက်အလက် ပံ့ပိုးမှုမရှိသည့်အပြင် အတော်များများ အလုပ်သမားများကို အလုပ်ခန့်လုပ်ကိုင်နေလျက်ရှိသည့် ကန်ထရိုက်လုပ်သူများမှာ နိုင်ငံရေးအရ မြင့်မြင့်မားမား အဆက်အသွယ်ရှိနေလျက်ရှိကြသည်။ ကျွန်ုပ်တို့အနေဖြင့် အလုပ်ခွင်၌ သူတို့ ရင်ဆိုင်နေလျက်ရှိသည့် အခက်အခဲများကို ကူညီပေးခဲ့သည်။

ဥပမာ၊ ကျွန်ုပ်တို့သည် ကုန်တင်ဆိပ်တစ်ခုရှိ ကန်ထရိုက်စာချုပ်ဖြင့်လုပ်သည့် အလုပ်သမားများနှင့်ပတ်သက်သော မတော်တဆဖြစ်ရပ် နှစ်ခုတွင် ဝင်ရောက်ဖြေရှင်းပေးခဲ့သည်။ အလုပ်သမားတစ်ဦးမှာ သေဆုံးခဲ့သော်လည်း ကုန်တင်ဆိပ်ပိုင်ရှင်နှင့် ကန်ထရိုက်နှင့်လုပ်သည့်လုပ်ငန်းရှင် နှစ်ဦးလုံးမှာ တာဝန်ယူမှုကို ငြင်းဆိုခဲ့သည် သို့မဟုတ် မိသားစုကို ကူညီပေးရန် ငြင်းဆိုခဲ့သည်။ ကျွန်ုပ်တို့၏ အားထုတ်ဖြေရှင်းမှုမှတစ်ဆင့် မိသားစုသည် ကန်ထရိုက်စာချုပ်ဖြင့်လုပ်သည့် အလုပ်သမား အသေအပျောက်အတွက် အဆိုပါနိုင်ငံတွင် မရှိဘူးသေးသည့် အမြင့်မားဆုံး လျော်ကြေးကို ရရှိ အောင်မြင်ခဲ့သည်။ နောက်တစ်ခုကိစ္စတွင် အလုပ်သမားမှာ ခြေထောက်တစ်ချောင်း ဆုံးရှုံးခဲ့သည်၊ ဥရောပမှ အဆင့်မြင့်-အရည်အသွေးရှိသော ခြေထောက်အတုအတွက် ကုမ္ပဏီမှ အကုန်အကျခံလုပ်ပေးစေရန် ကျွန်ုပ်တို့ စွဲဆောင်ခဲ့ပြီး ကုမ္ပဏီက အဆိုပါလူအတွက် အသေးစား စီးပွားလုပ်ငန်းတစ်ခု ထူထောင်ပေးရန်ကိုလည်း သဘောတူခဲ့ပါသည်။ ကျွန်ုပ်တို့၏ ကူညီပံ့ပိုးမှုကြောင့် အဆိုပါ ကုန်တင်ဆိပ်ရှိ အားလုံးသော ကန်ထရိုက်စာချုပ်ဖြင့်လုပ်သည့် အလုပ်သမားများသည် ကျွန်ုပ်တို့၏ သမဂ္ဂကို ဝင်ရောက်ပူးပေါင်းခဲ့ကြသည်။




ဤမူဝါဒကြောင့် NUSS သည် အဖွဲ့ဝင်အသစ် အယောက် 7,600 ကို ဖြည့်ပေးခဲ့သည် - ၎င်းတို့အထဲမှ 1,600 ခန့်မှာ အမျိုးသမီးများဖြစ်ပြီး - သင်္ဘောသား 150 ၊ ဆိပ်ကမ်းအလုပ်သမား 900 နှင့် ငါးဖမ်းသမား 550 တို့အပါအဝင်ဖြစ်ပါသည်။ ၎င်းအရေအတွက်မှာ သီရိလင်္ကာနိုင်ငံတွင် ကြီးကြီးကျယ်ကျယ် သိသိသာသာ တိုးမြင့်မှုတစ်ခုဖြစ်ပါသည်။ ၎င်းအားဖြင့် သင်္ဘောသားများ သမဂ္ဂတွင် အဖွဲ့ဝင် စုစုပေါင်း 14,800 ယောက် ဖြစ်လာသည်။

NUSS အဖွဲ့ဝင်ခြင်းသည် ဤအလုပ်သမားများအတွက် ကြီးမားသည့် ပြောင်းလဲမှုတစ်ရပ် ဖြစ်စေခဲ့သည်၊ ဆိပ်ကမ်း အလုပ်သမားများအတွက် ပိုမိုလုံခြုံသည့် ကိရိယာပစ္စည်း၊ အလုပ်ရှင်များက တစ်နိုင်ငံလုံးဆိုင်ရာ အနည်းဆုံးလုပ်ခနှင့် လုပ်ငန်းဌာန အနည်းဆုံးလုပ်ခအပြင် နာမကျန်းခွင့်နှင့် လုပ်ခဖြင့်ခွင့် ကဲ့သို့သော အလုပ်ခွင် အကျိုးခံစားခွင့်များကို ပေးရန်သဘောတူခြင်း အပါအဝင်တို့ဖြစ်ပါသည်။ ■

## ITF ကရိုးရှား ညှိနှိုင်းရေးအရာရှိဖြစ်သူ Romano Peric သည် ITF က မက်ဒီတာရင်းနီးယန်းကို အဘယ်ကြောင့် 'sea of convenience' ဟု ကြေပြာနေကြောင်းကို ရှင်းလင်းပြသည်။

မက်ဒီတာရင်းနီးယန်းသည် ပိတ်နေသော ပင်လယ်တစ်ခုဖြစ်ပြီး ၎င်းတွင် တိုက်ကြီးသုံးခုနှင့် နိုင်ငံ ၂၄ နိုင်ငံ ဆုံစည်းကြပြီး များစွာသော ပင်လယ်ရေကြောင်း သင်္ဘောလမ်းကြောင်းများဖြင့် ဆိပ်ကမ်းအများအပြား ပူးတွဲ-တည်ရှိကြသည်။ ၎င်းတွင် ကုန်သွယ်ကူးသန်းနေသည့် မြောက်မြားစွာသော သင်္ဘောများသည် ပုံမှန် နိုင်ငံအလံလွှင့်ထူထားသည့် သင်္ဘောများဖြစ်ပြီး သက်တမ်း နှစ်ပေါင်း ၃၀ ကျော်ရှိကာ၊ တန်ချိန် 6,000 GRT (မှတ်ပုံတင်ထားသည့် စုစုပေါင်း တန်ချိန်) အထိ ရှိပြီး ညံ့ဖျင်းစွာ ထိန်းသိမ်းထားကာ ပတ်ဝန်းကျင်အပေါ် အန္တရာယ်ရှိပါသည်။

အဆိုပါ သင်္ဘောများပေါ် ရှိ သင်္ဘောသားများတွင် များသောအားဖြင့် လိုအပ်သည့် STCW အောင်လက်မှတ်များ မရှိကြဘဲ သူတို့၏ လုပ်ခများမှာ မှုမမှန်ဖြစ်က အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း အနည်းဆုံး လုပ်ခထက် လွန်စွာ နိမ့်ကျလျက်ရှိသည်။ အတော်များများဖြစ်ရပ်များတွင် သင်္ဘောသားများသည် သင်္ဘောပေါ်တွင် ၁၂ လထက် ကျော်လွန်၍ အလုပ်လုပ်ကြသည်၊ ထိုက်သင့်သော အလုပ်ခန့်ကန်ထရိုက်စာချုပ်များ မရှိ၊ မည်သည့်နိုင်ငံ၏ အလုပ်အကိုင်လုပ်ခ စာချုပ် သို့မဟုတ် ITF-အသိအမှတ်ပြု အလုပ်အကိုင်လုပ်ခ စာချုပ်ဖြင့် အကျုံးမဝင်၊ အိမ်ပြန်ပို့ခံရရန် အခွင့်အလမ်း မရှိကာ လုပ်ကိုင်ကြရသည်။

ဤသင်္ဘောများပေါ် ရှိ အခြေအနေများမှာ များသောအားဖြင့် စိတ်ပျက်ဖွယ်ကောင်းလှပါသည်။ သင်္ဘောသားများမှာ ဆင်းဆင်းရဲရဲနှင့် သန့်သန့်ရှင်းရှင်း မရှိသော နေရာထိုင်ခင်းတွင် နေထိုင်ရပြီး အရည်အသွေးကောင်းသော အစားအစာ သို့မဟုတ် သောက်စရာရေ ထိုက်ထိုက်တန်တန် ဖြန့်ချီပေးခြင်း မရှိပါ။ သူတို့သည် များသောအားဖြင့် ပြစ်မှုမြောက်သော လုပ်ရပ်ဖြင့်စတေးခံရခြင်း၏ အန္တရာယ်ရှိကြသည်၊ သူတို့မသိရှိဘဲဖြစ်စေ သို့မဟုတ် ခြိမ်းခြောက်ခံရ၍ဖြစ်စေ သူတို့သည် တရားမဝင်သော အခြေချပြောင်းရွှေ့သူကို သယ်ယူပို့ဆောင်ပေးရသောကြောင့် ဖြစ်သည် သို့မဟုတ် သူတို့၏ သင်္ဘောများမှာ တားမြစ်ထားသော သို့မဟုတ် ကြေပြာခြင်းမရှိသော ကုန်စည်ကို သယ်ဆောင်ပေးရသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် သင်္ဘောသားများအား အဆိုပါ စံနှုန်းအရနှင့် အန္တရာယ်ကြီးသော သင်္ဘောများပေါ် နေထိုင်ပြီး အလုပ်လုပ်ရန် ခွင့်မပြုနိုင်ပါ။

ဤအတွက်ကြောင့် ကျွန်ုပ်၏ သမဂ္ဂဖြစ်သည့် ကရိုးရှား သင်္ဘောသားများ၏ သမဂ္ဂသည် ITF အား ၂၀၁၈ ခုနှစ်တွင် ၎င်း၏ ညီလာခံ၌ မက်ဒီတာရင်းနီးယန်းကို 'sea of convenience' အဖြစ် ကြေပြာပေးရန် တောင်းဆိုခဲ့သည်။ ဆိုလိုသည်မှာ ITF စိစစ်ရေးမှူးချုပ်သည် အားလုံးသော မက်ဒီတာရင်းနီးယန်း သမဂ္ဂများနှင့်အတူ ရှင်းရှင်းလင်းလင်း အမှာစာတစ်စောင်ကို ဆိုးရွားသော ပိုင်ရှင်များနှင့် သင်္ဘောစင်းလုံးငှါးသူများထံ ဆိပ်ကမ်းများ၌ ကျွန်ုပ်တို့ ဘာကိုလိုအပ်ကြောင်း ပေးပို့မည်ဖြစ်သည်- သင်္ဘောသားများအတွက် ရှင်းလင်းပြီး သာနာမျှတသော အခြေအနေများ၊ ဘေးကင်းလုံခြုံပြီး သဘာဝပတ်ဝန်းကျင်အရ လိုက်လျောညီထွေသည့် သင်္ဘောများ၊ နှင့် သင်္ဘောသားများ၏ အခွင့်အရေးများအား အသိရှိမှု မြှင့်တင်ရေးတို့ဖြစ်သည်။

ဤထူးခြားသည့် လုပ်ဆောင်ချက်တွင် ပထမ အဆင့်အနေဖြင့် ITF ၏ မျှတစွာ ကျင့်ကြံရေး ကော်မတီသည် ၂၀၁၉ ခုနှစ်တွင် တွေ့ဆုံကြပြီး အဆိုးရွားဆုံး-ဖောက်ဖျက်လျက်ရှိသော နိုင်ငံအလံတင် နိုင်ငံများအနက် လေးနိုင်ငံဖြစ်သည့် Cook Islands, Palau, Sierra Leone နှင့် Togo နိုင်ငံတို့အား အလံအငှါးတင်နိုင်ငံများအဖြစ် အမည်တပ်ပေးခြင်းအားဖြင့် မိမိတို့၏ ပစ်မှတ်အဖြစ်သတ်မှတ်ရန် သဘောတူခဲ့ကြသည်။ ဤသို့အားဖြင့် စိစစ်ရေးမှူးများအတွက် သူတို့၏ သင်္ဘောပေါ်သို့ တက်ရောက်မှုအား ပိုမိုလွယ်ကူစေမည်ဖြစ်သည်။

၂၀၂၀ ခုနှစ် စောစောပိုင်းတွင် မောရိုကိုနိုင်ငံ၊ တင်ဂျီးယားမြို့၌ ITF စည်းဝေးပွဲတစ်ခုတွင် အဆိုပါ လှုံ့ဆော်မှုကို ဆောင်ရွက်ရန် လုပ်မည်ဖြစ်ပါသည်။ ■

# ပင်လယ်ရေကြောင်းသင်္ဘောသားများအကြား သမဂ္ဂ အသိရှိမှုကို မြှင့်တင်ပေးခြင်း

### သမဂ္ဂ အသိရှိမှု အယူအဆကို ၂၀၁၇ ခုနှစ်တွင် သမဂ္ဂ အဖွဲ့ဝင်များ မဟုတ်ကြသော်လည်း မိမိတို့၏ ယောင်းရင်းများ ကိုယ်စား သွက်လက်လှုပ်ရှားပေးသည် သင်္ဘောသားများအား ပညာပေးပြီး စည်းရုံးသိမ်းသွင်းရန်အတွက် အခြေတည်ခဲ့သည်။

ITF နှင့် ၎င်း၏အဖွဲ့ဝင်များဖြစ်သည့်သမဂ္ဂများက ကြီးမှူးကျင်းပပေးသည့် ဟောပြောပွဲများတွင် သင်္ဘောသားများ၏ အခွင့်အရေးများအပေါ် သူတို့၏ နားလည်မှုကို တိုးချဲ့ပေးစေရန်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ် သမဂ္ဂ မိသားစု၏ တစ်စိတ်တစ်ပိုင်းဖြစ်ရခြင်း၏ အကျိုးအကျေးဇူးများအကြောင်း ပိုမိုလေ့လာစေရန်အတွက် ပါဝင်လုပ်စေရန် သူတို့အား ဖိတ်ကြားခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများတွင် ကျန်းမာရေးနှင့် သာယာဝပြောရေး ပညာပေးခြင်း၊ ကုန်သွယ် သမဂ္ဂများ အသိရှိမှုကို မြှင့်တင်ပေးခြင်း၊ အလုပ်အကိုင်လုပ်ခ ညှိနှိုင်းရေး၊ ပင်လယ်ရေကြောင်း အလုပ်သမား စာချုပ်နှင့် ကမ္ဘာ့တစ်ဝန်း သင်္ဘောသားများသို့ ITF ကမ်းလှမ်းပေးသည့် အမျိုးမျိုးသော အထောက်အပံ့တို့ကို တင်ပြဟောပြောပေးပါသည်။

ပထမအကြိမ်ဟောပြောပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ၌ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ကျင်းပပေးခဲ့သည်၊ ၎င်းတွင် သင်္ဘောသား ၄၀၀ ကျော် လေးရက်တာ ဟောပြောပွဲကို တက်ရောက်ကြပြီး ၃၀၀ ကျော်က ITF-အသင်းဝင်အဖွဲ့အစည်း ဖြစ်သည့် မြန်မာ သင်္ဘောသားများ၏ လွတ်လပ်သော အဖွဲ့ချုပ် (Independent Federation of Myanmar Seafarers (IFOMS)) သမဂ္ဂကို အဖွဲ့ဝင်၍ ပူးပေါင်းကြပါသည်။

၎င်းကတည်းကစ၍ ITF နှင့် ၎င်း၏သမဂ္ဂများသည် နောက်ထပ် ဟောပြောပွဲ ခြောက်ခုကို သင်္ဘောသား 1,500 ကျော် တို့အတွက် ကျင်းပပေးခဲ့သည်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ယူကရိန်းနိုင်ငံ တို့တွင်ဖြစ်သည်။ ■






# ပြစ်မှုမြောက်သောလုပ်ရပ်ဖြင့် စတေးခံရသော သင်္ဘောသားများ အတွက် အကူအညီနှင့် အကာအကွယ်

**ပြစ်မှုမြောက်သောလုပ်ရပ်ဖြင့်စတေးခံရခြင်းသည် ယနေ့ သင်္ဘောသားများ ကြုံတွေ့နေရသည့် ကြီးလေးသော ပြဿနာများအနက် တစ်ခုဖြစ်ပါသည်။ သင်္ဘောသားများမှာ မျက်နှာလွှဲခဲပစ်ခံရမည့် အန္တရာယ်ရှိကြပြီး အကယ်၍ သူတို့၏ သင်္ဘောမှာ ရေကြောင်းဆိုင်ရာ မတော်တဆဖြစ်မှုတစ်ရပ် သို့မဟုတ် ညစ်ညမ်းမှုနှင့်ပတ်သက်သည့် ဖောက်ဖျက်မှုတစ်ခု ကြုံတွေ့လျှင် သူတို့၏ ဥပဒေပါအခွင့်အရေးများကို ငြင်းဆိုခံရသည့် အန္တရာယ်ရှိကြပါသည်။ *သင်္ဘောသားများ၏ သတင်းစာလွှာ (Seafarers' bulletin)* တွင် အကယ်၍ သင် ပြစ်မှုမြောက်သောလုပ်ရပ်ဖြင့် စတေးခံရလျှင် သင့်အခွင့်အရေးများနှင့် အကူအညီအတွက် မည်သည့်နေရာတွင် အကြံဉာဏ် ကမ်းလှမ်းပေးနေကြောင်း ရှင်းပြထားပါသည်။**

## သာနာညီမျှသော ဆက်ဆံမှုအတွက် တိုက်ပွဲဝင်ခြင်း

**သင်္ဘောသားများ ပြစ်မှုဆိုင်ရာ စွပ်စွဲချက်များဖြင့် စွပ်စွဲခံရသည့်အခါ သူတို့သည် သူတို့ကိုယ်သူတို့ ခုခံချေပရန် အထောက်အကူပြုစေမည့် သူတို့ရထိုက်သော အရင်းအမြစ်များကို ရယူရန် ပုံမှန်အားဖြင့် ငြင်းဆိုခံရပါသည် ဟု ITF သင်္ဘောသားများ ဌာနခွဲ အကြီးတန်းလက်ထောက်ဖြစ်သူ Steve Yandell က သတင်းပို့သည်။**

သင်္ဘောသားများအပေါ် မမျှမတဆက်ဆံခြင်းသည် လုပ်ငန်းကဏ္ဍအတွက် မကောင်းသော နောက်ဆက်တွဲ ပြဿနာများဆီသို့ ဦးတည်ပါသည်။ သင်္ဘောသားများအနေဖြင့် သူတို့အပေါ် မမျှမတ စွပ်စွဲမည်ကို ကြောက်ရွံ့သောကြောင့် မတော်တဆဖြစ်ရပ် စုံစမ်းစစ်ဆေးမှုများ၌ ပါဝင်ထွက်ဆိုပေးရန် တွန့်ဆုတ်လာကြသည်။ သင်္ဘောသားများသည် စုံစမ်းစစ်ဆေးမှုများတွင် ပါဝင်ပတ်သက်လာသည့်အခါ ဥပဒေဆိုင်ရာ ကိုယ်စားပြုမှုနှင့်တကွ စကားပြန်ဝန်ဆောင်မှုများ အားနည်းခြင်းတို့ကိုလည်း စေဒကတက်ကြပါသည်။

အချို့နိုင်ငံများရှိ ဥပဒေအရ၊ သင်္ဘောသားများသည် ရေကြောင်း မတော်တဆဖြစ်ရပ်များတွင် မတော်တဆဖြစ်ရပ် စုံစမ်းစစ်ဆေးမှုများအား ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ သတင်းအချက်အလက်များမှာ သိုသိပ် လျှို့ဝှက်ထားရပြီး အမည်မဖော်သူအချက်အလက်အဖြစ်ထားရှိသောကြောင့် သက်သေထွက်ချက် ထွက်ဆိုပေးရန် ကြောက်ရွံ့စရာ မရှိဘဲ နောက်ဆုံး၌ တရားစွဲဆိုသူများက အသုံးပြုရန်ဖြစ်ပါသည်။ ITF က ယုံကြည်သည်မှာ ဤနည်းလမ်းကို နိုင်ငံအားလုံးက အသုံးပြုရန်အတွက် လက်ခံကျင့်သုံးသင့်သည်ဟု ဆိုပါသည်။ သင်္ဘောသားများအနေဖြင့် လုံခြုံရေးကို မြှင့်တင်ပေးရေး ရည်ရွယ်ချက်များအတွက် ဖြစ်သော်လည်း ပြစ်မှုဆိုင်ရာ နောက်ဆက်တွဲ ပြဿနာတစ်ခုခုကို ကြောက်ရွံ့ခြင်း မရှိစေဘဲ စုံစမ်းစစ်ဆေးမှုများတွင် သက်သေခံချက်ပေးနိုင်ကြောင်း စိတ်ချလက်ချရှိသင့်ပါသည်။

**ပင်လယ်ရေကြောင်း မတော်တဆဖြစ်ရပ် သို့မဟုတ် ပင်လယ်ရေကြောင်း ဖြစ်ရပ်အပေါ် လုံခြုံရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုအတွက် အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် အကြံပြုထားသည့် လုပ်နည်းကိုင်နည်းများအတွက် ကျင့်ထုံး (The Code for International Standards and Recommended Practices for a Safety Investigation into a Marine Casualty or Marine Incident** (SOLAS တွင်ပါရှိ)) တွင် သင်္ဘောသားများအတွက် သူတို့အနေဖြင့် သက်သေခံချက် ထွက်ဆိုရန်လိုအပ်သည့်အခါ အသုံးချသည့် အကာအကွယ်ပေးမှုအချို့ကို သတ်မှတ်ပေးထားပါသည်။ ၎င်းတို့မှာ သက်သေခံချက်ကို အစောဆုံးအချိန်အတွင်း ပေးသင့်ပြီး အဆိုပါ သင်္ဘောသားကို သူ၏သင်္ဘောဆီသို့ အမြန်ဆုံး ပြန်စေရန် ခွင့်ပြုသင့်သည် သို့မဟုတ် အမြန်ဆုံး အိမ်ပြန်စေရန် ခွင့်ပြုသင့်သည်။

ထို့ပြင် သင်္ဘောသားအား ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှု၏ သဘောသဘာဝနှင့် အခြေခံသည့် အကြောင်းချင်းရာကို အကြောင်းကြားပေးရန် လိုအပ်သည်။ ဆိုလိုသည်မှာ ဥပဒေအကြံဉာဏ်ကို ရရှိရန် ခွင့်ပြုပေးခြင်း ဖြစ်သည် သို့မှသာ သူတို့အနေဖြင့် အောက်ပါတို့ကို သိရှိပါမည်-

- စုံစမ်းစစ်ဆေးမှုတစ်ရပ်ကြောင့် ဖွင့်လှစ်သည့် နောက်ဆက်တွဲ အမှုအခင်းတစ်ခုခုတွင် သူတို့ကိုယ်တိုင်ကို ပြစ်မှုမြောက်စေခြင်း၏ အန္တရာယ်အလားအလာတစ်ခုခု
- မိမိကိုယ်ကို ပြစ်မှုမြောက်စေခြင်း မဖြစ်စေသည့် သူတို့၏ အခွင့်အရေးများနှင့် တိတ်တဆိတ်နေရန် အခွင့်အရေး အပြင်
- ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုသို့ ထွက်ဆိုပေးသည့် သူတို့၏ သက်သေခံချက်ကို သူတို့အပေါ် အနာဂတ်စွပ်စွဲမှု၌အသုံးချမှုမှ သူတို့အား အကာအကွယ်ပေးရန် လိုအပ်သော အကာအကွယ်ပေးမှု တစ်ခုခု

ဤသီးခြားပြဋ္ဌာန်းချက်များမှာ မဖြစ်မနေလုပ်ရမည့်ကိစ္စဖြစ်သည်။ အဆိုပါကျင့်ထုံးနှင့်ပတ်သက်သည့် သီးခြား အချက်အလက်များကို ITF သင်္ဘောသားများ အခန်းကဏ္ဍဆိုင်ရာ အထောက်အကူပြုလက်စွဲတွင် ဖော်ပြထားပါသည်။

# သင်္ဘောသားများ ပြစ်မှုမြောက်သောလုပ်ရပ်ဖြင့် စတေးခံရခြင်းဆိုင်ရာ ထိပ်လန့်ဖွယ် အမှုအခင်းများ

## မာလိန်မှူး Gennadiy Gavrylov



ယူရိန်းနိုင်ငံ၊ မာလိန်းမှူး Gennadiy Gavrylov သည် စစ်သုံးအဆင့် လက်နက်များသယ်ဆောင်သည့် သင်္ဘောတစ်စီးဖြစ်ပြီး သီရိလင်္ကာအစိုးရနှင့်စစ်တပ်တို့နှင့် အချိတ်အဆက်ရှိသော ကုမ္ပဏီတစ်ခုက လုပ်ငန်းလည်ပတ်ပြေးဆွဲသည့် Avant Garde သင်္ဘော၏ ရေယာဉ်မှူးဖြစ်ခဲ့သည်။

သူသည် ၂၀၁၆ ခုနှစ်တွင် သင်္ဘောအား အဆင့်ခွဲခြားစိစစ်ရေးလုပ်ရန်အတွက် သီရိလင်္ကာနိုင်ငံသို့ ပြန်လာခဲ့စဉ် အဖမ်းခံခဲ့ရသည်၊ သင်္ဘောပေါ်တွင် လက်နက် အမြောက်အမြားရှိသည်ဟု အာဏာပိုင်များက စွပ်စွဲခဲ့သည်။

စုံစမ်းစစ်ဆေးမှုလုပ်နေခဲ့စဉ် မာလိန်းမှူး Gavrylov ကို ၂၀၁၇ ခုနှစ်တွင် အချုပ်လွတ် အာမခံဖြင့် ထုတ်မပေးမီ တစ်နှစ်ခန့် အကျဉ်းထောင်တွင် ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ သူ့အား သီရိလင်္ကာ အာဏာပိုင်များက စွဲချက်တစ်ခုခုဖြင့် စွဲချက်မတင်မီ နောက်ထပ် နှစ်နှစ် သူ့မိသားစုနှင့်တွေ့ရန် အိမ်ပေးမပြန်ဘဲ စောင့်ဆိုင်းခဲ့ရသည်။

မာလိန်မှူး Gavrylov သည် မည်သည့်စွဲချက်အတွက်မဆို အပြစ်ကင်းကြောင်းဖြစ်သည့်အပြင် ICCPR (International Covenant on Civil and Political Rights) အရ မလျော်ကန်သော နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ အမှုကိုရင်ဆိုင်ရန် သူ့အခွင့်အရေးကို ဖောက်ဖျက်သည်ဖြစ်ကြောင်း ITF ကယုံကြည်ပါသည်။

## LR2 Poseidon သင်္ဘော၏ ရေယာဉ်မှူး

၂၀၁၉ ခုနှစ် အစဦးပိုင်းလောက်တွင် LR2 Poseidon သင်္ဘော ရေယာဉ်မှူးဖြစ်သူကို တူရကီနိုင်ငံ အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ သူ ဖမ်းဆီးခံစဉ်အတွင်း သူသည် ကြီးလေးသော ပြစ်မှုများဖြင့် ပြစ်ဒဏ်ပေးခံရသော ထောင်ကျအဖော် တစ်ဦးနှင့်အတူ ထောင်အခန်းတွင် အတူနေခဲ့ရသည်၊ အိမ်သာသုံးပစ္စည်း နည်းပါးမှုကို ကြုံခဲ့ရသည်၊ တစ်ပတ်လျှင် ၁၀ မိနစ်သာ သူ့မိသားစုအား ဖုန်းခေါ်ခွင့်ပြုခံရသည်။ နောက်တစ်ဖန်၊ သူ့အား သူ့ဘာသာရေးအရ သတ်မှတ်ထားသည့် အဝတ်အစားကို ဝတ်ဆင်ခွင့်မပြုဘဲ၊ သူ့ဘာသာရေး ယုံကြည်ချက်အရ တားမြစ်ထားသော အစားအစာတို့ကို သူ့အား ပေးခဲ့သည်။

သူ့ကိုယ်စား ITF ဟောင်ကောင် စိစစ်ရေးမှူး Jason Lam က လုပ်ကိုင်ပေးခဲ့ပြီး ITF ဟောင်ကောင်ရုံးက သူ့ကိုယ်စား တူရကီအာဏာပိုင်များထံ ကိုယ်စားပြုဆောင်ရွက်ပေးခဲ့သည်။ ရေယာဉ်မှူးအား ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် လွတ်ပေးခဲ့ပြီး အိမ်အပြန်သူ့ခရီးစဉ်အတွက် ကုမ္ပဏီက စီစဉ်ပေးခဲ့သည်။

## Seaman Guard Ohio သင်္ဘော၏ သင်္ဘောသားများ

Seaman Guard Ohio ပင်လယ်ဓါးပြ-ဆန့်ကျင်ရေး သင်္ဘောမှ သင်္ဘောသားများသည်လည်း သူတို့၏ သင်္ဘောပေါ်၌ လက်နက်များကို အိန္ဒိယ ကမ်းခြေစောင့်တပ်က ၂၀၁၃ ခုနှစ် အောင်တိုဘာလတွင် ဖမ်းဆီးရမိသည့်ကိစ္စနှင့်ပတ်သက်ပြီး သူတို့အား တရားသေအမိန့်ချမလွတ်မီ သူတို့ အကျဉ်းထောင်၌ နေခဲ့ရသေးသည်။ ITF သည် သူတို့၏ ပြစ်ဒဏ်အပေါ် အကြောင်းရင်းနှစ်ရပ်ကို အခြေခံ၍ အယူခံအမှုတက်ရန် ပံ့ပိုးထောက်ခံခဲ့သည်- အကယ်၍ သင်္ဘောသည် အပြည်ပြည်ဆိုင်ရာရေကြောင်းတွင် မရှိလျှင် ၎င်းသင်္ဘောသည် 'အပြစ်ကင်းလမ်းကြောင်း' ပေါ် ရှိနေသည်ဖြစ်ပြီး သင်္ဘောသားများသည် လက်နက်များအတွက် တာဝန်ရှိသည်ဟု ယူဆနိုင်ဖွယ်ရာ မရှိသင့်ပါဟူသော အကြောင်းရင်းများဖြစ်သည်။

## Hebei Spirit သင်္ဘော

၂၀၀၇ ခုနှစ်တွင် Hebei Spirit သင်္ဘောပေါ်မှ ရေနံယိုဖိတ်စီးပြီးနောက် တောင်ကိုးရီးယားနိုင်ငံတွင် ပြစ်မှုမြောက်သော လုပ်ရပ်ဖြင့်စတေးခံရခြင်း၏ အထင်ပေါ်ဆုံး အမှုအခင်းများအနက် တစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါသင်္ဘောပေါ် အလုပ်လုပ်ကိုင်လျက်ရှိသော အိန္ဒိယသင်္ဘောသား နှစ်ဦးသည် ITF နှင့်တကွ သင်္ဘောလုပ်ငန်း လုပ်ငန်းကဏ္ဍအများအပြားမှ ကန့်ကွက်နေသည့်တိုင် အကျဉ်းထောင်တွင် အဖမ်းဆီးခံခဲ့ရသည်။ အဆိုပါလူတို့သည် အကျဉ်းထောင်၌ လပေါင်းများစွာ နေခဲ့ရပြီးနောက် ITF ကြီးမှူးကန့်ကွက်သော လူသိရှင်ကြား လှုံ့ဆော်မှုနှင့် သင်္ဘောပိုင်ရှင်နှင့်တကွ သင်္ဘောသားများ၏ မိခင်နိုင်ငံ အစိုးရတို့၏ ထောက်ခံမှုတို့ကြောင့်သာ ပြန်လွတ်ပေးခံခဲ့ရသည်။

**ပင်လယ်ရေကြောင်း မတော်တဆဖြစ်ရပ် အဖြစ်အပျက်များ၌ သင်္ဘောသားများအပေါ် သာနာမျှတသော ဆက်ဆံမှုနှင့်ပတ်သက်သည့် လမ်းညွှန်များ (The Guidelines on the Fair Treatment of Seafarers in the Event of a Maritime Accident)** ကို ၂၀၀၆ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ် (International Maritime Organization (IMO)) နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (International Labour Organization (ILO)) တို့က ပူးတွဲ၍ သဘောတူညီခဲ့ကြသည်။ အဆိုပါ လမ်းညွှန်ချက်များကို စုံစမ်းစစ်ဆေးသည့် အာဏာပိုင်များက သင်္ဘောသားများအပေါ် အပြည်ပြည်ဆိုင်ရာအားဖြင့် လက်ခံသည့် စံနှုန်းဖြစ်သော သာနာမျှတသည့် ဆက်ဆံမှုဖြင့် ဆက်ဆံရမည်ကို ကိုယ်စားပြုသော်လည်း ၎င်းမှာ မဖြစ်နေ လိုက်နာဆောင်ရွက်ရမည့် ကိစ္စမဟုတ်ပါ။ ကံမကောင်း အကြောင်းမလှသောအားဖြင့် ဤလမ်းညွှန်များကို တိတိကျကျ လိုက်နာခြင်း မရှိသည့်အပြင် လက်တွေ့ကျင့်သုံးရာ၌ အကန့်အသတ်ရှိသည်။ လမ်းညွှန် အသေးစိတ် အပြည့်အစုံကို အကိုးအကားပြုရန်လက်စွဲတွင် ပါရှိပါသည်။

IMO တွင် ITF ၏ အသည်းအသန် တစ်စိုက်မတ်မတ် လုပ်ကိုင်မှု၏ ရလဒ်အဖြစ် IMO ဥပဒေဆိုင်ရာ ကော်မတီသည် သင်္ဘောသားများအပေါ် ပြစ်မှုမြောက်သောလုပ်ရပ်ဖြင့်စတေးခံရခြင်းကို မိမိ၏ အလုပ်အစီအစဉ် တစ်စိတ်တစ်ပိုင်း ဖြစ်စေခဲ့ကာ ၎င်းသည် ယခုအခါ သာနာမျှတစွာ ဆက်ဆံရေးကို ဖြစ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ပေးရန် ရှာကြံပါသည်။

ITF သည် သင်္ဘောသားများ အခွင့်အရေးများ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (Seafarers Rights International (SRI)) အား သင်္ဘောသားများ အဓိကကျသည့် စစ်တမ်းများကို ကောက်ယူရန် တာဝန်ချပေးခဲ့သည်။ ၎င်းသည် ပြစ်မှုဆိုင်ရာ စွဲချက်များဖြင့် ရင်ဆိုင်နေရသည့် သင်္ဘောသားများ၏ တွေ့ကြုံခဲ့ရသော မလျော်မကန် ဆက်ဆံရေး၏ အတိုင်းအတာကို ဖော်ထုတ်ပေးခဲ့သည်။ SRI သည် IMO အဖွဲ့ဝင်နိုင်ငံများ၏ စစ်တမ်းကိုလည်း တိုးချဲ့လုပ်ခဲ့ပြီး တွေ့ရှိခဲ့သည်မှာ သူတို့အနေဖြင့် လမ်းညွှန်များကို အကောင်အထည်ဖော်သွတ်သွင်းခဲ့သည်ဟု အချို့နိုင်ငံများက အတည်ပြုခဲ့သော်လည်း အခြားနိုင်ငံများကမူ ဥပဒေပြဋ္ဌာန်းသည့်ပုံစံသည် သို့မဟုတ် IMO သတင်း အချက်အလက်သည် လမ်းညွှန်များကို အဓိပ္ပါယ်ဖွင့်ဆိုသည့်အခါနှင့် ၎င်းတို့အား နိုင်ငံဥပဒေအဖြစ် ပြဋ္ဌာန်းပေးသည့်အခါ အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

IMO ဥပဒေဆိုင်ရာ ကော်မတီက မေတ္တာရပ်ခံခဲ့သည်မှာ နိုင်ငံများအနေဖြင့် အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး ဒေသဆိုင်ရာနှင့် နိုင်ငံလုံးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးရန်ဖြစ်သည်၊ ၎င်းနှင့်ပတ်သက်၍ SRI သည် များမကြာမီက ဖိလစ်ပိုင်နိုင်ငံ၌ ကူညီကျင်းပပေးခဲ့သည်။

နိုင်ငံအစိုးရများအနေဖြင့် IMO/ILO သာနာမျှတရေးဆိုင်ရာ ဆက်ဆံရေး လမ်းညွှန်များကို လိုက်နာရန် မဖြစ်မနေ အရေးကြီးပါသည်။ ပင်လယ်ပြင်တွင် မတော်တဆဖြစ်ရပ်များနှင့် ညစ်ညမ်းမှုများသည် သင်္ဘောသားများ၏ ထိန်းချုပ်မှု လုပ်ကိုင်နိုင်စွမ်း ကျော်လွန်၍ ဖြစ်ပွားသည့် အခြေအနေအရပ်ရပ်ကြောင့် ပေါ်ပေါက်နိုင်ပါသည်။ သို့သော်လည်း သတင်းမီဒီယာ တိုက်ခိုက်လစ်ဟမှုတစ်ခုရှိလာလျှင် အစိုးရ အာဏာပိုင်များအတွက် သူတို့ အရေးယူ ဆောင်ရွက်နေသည်ကို ပြသရန်အတွက် သင်္ဘော၏ အမှုတမ်းများမှာ အလွယ်ကူဆုံး ပစ်မှတ်များ ဖြစ်လာနိုင်ပါသည်။ သင်္ဘောသားများတွင် မမျှတသော ဆက်ဆံခံရခြင်း၊ မတရား ဖမ်းဆီးအကျဉ်းချခံခြင်းနှင့် မိမိတို့၏ လူ့အခွင့်အရေးများကို ငြင်းပယ်ခံရခြင်းတို့ကို ကြောက်ရွံ့မှု မရှိဘဲ မိမိတို့၏ အလုပ်ကိုလုပ်ရန် အခွင့်အရေး ရှိသည်။ ■

# အကယ်၍ သင် ပြစ်မှုဖြင့်စွဲချက်တင်ခံရလျှင် လုပ်ရမည့်အရာ

**အကယ်၍ ဒေသဆိုင်ရာ အာဏာပိုင်များက စုံစမ်းစစ်ဆေးမှု၊ ဖမ်းဆီးချုပ်နှောင်မှု သို့မဟုတ် ပြစ်မှုဆိုင်ရာ စွဲချက်များ သင် ကြုံတွေ့နေရလျှင် အပြည်ပြည်ဆိုင်ရာ ဥပဒေက ဆိုသည်မှာ အဆိုပါ ပတ်သက်မှု၏ အခြေအနေအရပ်ရပ်များ နှင့်အပြစ်ရှိမှု သို့မဟုတ် အပြစ်ကင်းမှုတို့ကို မသက်ဆိုင်စေဘဲ သင့်အား သာနာမှုတစွာ ဆက်ဆံရမည်ဖြစ်သည်။ ITF အကြီးတမ်း ဥပဒေဆိုင်ရာ လက်ထောက်ဖြစ်သူ Jonathan Warring က အရေးကြီးသည့် အကြံဉာဏ် အချို့ပေးသည်**

**သင့် အခြေခံ အခွင့်အရေးများကို သိရှိပါ – ထို့ပြင် ၎င်းအခွင့်အရေးများကို လိုက်နာကြောင်း ရပ်တည်ပေးပါ** အရပ်ဖက်ဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ် (The International Covenant on Civil and Political Rights (ICCPR)) သည် အဆိုပါ အခွင့်အရေးများကို အသေးစိတ်သတ်မှတ်ထားပြီး လူများအား နိုင်ငံတစ်ခုခုက ဖမ်းဆီးသည့်အခါ၊ ချုပ်နှောင်သည့်အခါနှင့် အမှုစီရင်စစ်ဆေးသည့်အခါ ၎င်းအခွင့်အရေးများကို ခံစားစေသင့်သည်။

ပင်လယ်ရေကြောင်းဆိုင်ရာ မတော်တဆဖြစ်ရပ် အဖြစ်အပျက်၌ သင်္ဘောသားများအပေါ် သာနာမှုတသော ဆက်ဆံမှုနှင့် ပတ်သက်သည့် IMO/ILO ပူးတွဲ လမ်းညွှန်များသည် စုံစမ်းစစ်ဆေးမှုတစ်ခုခုလုပ်စဉ်အတွင်း သင်္ဘောသားများအား မျှတစွာ ဆက်ဆံပေးရန်နှင့် အစိုးရ အာဏာပိုင်များက ဖမ်းဆီးချုပ်နှောင်သည့် မည်သည့် ချုပ်နှောင်မှုမျှ လုံးဝ လိုအပ်သည်ထက် မကြာစေရန် မည်သို့သေချာအောင်လုပ်ရမည် နှင့်ပတ်သက်၍ သီးခြားတိကျသော အကြံဉာဏ်ကို သင်္ဘောသားများ၊ သင်္ဘောပိုင်ရှင်များ၊ အလံတင် နိုင်ငံများနှင့် ဆိပ်ကမ်းနိုင်ငံများအား ပေးအပ်ပါသည်။


**သင့်အား အကူအညီပေးနိုင်သည့် လူများ သို့မဟုတ် အဖွဲ့အစည်းများထံမှ အကူအညီကို ရှာဖွေပါ – ဥပမာ၊ သင့်အလုပ်ရှင်၊ သို့မဟုတ် သင်္ဘောပိုင်ရှင်၊ သမဂ္ဂ အရာရှိများ၊ ဒေသဆိုင်ရာ** ITF စိစစ်ရေးမှူး၊ ဒေသဆိုင်ရာ ကောင်စစ်ဝန် သို့မဟုတ် သင့်မိခင်နိုင်ငံအတွက် သံရုံး သို့မဟုတ် အလံတင် နိုင်ငံ၊ မိသားစု၊ ဒေသဆိုင်ရာ သင်္ဘောသားများ စည်းရုံးရေးရုံး သို့မဟုတ် သင်္ဘောသားများရုံး ကဲ့သို့ဖြစ်သည်

**ပူးပေါင်းလုပ်ကိုင်ပေးပြီး မှန်ကန်သော အချက်အလက်များကို ပေးပါ။** သင့်တွင် မိမိကိုယ်တိုင်ကို ပြစ်မှုမညီစွန်းစေရန် အခွင့်အရေးရှိသောကြောင့် သင် မှားယွင်းကြောင်း သို့မဟုတ် ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း ရည်ညွှန်းနိုင်သည့် မည်သည့်အချက်အလက်ကိုမျှပေးရန် မလိုပါ။ ဤအခွင့်အရေးကို အသုံးချရန် သင်သည် မေးခွန်းများကို 'ဝေဖန်မှုမရှိ' သို့မဟုတ် တိတ်ဆိတ်နေခြင်းဖြင့် ဖြေရလိမ့်မည်။

**အကယ်၍ စုံစမ်းစစ်ဆေးသည့် အာဏာပိုင်များက သင် မယဉ်ပါးသည့် ဘာသာစကားကို အသုံးပြုနေပြီး** စကားပြန်တစ်ဦးကို မပေးထားလျှင် **စကားပြန်တစ်ဦးကို တောင်းဆိုပါ။** သင်နားလည်သည့် ဘာသာစကားဖြင့် ဘာသာပြန်ဆိုမထားသော စာရွက်စာတမ်းများကို လက်မှတ်ထိုးပေးရန်အတွက် ငြင်းဆိုရန်မှာ သင်၏ အခွင့်အရေးဖြစ်သည်။

**ဥပဒေဆိုင်ရာ ကိုယ်စားပြုပေးခြင်း (ရှေ့နေလိုက်ပေးခြင်း)။** အကယ်၍ သင့်အား ရဲမှ ဖမ်းဆီးသည့်အခါ သို့မဟုတ် နိုင်ငံအာဏာပိုင်များက ချုပ်နှောင်သည့်အခါ သင့်အား ဥပဒေဆိုင်ရာ ကိုယ်စားပြုပေးခြင်း (ရှေ့နေငှါးပေးရန်) ခွင့်ပြုသင့်သည်။ သင်သည် အခမဲ့ ကိုယ်စားပြုပေးမှု (ရှေ့နေ) ရနိုင်ကောင်း ရနိုင်သည် သို့မဟုတ် အချို့အခြေအနေများ၌ သင့်အလုပ်ရှင်အား ရှေ့နေတစ်ယောက်ငှါးပေးရန် သင် မေးနိုင်သည်။ သင့်အား သင့်ရှေ့နေနှင့် လျှို့ဝှက်စွာဖြင့် ပြောဆိုရန် ခွင့်ပြုသင့်သည်။ ■

## အချက်အလက်များနှင့် အကြံဉာဏ်အတွက် ပိုများသည့် အရင်းအမြစ်များ




ITF ပြစ်မှုမြောက်သောလုပ်ရပ်ဖြင့်စတေးခံရခြင်းဆိုင်ရာ အကိုးအကားပြုရန်လက်စွဲ (၎င်းတွင် သင့်အခွင့်အရေးများကို ဖော်ပြထားပြီး IMO/ILO ပူးတွဲ လမ်းညွှန်ချက်များ ပါရှိသည်)။
https://www.itfseafarers.org/en/resources/materials/criminalisation-toolkit

သင်္ဘောသားများ၏ အခွင့်အရေးများ အပြည်ပြည်ဆိုင်ရာ (သင့် ဥပဒေပါ အခွင့်အရေးများနှင့်ပတ်သက်သည့် အချက်အလက်များ အတွက်)။
http://seafarersrights.org/

The ICCPR.
https://www.ohchr.org/en/professionalinterest/pages/ccpr.aspx



# MLC သည် သင်္ဘောသားများအတွက် မည်မျှကောင်းကောင်း လုပ်ကိုင်ပေးနေပါသလဲ။

**ပင်လယ်ရေကြောင်း အလုပ်သမား စာချုပ် (Maritime Labour Convention (MLC)) သည် သင်္ဘောသားများ၏ ဘဝများအား အပြောင်းအလဲတစ်ခုဖြစ်အောင် အမှန်အကန် လုပ်ပေးနေပါသလား။ ITF သည် ရှာဖွေသိရှိရန် အဓိဋ္ဌာန်ထားပြီး သင်္ဘောသားများ၏ အခွင့်အရေးများ အပြည်ပြည်ဆိုင်ရာ (Seafarers' Rights International (SRI)) ညွှန်ကြားရေးမှူးဖြစ်သူ Deirdre Fitzpatrick သည် သူမ၏အဖွဲ့က မည်သို့ကူညီပေးနေကြောင်း တင်ပြသည်**

MLC သည် ပင်လယ်ရေကြောင်း အလုပ်သမား ဆွေးနွေးပွဲများကို ယခုအခါ ဆယ်စုနှစ် တစ်ခုကျော်ကျော် လွှမ်းမိုးထားခဲ့သည်။ တန်းတူအခွင့်အရေးပေးအပ်ရန်၊ သင်္ဘောပိုင်ရှင် အရည်အသွေးကိုပံ့ပိုးပေးရန်နှင့် အနည်းဆုံး စံနှုန်းများကို သတ်မှတ်ရန်တို့ကို ဖန်တီးပေးခဲ့ပြီး ၎င်းတို့ကို ၂၀၀၆ ခုနှစ်တွင် သွတ်သွင်းခဲ့ပြီး ၂၀၁၃ ခုနှစ်မှစတင်၍ အာဏာ သက်ရောက်စေခဲ့သည်။ ယခုအထိ နိုင်ငံပေါင်း ၉၄ ခုက ၎င်းကို အတည်ပြုခဲ့ပြီး အမြင့်ဆုံးကုန်စည်တန်ချိန် တင်နိုင်သည့် ကမ္ဘာ့သင်္ဘောအုပ်စု၏ ၉၁ ရာခိုင်နှုန်းကို ကိုယ်စားပြုနေပါသည်။

MLC သည် လက်ရှိအခြေအနေနှင့်လိုက်ဖက်သည့် စာချုပ်စာတမ်းတစ်ခုဖြစ်သည်၊ ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းကဏ္ဍရှိ တစ်နေရာရာတွင် ဖွံ့ဖြိုးလာမည့် စံနှုန်းများနှင့် ဦးစားပေးမှုများနှင့်အညီ ပြောင်းလဲနေမည်ဖြစ်သည်။ ၎င်းကို သင်္ဘောသားများအတွက် နောက်ထပ် ကာကွယ်ပေးမှုများကို ပေးအပ်ရန် သုံးကြိမ် ပြင်ဆင်ပေးခဲ့ပြီးဖြစ်သည်- ၂၀၁၄ ခုနှစ်၌ (သင်္ဘောသားများအား စွန့်ပစ်ထားသည့်ကိစ္စများ၌ ငွေကြေးဆိုင်ရာ လုံခြုံမှုနှင့်တကွ သင်္ဘောသားများအပေါ် သေဆုံးမှု သို့မဟုတ် ရေရှည်-မသန်မစွမ်းဖြစ်မှု ဖြစ်ပွားသည့်ဖြစ်ရပ်တွင် လျော်ကြေးပေးရန်ကိစ္စတို့ကို ဆောင်ရွက်ပေးခြင်း)- ၂၀၁၆ ခုနှစ်တွင် (အလုပ်ခွင်၌ အနိုင်အထက်ပြုခြင်းနှင့် အနှောင့်အယှက်ပေးခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းပေးခြင်း)- တို့အပြင် ၂၀၁၈ ခုနှစ်တွင် (ပင်လယ်ဓါးပြတိုက်ခြင်း သို့မဟုတ် လက်နက်ဖြင့် ဓါးပြတိုက်ခြင်းကြောင့် သင်္ဘောသားများအား ဓါးစားခံပြုလုပ်ခံရခြင်းအတွက် လျော်ကြေးပေးစေခြင်း) တို့ဖြစ်သည်။

MLC အား သင်္ဘောသားများအတွက် ကောင်းမွန်သင့်မြတ်သော ဘဝရှင်သန်ရေးနှင့် အလုပ်လုပ်ကိုင်ရာ အခြေအနေများကို စည်းမျဉ်းစည်းကြပ်ပေးခြင်းအားဖြင့် အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံကို ခေတ်မီအောင်လုပ်ပေးသည့်အတွက် အားလုံးက ကြိုဆိုပေးထောက်ခံကြပါသည်။ သို့သော်လည်း ၎င်းသည် မည်မျှကောင်းကောင်း အမှန်တကယ် လုပ်ကိုင်ပေးနေပါသလဲ။

ဤမေးခွန်းကို ဖြေဆိုရသော်၊ ITF သည် MLC ၏ထိရောက်မှုနှင့် ၎င်းကို မည်သို့ကောင်းကောင်း အကောင်အထည် ဖော်ကြောင်းနှင့်ကမ္ဘာတစ်ဝန်း မည်သို့အာဏာတည်စေကြောင်း သီးခြား သုတေသနပြုလုပ်ပေးရန် SRI အား တာဝန်ပေးခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ပါဝင်လုပ်ကိုင်သူများ၏ အခန်းကဏ္ဍကို စမ်းစစ်မည်၊ အလံတင်နိုင်ငံများ၊ ဆိပ်ကမ်းနိုင်ငံများ၊ သင်္ဘောပိုင်ရှင်များနှင့် သင်္ဘောမန်နေဂျာများအပါအဝင်-အပြင် ကျွန်ုပ်တို့အနေဖြင့် ရေယာဉ်မှူးများနှင့် သင်္ဘောသားများ၏ အမြင်များကို ရှာဖွေပါမည်။ အရေးကြီးသည့် ပါဝင်လုပ်ကိုင်သူတစ်ဦးမှာ ITF စိစစ်ရေးမှူးအဖွဲ့ (ITF inspectorate) ဖြစ်ပါသည်။ စိစစ်ရေးမှူးများသည် နေ့စဉ်အားဖြင့် ကမ္ဘာတစ်ဝန်း သင်္ဘောများထံ သွားရောက်ပြီး MLC မှာ လက်တွေ့ဘဝ၌ မည်သို့ အလုပ်ဖြစ်နေကြောင်း သီးသီးခြားခြား သတင်းပို့ပေးနိုင်ကြသည်။ သက္ကရာဇ် ၂၀၂၀ ခုနှစ်တွင် ITF စိစစ်ရေးမှူးများသည် မိမိတို့၏ ဆိပ်ကမ်းများသို့ ဆိုက်ရောက်လာသည့် သင်္ဘောများမှာ MLC ကို လိုက်နာမှု ရှိမရှိ နှင့်တကွ သင်္ဘောများပေါ် ရှိ သင်္ဘောသားများတွင် MLC နှင့်ပတ်သက်၍ မကျေနပ်ချက် တစ်ခုခု ရှိမရှိ သတင်းပို့ပေးရန် ရည်မှန်းထားသည့် စိစစ်ရေး လှုံ့ဆော်မှုကို ဆောင်ရွက်ပါမည်။ ဤရလဒ်အဖြေများကို အခြားသော စီမံကိန်းရလဒ်အဖြေများနှင့်အတူ သတင်းပို့ပါမည်။

MLC ၏ထိရောက်မှုအပေါ် အလုံးစုံ စိစစ်မှုကို အစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် သင်္ဘောသားများ၏ အခွင့်အရေးများနှင့် ကာကွယ်ပေးမှုကို စိတ်ဝင်စားသည့် အားလုံးသော ပါဝင်လုပ်ကိုင်သူများ အသုံးပြုရန်ဖြစ်ပါသည်။ ၎င်းသည် MLC အနေဖြင့် ဆက်လက်သက်ဆိုင်နေပြီး ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍက ဆက်လက် ထောက်ခံနေကြောင်း သေချာစေရန် အားပေးအားမြှောက်ပြုမည်ဖြစ်ပါသည်။ ■



# အကယ်၍ သင် စွန့်ပစ်ထားခံရလျှင် မြန်မြန် အရေးတယူလုပ်ဆောင်ပါ

**သင့်အနေဖြင့် သင်္ဘောပိုင်ရှင်က အောက်ပါတို့ကိုလုပ်သည့်အခါ သတိရှိစောင့်ကြည့်နေရမည်-**

- သင် အိမ်ပြန်မည့် ကုန်ကျစရိတ်ကို စိုက်ပေးရန် ပျက်ကွက်သည့်အခါ
- သင့်အား လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပံ့ပိုးပေးမှု မရှိဘဲ ပစ်ထားခဲ့သည့်အခါ သို့မဟုတ်
- အနည်းဆုံး နှစ်လအတွက် စာချုပ်အတိုင်း လုပ်ခများပေးရန် ပျက်ကွက်ခြင်း အပါအဝင် အခြားနည်းဖြင့် သူတို့သဘောအတိုင်း သင့်အား အဆက်ဖြတ်လိုက်သည့်အခါတို့ဖြစ်ပါသည်။

**အကယ်၍ အထက်ပါတို့ဖြစ်ပွားလျှင် သင်သည် အာမခံကုမ္ပဏီကို ချက်ချင်း ဆက်သွယ်ရမည်။**

**အကယ်၍ သင် အစွန့်ပစ်ခံထားရနိုင်သည်ဟု ထင်မြင်လျှင် အမြန်အရေးယူဆောင်ရွက်ပါ။ သင့်အနေဖြင့် အမြန်ဆုံး တိုင်တန်းရန်နှင့် သင့် အာမခံကုမ္ပဏီအား ဆက်သွယ်ရန် အခရာကျပါသည်။ ထိုသို့မှ မဟုတ်လျှင် သင် ငွေရေးကြေးရေးအရ ဆုံးရှုံးနိုင်ကြောင်း ITF ဌာနခွဲ လက်ထောက်အတွင်းရေးမှူးဖြစ်သူ Fabrizio Barcellona က သတိပေးလိုက်သည်။**

စွန့်ပစ်ခံရသည့် သင်္ဘောသားများအား အကာအကွယ်ပေးရန် ငွေကြေးဆိုင်ရာ လုံခြုံရေးသည် MLC ကို အတည်ပြုထားသည့် သို့မဟုတ် MLC အာဏာလွှမ်းမိုးသည့် ဆိပ်ကမ်းများ၌ ကုန်သွယ်နေသော အလံတင်သင်္ဘောအားလုံးအတွက် မဖြစ်မနေလုပ်ရမည့်ကိစ္စဖြစ်ပါသည်။

သင်္ဘောပိုင်ရှင်များတွင် အာမခံအမျိုးအစားတစ်မျိုး ရှိရမည်၊ သင်္ဘောသားများ တိုက်ရိုက် ရယူနိုင်ပြီး စွန့်ပစ်ခံရသည့် သင်္ဘောသားများကို အချိန်မီ ငွေကြေးအရ ကူညီပေးမည့် လုံလောက်သော ရန်ပုံငွေနှင့်အတူဖြစ်ရမည်။ ဆိုလိုသည်မှာ လပေါင်းများစွာ အစားအစာ၊ လုပ်ခနှင့် အိမ်ပြန်လမ်း မရှိဘဲ စွန့်ပစ်ထားခံရခြင်း အဆုံးသတ်မည်ကို ဆိုလိုသည်။

သင်္ဘောသားများအား အလုပ်ရှာပေးသည့်ကိုယ်စားလှယ်ကုမ္ပဏီများနှင့် သင်္ဘောသားများသည် သင်္ဘောသားများအား အလုပ်မခန့်မီ သင်္ဘောတစ်စီးတွင် သက်တမ်းရှိသော စွန့်ပစ်ထားမှုဆိုင်ရာ အာမခံရှိကြောင်း စစ်ဆေးသင့်ပါသည်။ ထို့ပြင် ၎င်းအာမခံလက်မှတ်ကို အတည်ပြု မပေးနိုင်လျှင် သင့်အနေဖြင့် အလုပ်ခန့်စာချုပ်ကို လက်မှတ်မထိုးမီ နှစ်ကြိမ် စဉ်းစားသင့်သည်။

ငွေကြေးလုံခြုံရေး အာမခံလက်မှတ်ကို အင်္ဂလိပ်စာဖြင့် သင်္ဘောပေါ်၌ သိသိသာသာ ပြသထားရမည်။ ၎င်းကို 'စည်းမျဉ်း ၂၅၊ ပင်လယ်ရေကြောင်း အလုပ်သမား စာချုပ် ၂၀၀၆ ခုနှစ် ပြင်ဆင်ချက် စံနှုန်း A၂.၅.၂ အရ လိုအပ်သည့် သင်္ဘောသားများ အိမ်အပြန် ကုန်ကျစရိတ်များနှင့် ပေးဆပ်ရန်တာဝန်ခံမှုကိစ္စတို့နှင့်ဆက်စပ်လျဉ်းသည့် အာမခံ လက်မှတ် သို့မဟုတ် အခြား ငွေကြေးဆိုင်ရာ လုံခြုံရေး' ('Certificate of Insurance or Other Financial Security in Respect of Seafarer Repatriation Costs and Liabilities as Required under Regulation 2.5, Standard A2.5.2 of the Maritime Labour Convention 2006 as Amended') ဟုခေါ်ပါသည်။

လက်မှတ်ကို သက်တမ်းရှိနေသေးကြောင်း P&I အသင်း ဝက်ဘ်ဆိုက်ရှိ သင့်သင်္ဘောကို ကြည့်ရှုခြင်းအားဖြင့် သို့မဟုတ် လက်မှတ်ပေါ် ရှိ အာမခံသူ နာမည်ကို ကြည့်ရှုခြင်းအားဖြင့် စစ်ဆေးပါ။

အကယ်၍ သင်သည် စွန့်ပစ်ခံရရန် အန္တရာယ်ရှိကြောင်း ထင်မြင်လျှင် သို့မဟုတ် နှစ်လစာ သို့မဟုတ် ပို၍ လုပ်ခ မရသေးလျှင်ဖြစ်ပြီး အိမ်ပြန်လိုလျှင် မြန်မြန် အရေးတယူလုပ်ပါ။ မကျေနပ်ချက်တိုင်ပြီး အာမခံကုမ္ပဏီကို တိုက်ရိုက် ဆက်သွယ်ပါ သို့မဟုတ် သင့်ကိုယ်စား လျှောက်ပေးရန် ITF ကိုမေးမြန်းပါ။

အာမခံကုမ္ပဏီသည် သင့်အား လုပ်ခကြွေးကျန် လေးလအထိနှင့် သင့်အလုပ်ခန့် စာချုပ် သို့မဟုတ် အလုပ်အကိုင်လုပ်ခ စာချုပ်အရ အခြားခံစားခွင့်များကို စိုက်ပေးပါမည်။ ၎င်းအတွက်ကြောင့် အလွန့်အလွန် နှောင့်နှေးမနေစေရန် အရေးကြီးပါသည်။ အကယ်၍ သင် လျှောက်ထားရန် ခြောက်လ စောင့်ဆိုင်းလျှင် သင့်အနေဖြင့် နောက်ပြန်လေးလအတွက်သာ လခရမည်ဖြစ်သည်။


ငွေကြေးလုံခြုံရေးသည် အားလုံးသော သင့်တင့်လျှောက်ပတ်သည့် ကုန်ကျစရိတ်များကိုလည်း ကျခံပေးရမည်၊ အောက်ပါတို့အပါအဝင်ဖြစ်သည်-

- လုံလောက်သော အစားအစာ
- လိုအပ်လျှင် အဝတ်အထည်
- နေရာထိုင်ခင်း
- သောက်ရေ
- သင်္ဘောပေါ် ရှင်သန်ရေးအတွက် မရှိမဖြစ်သည့် လောင်စာ
- လိုအပ်သည့် ဆေးဝါးဆိုင်ရာ စောင့်ရှောက်မှု တစ်ခုခု နှင့်
- အိမ်အပြန် ကုန်ကျစရိတ်များ ('သင့်တော်ပြီး မြန်ဆန်ထိရောက်သော ခရီးစဉ်၊ သာမန်အားဖြင့် လေကြောင်းဖြင့်၊ နှင့် အစားအစာ၊ နေရာထိုင်ခင်း နှင့် ကိုယ်ရေးကိုယ်တာ ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကဲ့သို့ အားလုံးသော သင့်တင့်သည့် ခရီးစဉ် ကုန်ကျစရိတ်များ)။ ■

ဆွဲထုတ်ရယူနိုင်သော သင်၏ လမ်းညွှန်

# အကူအညီ ရယူရေးအတွက်

# သင်၏ ITF လမ်းညွှန်




www.facebook.com/
itfseafarerssupport

## ပင်လယ်ရေကြောင်းဆိုင်ရာ သမဂ္ဂ သို့မဟုတ် ITF စိစစ်ရေးမှူးကို မည်သို့ ရှာဖွေမည်

**သင်၏ ပထမဦးဆုံး ဆက်သွယ်ရမည့်သူမှာ သင်၏ သမဂ္ဂဖြစ်သင့်သည်– အကယ်၍ သင် အဖွဲ့ဝင်တစ်ဦး မဟုတ်လျှင် မည်သို့ အဖွဲ့ဝင်ဖြစ်ရမည်ကို ရှာပါ။ အကယ်၍ သင် အကူအညီကို ချက်ချင်းလိုအပ်လျှင် သို့မဟုတ် သင်သည် သမဂ္ဂ အဖွဲ့ဝင်အဖြစ်ရှိနေခြင်းဖြင့် အခက်အခဲရှိနေသည့် သမဂ္ဂ အဖွဲ့ဝင်တစ်ဦးဖြစ်လျှင် ITF စိစစ်ရေးမှူးတစ်ဦးကို ဆက်သွယ်ပါ – ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက် အားလုံးကို ဤလမ်းညွှန်တွင် တွေ့ရှိနိုင်သည်။**

သင် ITF-အဖွဲ့ဝင် သမဂ္ဂများကို **www.itfseafarers.org** တွင် ကြည့်နိုင်သည် – Find an Inspector သို့မဟုတ် Union ဟူသော ခလုတ်ကို နှိပ်ပါ။

အကယ်၍ သင့်တွင် မိုဘိုင်းဖုန်း သို့မဟုတ် တက်ပ်လက် တစ်ခုရှိလျှင် အခမဲ့ ITF Seafarers app ကို **www.itfseafarers.org/seafarer-apps.cfm** မှ ယခု ဒေါင်းလုဒ်ဆွဲယူပါ။

- အနီးဆုံး ITF စိစစ်ရေးမှူး၊ ညှိနှိုင်းရေးအရာရှိ သို့မဟုတ် သမဂ္ဂအတွက် ဆက်သွယ်ရမည့် အသေးစိတ်အချက်များကို ရှာပါ
- သင် အလုပ်ကိုလက်မခံမီ သင်္ဘောကိုကြည့်ပြီး သင်္ဘောပေါ် ရှိအခြေအနေများကို စိစစ်ပါ
- သင့် အနားယူချိန် အချိန်နာရီများမှာ စည်းမျဉ်းများနှင့်အညီဖြစ်ကြောင်း စိစစ်ပါ

*အခမဲ့ QR code ကို သင့် စမတ်ဖုန်းထဲ ဒေါင်းလုဒ်ဆွဲယူပြီးနောက် ဤကုတ်ဒ်ကို စကင်လုပ်ပါ။*

ရရှိနိုင်သည့်နေရာ

## ITF ကို မည်သို့ ဆက်သွယ်ရမည်

SMS **+44 7984356573**
WhatsApp/Viber **+44 7523515097**
အီးမေးလ် **seafsupport@itf.org.uk**

## သင် ITF ကို မဆက်သွယ်မီ

**သက်ဆိုင်သော အချက်အလက်များကို အောက်ပါတို့ကို အမှန်ခြစ်ပေးခြင်းအားဖြင့် အဆင်သင့်လုပ်ထားပါ-**

*သင့် အကြောင်း*
- အမည်
- သင်္ဘောပေါ် ရှိ ရာထူး
- နိုင်ငံသား
- ဆက်သွယ်ရန် အသေးစိတ်

*သင်္ဘော အကြောင်း*
- အမည်
- အလံ
- IMO နံပါတ်
- လက်ရှိ တည်နေရာ
- သင်္ဘောသား အရေအတွက်နှင့် နိုင်ငံသား

*ပြဿနာအခက်အခဲ အကြောင်း*
- ပြဿနာအခက်အခဲ အကြောင်း ဖော်ပြပါ
- သင် သင်္ဘောပေါ် မည်မျှကြာနေပြီလဲ။
- သင်္ဘောသား အားလုံး ပြဿနာအတူတူ ကြုံတွေ့နေပါသလား။

## သင်္ဘောသားများ၏ စင်တာရုံးများ

**သင်္ဘောသားများ၏ စင်တာရုံးများသည် အကြံဉာဏ်ပေးသည်၊ တစ်စုံတစ်ယောက်နှင့်စကားပြောစေသည်၊ အိမ်နှင့်ဆက်သွယ်ရန် ပံ့ပိုးအရာများ လုပ်ပေးသည်ဖြစ်ပြီး သင်္ဘောမှ အဝေးတွင် သက်သောင့်သက်သာ အဆင်ပြေနေနိုင်ရန် နေရာကို လုပ်ပေးသည်။**

သင်နှင့်နီးသည့် သင်္ဘောသားများ၏ စင်တာတစ်ခုကို ရှာဖွေရန် အခမဲ့ Shoreleave app ကို

**www.itfseafarers.org/seafarer-apps.cfm**
ဒေါင်းလုဒ်ဆွဲယူပါ

ရရှိနိုင်သည့်နေရာ

## အငှါးခံရခြင်း သင်္ဘောသားခန့် ကိုယ်စားလှယ်များ

**ပင်လယ်ရေကြောင်း အလုပ်သမား စာချုပ် ၂၀၀၆ ခုနှစ်က ဆိုသည်မှာ ပုဂ္ဂလိက သင်္ဘောသားခန့် ကိုယ်စားလှယ်ရုံးများကို စည်းမျဉ်းကြပ်မတ်ရမည်။ စည်းမျဉ်းက တားမြစ်သည်မှာ- သင်္ဘောပေါ် ရာထူးနေရာများ ရှာဖွေပေးသည့်အတွက် သင်္ဘောသားများအား အခကြေး ကျခံစေခြင်း၊ လုပ်ခများမှ တရားမဝင် ဖြတ်တောက်မှုများ လုပ်ခြင်း၊ နှင့် တစ်ဦးချင်းပုဂ္ဂိုလ်များအား နာမည်ပျက်စာရင်းသွင်းသည့် လုပ်ပုံကိုင်ပုံတို့ဖြစ်သည်။ သင်္ဘောပိုင်ရှင်များအနေဖြင့် မိမိတို့ သုံးသည့် သင်္ဘောသားခန့် ကိုယ်စားလှယ်များမှာ ဤစံနှုန်းများနှင့် ကိုက်ညီကြောင်း သေချာစေရမည်။**

## အလုပ်ခန့် ကန်ထရိုက်စာချုပ်ကို သင် လက်မှတ်မထိုးမီ

## ITF သည် သင် ပင်လယ်ပြင်၌ အလုပ်လုပ်ရန် သင့်စာချုပ်နှင့်ပတ်သက်၍ အကြံပေးသည်

**ပင်လယ်ပြင်၌ ထိုက်သင့်သော အလုပ်အကိုင် အခြေအနေများ၏ အကောင်းဆုံး အာမခံချက်မှာ ITF-အတည်ပြုထားသည့် အလုပ်အကိုင်လုပ်ခ စာချုပ်နှင့်အညီ ရေးဆွဲထားသည့် အလုပ်ခန့် စာချုပ်ကိုသာ လက်မှတ်ထိုးရန်ဖြစ်သည်။ ၎င်းကို ပျက်ကွက်နေလျှင် လိုက်နာရန် စိစစ်ရမည့်စာရင်း အောက်တွင်ရှိသည်။**

- စာဖြင့်ရေးသားထားသည့် စာချုပ်မရှိဘဲ သင်္ဘောပေါ် အလုပ်စတင် မလုပ်ပါနှင့်။

- မည်သည့်အခါမျှ စာချုပ် အလွတ်ကို လက်မှတ်မထိုးပါနှင့်၊ သို့မဟုတ် ဖော်ပြမထားသည့် သို့မဟုတ် သင် မယဉ်ပါးသည့် သတ်မှတ်ချက်နှင့် စည်းကမ်းချက်များ တစ်ခုခုဖြင့် သင့်အား ချည်နှောင်ထားသည့် အလုပ်ခန့်စာချုပ်ကို လက်မှတ်မထိုးပါနှင့်။

- သင် လက်မှတ်ရေးထိုးနေသည့် စာချုပ်မှာ အလုပ်အကိုင်လုပ်ခ စာချုပ် (CBA) ကို ရည်ညွှန်းထားသည့် ဟုတ်မဟုတ် စိစစ်ပါ။ အကယ်၍ ဟုတ်လျှင် CBA သတ်မှတ်ချက်များကို သင် အပြည့်အဝ နားလည်ကြောင်း သေချာအောင်လုပ်ပြီး ၎င်းမိတ္တူတစ်စောင်ကို သင့် အလုပ်ခန့်စာချုပ်နှင့်အတူ သိမ်းထားပါ။

- စာချုပ်သက်တမ်းကို ရှင်းရှင်းလင်းလင်း ရေးသားထားကြောင်း သေချာအောင်လုပ်ပါ။

- သင်္ဘောပိုင်ရှင်၏ သဘောသက်သက်ဖြင့် စာချုပ်သက်တမ်းကို ပြင်ဆင်ရန်အတွက် ခွင့်ပြုထားသည့် စာချုပ်ကို လက်မှတ်မထိုးပါနှင့်။ စာချုပ်သက်တမ်းအပေါ် သဘောတူထားသည့် ပြောင်းလဲမှုတစ်ခုခုကို နှစ်ဖက် သဘောတူညီချက်ဖြင့် လုပ်ရလိမ့်မည်။

- ပေးရမည်ဖြစ်သည့် အခြေခံ လုပ်ခများကို စာချုပ်တွင် ရှင်းရှင်းလင်းလင်း ရေးသားထားကြောင်း အမြဲ သေချာအောင်လုပ်ပါ၊ ထို့ပြင် အခြေခံ အလုပ်လုပ်ချိန် အချိန်နာရီများကို ရှင်းရှင်းaလင်းလင်း သတ်မှတ်ထားကြောင်း သေချာအောင်လုပ်ပါ (ဥပမာ၊ တစ်ပတ် ၄၀၊ ၄၄ သို့မဟုတ် ၄၈ နာရီ)။ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (The International Labour Organization (ILO)) က ဆိုသည်မှာ အခြေခံ အလုပ်လုပ်ချိန် အချိန်နာရီများမှာ တစ်ပတ် အများဆုံး ၄၈ နာရီ ဖြစ်ရလိမ့်မည် (တစ်လ ၂၀၈ နာရီ)။

- စာချုပ်သည် အချိန်ပိုအလုပ်ကို မည်ကဲ့သို့ ပေးမည်နှင့် မည်သည့်နှုန်းဖြင့်ပေးမည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားကြောင်း သေချာအောင်လုပ်ပါ။ အခြေခံ အလုပ်လုပ်ချိန် အချိန်နာရီထက် ကျော်လွန်သွားသည့် အချိန်နာရီအားလုံးအတွက် လုပ်ခကို ပုံသေနာရီနှုန်းဖြင့် ပေးရန် ဖြစ်နိုင်သည်။ သို့မဟုတ် အာမခံထားသည့် အချိန်ပိုအလုပ် နာရီများအတွက် လစဉ် ပုံသေအရေအတွက် ရှိနိုင်သည်၊ ဤကိစ္စ၌ အာမခံထားသည့် အချိန်ပိုအလုပ်ချိန်ထက် ကျော်လွန်သော အလုပ်လုပ်ချိန် တစ်ခုခုအတွက် လုပ်ခနှုန်းထားကို ရှင်းရှင်းလင်းလင်း ဖော်ပြထားရလိမ့်မည်။ ILO က ဆိုသည်မှာ အားလုံးသော အချိန်ပိုအလုပ် အချိန်နာရီများကို ပုံမှန် နာရီလုပ်ခနှုန်းထက် အနည်းဆုံး ၁.၂၅ ဆ နှုန်းဖြင့် ပေးသင့်သည်။

- သင်ရရှိမည်ဖြစ်သည့် လုပ်ခဖြင့်ခွင့်ကို တစ်လ ဘယ်နှစ်ရက်ဖြစ်ကြောင်း စာချုပ်တွင် ရှင်းရှင်းလင်းလင်း ရေးသားထားရန် သေချာအောင်လုပ်ပါ။ ILO က ဆိုသည်မှာ လုပ်ခဖြင့်ခွင့်မှာ တစ်နှစ်လျှင် ရက်ပေါင်း ၃၀ ထက် မနည်းသင့်ပါ (ပြက္ခဒိန်လ တစ်လလျှင် ၂.၅ ရက်)။

- အခြေခံ လုပ်ခများအတွက် ပေးငွေများ၊ အချိန်ပိုအလုပ်နှင် ခွင့်တို့ကို စာချုပ်တွင် ရှင်းရှင်းလင်းလင်း သီးခြားစီ အမှတ်စဉ်တပ်ရေးထားကြောင်း သေချာစေပါ။

- သင့် အိမ်အပြန် ကုန်ကျစရိတ်များကို သင် ရပိုင်ခွင့်ရှိကြောင်း သင့် စာချုပ်တွင် ရေးသားထားသည်ကို စစ်ဆေးပါ။ သင်္ဘောဆီသို့ ခရီးထွက်လာရန် သို့မဟုတ် အိမ်အပြန် ကုန်ကျစရိတ် တစ်စိတ်တစ်ပိုင်းကို ပေးရန်အတွက် သင့်တွင် တာဝန်ရှိသည်ဟု ရေးသားထားသည့် စာပိုဒ် တစ်ခုခု ပါရှိနေသည့် စာချုပ်တစ်ခုကို မည်သည့်အခါမျှ လက်မှတ် မထိုးပါနှင့်။

- အလုပ်ခန့်စာချုပ် ကာလအတွင်း သင့် လုပ်ခ တစ်စိတ်တစ်ပိုင်းကို ချန်ထားရန် သို့မဟုတ် ထိန်းသိမ်းယူထားရန် သင်္ဘောပိုင်ရှင်အား ခွင့်ပြုသည့် စာချုပ်တစ်ခုကို လက်မှတ်မထိုးပါနှင့်။ သင်သည် ပြက္ခဒိန်လ လကုန်ဆုံးရက်တွင် ရှာခဲ့သည့် လုပ်ခများ အပြည့်ပေးချေမှုကို သင် ရပိုင်ခွင့်ရှိရလိမ့်မည်။

- အလုပ်ခန့် စာချုပ်တစ်ခုချင်းသည် အမြဲအားဖြင့် အပို အကျိုးခံစားခွင့်များ အသေးစိတ်ကို ပါရှိမည် မဟုတ်ကြောင်း သိရှိထားပါ။ ထို့ကြောင့် အောက်ပါကိစ္စဖြစ်ပွားသည့်အခါ မည်သည့် လျော်ကြေး ပေးမည်ကို အတည်ပြုချက် (စာဖြင့်ရေးသားထားသည့် သဘောတူညီချက် သို့မဟုတ် စာချုပ် အကျိုးခံစားခွင့်တို့အားဖြင့်) ရယူရန် ကြိုးစားပါ-
  - အလုပ်စာချုပ် ကာလအတွင်း နာမကျန်းဖြစ်မှု သို့မဟုတ် ထိခိုက်ဒဏ်ရာရှိမှု
  - သေဆုံးမှု (အနီးစပ်ဆုံး ဆွေမျိုးအား ပေးရန်ငွေပမာဏ)
  - သင်္ဘော ပျောက်ဆုံးမှု
  - သင်္ဘော ပျောက်ဆုံးမှုကြောင့် ကိုယ်ရေးကိုယ်တာ ပစ္စည်း ဆုံးရှုံးမှု
  - အလုပ်ခန့်စာကို အချိန်မတိုင်မီ အဆုံးသတ်ခြင်း

- သင်ကြိုက်နှစ်သက်သည့် ကုန်သွယ် သမဂ္ဂသို့ အသင်းဝင်ရန်၊ ဆွေးနွေးရန် သို့မဟုတ် ကိုယ်စားပြုခံရရန် သင့်အခွင့်အရေးကို ကန့်သတ်သည့် စာပိုဒ်တစ်ခုခု ပါရှိသည့် စာချုပ်ကို လက်မှတ်မထိုးပါနှင့်။

- သင် လက်မှတ်ထိုးလိုက်သည့် စာချုပ် မိတ္တူတစ်စောင်ကို သင့်အား ပေးပြီးရယူထားရန် သေချာစေပါ။

- သင့် စာချုပ် အဆုံးသတ်ရေးအတွက် စည်းကမ်းချက်များကို စစ်ဆေးပါ၊ သင့် စာချုပ်ကို အဆုံးသတ်ရန် သင်္ဘောပိုင်ရှင်အနေဖြင့် မည်မျှကြိုတင် နို့တစ်စာပေးရမည်ဖြစ်ကြောင်း အပါအဝင်ဖြစ်သည်။

- သတိထားပါ... သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များ မည်သို့ပင်ဖြစ်စေ သင် မိမိသဘောအလျောက် ချုပ်ဆိုသည့် စာချုပ်/သဘောတူချက် တစ်ခုခုသည် စီရင်ပိုင်ခွင့်အများစုတွင် တရားဝင် ချည်နှောင်မှုရှိသည်ဟု မှတ်ယူလိမ့်မည်။

သင့်သင်္ဘောသည် ITF-အတည်ပြုပြီးဖြစ်သည့် စာချုပ်အရ အကျုံးဝင် မဝင် သိရှိရန် ဝက်ဘ်ဆိုက် itf.seafarers.org သို့ဝင်ရောက်၍ 'Look Up a Ship' ခလုတ်ကို ကလစ်နှိပ်ပါ။

သင်္ဘောကို ကြည့်ရန် မိုဘိုင်းဖုန်းများအတွက် ITF Seafarer App အသစ်ကို သုံးပါ။
**www.itfseafarers.org/seafarer-apps.cfm**

# ITF စိစစ်ရေးမှူးများ စာရင်း



| အမည် | ရာထူး | နိုင်ငံ | ဆိပ်ကမ်း | ရုံးဖုန်း | မိုဘိုင်းဖုန်း | အီးမေးလ် |
|---|---|---|---|---|---|---|
| Hassen Mellis | စိစစ်ရေးမှူး | အဲလ်ဂျီးရီးယား | အလ်ဂျီးယားစ် | +213 21 65 31 87 | | mellis_hassen@itf.org.uk |
| Roberto Jorge Alarcón | ညှိနှိုင်းရေးအရာရှိ | အာဂျင်တီးနား | ရော့စ်ဆားရီယို | +54 341 425 6695 | +54 9 11 4414 5687 | alarcon_roberto@itf.org.uk |
| Dean Summers | ညှိနှိုင်းရေးအရာရှိ | ဩစတြေးလျ | ဆစ်ဒနီ | +61 2 9267 9134 | +61 419 934 648 | summers_dean@itf.org.uk |
| Matt Purcell | လက်ထောက် ညှိနှိုင်းရေးအရာရှိ | ဩစတြေးလျ | မဲလ်ဘုန်း | +61 3 9329 5477 | +61 418 387 966 | purcell_matt@itf.org.uk |
| Keith McCorriston | စိစစ်ရေးမှူး | ဩစတြေးလျ | ဖရီးမင်တဲလ် | +61 8 9335 0500 | +61 422 014 861 | mccorriston_keith@itf.org.uk |
| Sarah Maguire | စိစစ်ရေးမှူး | ဩစတြေးလျ | ဂလက်စတန် | | +61 434525416 | maguire_sarah@itf.org.uk |
| Christian Roos | စိစစ်ရေးမှူး | ဘဲလ်ဂျီယန် | ဇီးဘရုတ်ဂ် | +32 2 549 11 03 | +32 486 123 890 | roos_christian@itf.org.uk |
| Marc Van-Noten | စိစစ်ရေးမှူး | ဘဲလ်ဂျီယန် | အင်းတွဖ် | +32 3 224 3419 | +32 475 775700 | van-noten_marc@itf.org.uk |
| Rino Huijsmans | စိစစ်ရေးမှူး | ဘဲလ်ဂျီယန် | အင်းတွဖ် | +32 3 224 3414 | +32 473 97 31 95 | huijsmans_rino@itf.org.uk |
| Ali Zini | စိစစ်ရေးမှူး | ဘရာဇီးလ် | ပါရာနာဂွာ | +55 41 34220703 | +55 41 99998 0008 | zini_ali@itf.org.uk |
| Renialdo de Freitas | စိစစ်ရေးမှူး | ဘရာဇီးလ် | ဆန်းတို့စ် | +55 13 3232 2373 | +55 13 99761 0611 | defreitas_renialdo@itf.org.uk |
| Vladimir Miladinov | စိစစ်ရေးမှူး | ဘူလ်ဂေရီးယား | ဗာနာ | +359 2 931 5124 | +359 887 888 921 | miladinov_vladimir@itf.org.uk |
| Peter Lahay | ညှိနှိုင်းရေးအရာရှိ | ကနေဒါ | ဗင်ကူးဗား | +1 604 251 7174 | +1 604 418 0345 | lahay_peter@itf.org.uk |
| Karl Risser | စိစစ်ရေးမှူး | ကနေဒါ | ဟာလီဖက်စ် | +1 902 455 9327 | +1 902 237 4403 | risser_karl@itf.org.uk |
| Nathan Smith | စိစစ်ရေးမှူး | ကနေဒါ | ဗင်ကူးဗား | +1 604 251 7174 | +1 604 791 5216 | Smith_Nathan@itf.org.uk |
| Vincent Giannopoulos | စိစစ်ရေးမှူး | ကနေဒါ | မွန်ထရီရယ်လ် | +1 514 931 7859 | +1 514 970 4201 | giannopoulos_vincent@itf.org.uk |
| Juan Villalon Jones | စိစစ်ရေးမှူး | ချီလီ | ဗဲလ်ပရိုင်းဆို | +56 32 2217727 | +56 99 2509565 | villalon_juan@itf.org.uk |
| Miguel Sanchez | စိစစ်ရေးမှူး | ကိုလံဘီယာ | ဘရင်ကွီးလား | +57 310 657 3399 | +57 310 657 3399 | sanchez_miguel@itf.org.uk |
| Romano Peric | ညှိနှိုင်းရေးအရာရှိ | ကရိုးရှား | ဒဖ်ရိုနစ်ဂ်/ပလော့စ် | +385 20 418 992 | +385 99 266 2885 | peric_romano@itf.org.uk |
| Milko Kronja | စိစစ်ရေးမှူး | ကရိုးရှား | စီဘင်နစ်ဂ် | +385 22 200 320 | +385 98 336 590 | kronja_milko@itf.org.uk |
| Morten Bach | စိစစ်ရေးမှူး | ဒင်းမတ် | ကိုပင်ဟီဂင် | +45 88920355 | +45 21649562 | bach_morten@itf.org.uk |
| Peter Hansen | စိစစ်ရေးမှူး | ဒင်းမတ် | ကိုပင်ဟီဂင် | +45(0)36 36 55 85 | +45 30582456 | hansen_peter@itf.org.uk |
| Jaanus Kuiv | စိစစ်ရေးမှူး | အက်စ်တိုးနီးယား | တဲလ်လင် | | +372 52 37 907 | Kuiv_Jaanus@itf.org.uk |
| Kenneth Bengts | ညှိနှိုင်းရေးအရာရှိ | ဖင်လန် | ဟဲလ်စင်းစကီး | +358 9 615 20 258 | +358 40 455 1229 | bengts_kenneth@itf.org.uk |
| Jan Örn | လက်ထောက် ညှိနှိုင်းရေးအရာရှိ | ဖင်လန် | တာရကူ | +358 9 613 110 | +358 40 523 33 86 | orn_jan@itf.org.uk |
| Heikki Karla | စိစစ်ရေးမှူး | ဖင်လန် | ဟဲလ်စင်းစကီး | | +358 50 4356 094 | karla_heikki@itf.org.uk |
| Ipo Minkkinen | စိစစ်ရေးမှူး | ဖင်လန် | ဟဲလ်စင်းစကီး | | +358 40 7286932 | minkkinen_ilpo@itf.org.uk |
| Pascal Pouille | ညှိနှိုင်းရေးအရာရှိ | ပြင်သစ် | ဒန်းကတ် | +33 3 28 21 32 89 | +33 3 80 23 95 86 | pouille_pascal@itf.org.uk |
| Corine Archambaud | စိစစ်ရေးမှူး | ပြင်သစ် | လီ ဟာဖ် | +33 232728295 | +33 685522767 | archambaud_corine@itf.org.uk |
| Geoffroy Lamade | စိစစ်ရေးမှူး | ပြင်သစ် | စိန့် နာဇရီ | +33 2 40 22 54 62 | +33 660 30 12 70 | lamade_geoffroy@itf.org.uk |
| Laure Tallonneau | စိစစ်ရေးမှူး | ပြင်သစ် | ဘရက်စ် | +33 2 98 85 21 65 | +33 6 85 65 52 98 | tallonneau_laure@itf.org.uk |
| Yves Reynaud | စိစစ်ရေးမှူး | ပြင်သစ် | မာဆေးလ် | +33 4 915 499 37 | +33 6 07 68 16 34 | reynaud_yves@itf.org.uk |
| Merab Chijavadze | စိစစ်ရေးမှူး | ဂျော်ဂျီယာ | ဘတူးမီ | +995 422 270177 | +995 5 93 261303 | chijavadze_merab@itf.org.uk |
| Sven Hemme | ညှိနှိုင်းရေးအရာရှိ | ဂျာမနီ | ဘရီမာဟေဗင် | +49 471 92189209 | +49 151 27037384 | hemme_sven@itf.org.uk |
| Susan Linderkamp | လက်ထောက် ညှိနှိုင်းရေးအရာရှိ | ဂျာမနီ | ဘရီမန် | +49 421 330 33 33 | +49 1511 2 666 006 | linderkamp_susan@itf.org.uk |
| Hamani Amadou | စိစစ်ရေးမှူး | ဂျာမနီ | ရော့စ်စတော့ | +49 381 670 0046 | +49 170 7603862 | amadou_hamani@itf.org.uk |
| Karin Friedrich | စိစစ်ရေးမှူး | ဂျာမနီ | ဟမ်းဘတ် | +49 40 2800 6812 | +49 170 85 08 695 | friedrich_karin@itf.org.uk |
| Catherine Haizel | စိစစ်ရေးမှူး | ဂါနာ | တင်မာ | | +233(0) 266 457 793 | haizel_catherine@itf.org.uk |
| Liam Wilson | စိစစ်ရေးမှူး | ဂရိတ် ဗြိတိန် | စကော့တလန် | +44 1224 210 118 | +44 7539 171 323 | wilson_liam@itf.org.uk |
| Paul Keenan | စိစစ်ရေးမှူး | ဂရိတ် ဗြိတိန် | အရှေ့မြောက် အင်္ဂလန် | +44 20 8989 6677 | +44 7710 073880 | keenan_paul@itf.org.uk |
| Tommy Molloy | စိစစ်ရေးမှူး | ဂရိတ် ဗြိတိန် | အနောက်မြောက် အင်္ဂလန် | +44 151 639 8454 | +44 776 418 2768 | molloy_tommy@itf.org.uk |
| Stamatis Kourakos | ညှိနှိုင်းရေးအရာရှိ | ဂရိ | ပီရေးရက်စ် | +30 210 411 6610/6604 | +30 6 9 77 99 3709 | kourakos_stamatis@itf.org.uk |
| Costas Halas | စိစစ်ရေးမှူး | ဂရိ | ပီရေးရက်စ် | +30 210 411 6610/6604 | +30 6944 297 565 | halas_costas@itf.org.uk |
| Nikolaos Chalas | စိစစ်ရေးမှူး | ဂရိ | ပီရေးရက်စ် | +30 210 411 6610 | +30 69420 35 881 | Chalas_Nikos@itf.org.uk |
| Jason Lam Wai Hong | စိစစ်ရေးမှူး | ဟောင်ကောင် | တရုတ် | +852 2541 8133 | +852 9735 3579 | lam_jason@itf.org.uk |
| Jónas Gardarsson | စိစစ်ရေးမှူး | အိုင်းစ်လန် | ရေးဂျာဗစ် | +354 551 1915 | +354 892 79 22 | gardarsson_jonas@itf.org.uk |
| B V Ratnam | စိစစ်ရေးမှူး | အိန္ဒိယ | ဗီဆာပတာနမ် | +91 8912 502 695 / 8912 552 592 | +91 9 8481 980 25 | ratnam_bv@itf.org.uk |
| Chinmoy Roy | စိစစ်ရေးမှူး | အိန္ဒိယ | ကလာကတ္တား | +91 33 2439 1312 | +91 98300 43094 | roy_chinmoy@itf.org.uk |
| K Sreekumar | စိစစ်ရေးမှူး | အိန္ဒိယ | ချနိုင်း | +91 44 2522 3539 | +91 9381001311 | kumar_sree@itf.org.uk |
| Louis Gomes | စိစစ်ရေးမှူး | အိန္ဒိယ | မွန်းဘိုင်း | +91 22 2261 8368 | +91 8080556373 | gomes_louis@itf.org.uk |
| Mukesh Vasu | စိစစ်ရေးမှူး | အိန္ဒိယ | ကန်ဒလာ | +91 2836 226 581 | +91 94272 67843 | vasu_mukesh@itf.org.uk |
| Narayan Adhikary | စိစစ်ရေးမှူး | အိန္ဒိယ | ဟောလ်ဒီယာ | +91 3224 252203 | +91 9434517316 | Adhikary_Narayan@itf.org.uk |
| Thomas Sebastian | စိစစ်ရေးမှူး | အိန္ဒိယ | ကိုချီ | +91 484 2666409 | +91 98950 48607 | sebastian_thomas@itf.org.uk |
| Ken Fleming | ညှိနှိုင်းရေးအရာရှိ | အိုင်ယာလန် | ဒါဗ်လင် | +353 1 85 86 317 | +353 87 64 78636 | fleming_ken@itf.org.uk |
| Michael Whelan | စိစစ်ရေးမှူး | အိုင်ယာလန် | ဒါဗ်လင် | | +353 872501729 | whelan_michael@itf.org.uk |
| Assaf Hadar | စိစစ်ရေးမှူး | အီဇရေးလ် | ဟိုင်ဖာ | +972 4 8512231 | | hadar_assaf@itf.org.uk |
| Francesco Di Fiore | ညှိနှိုင်းရေးအရာရှိ | အီတလီ | ဂျီနိုရာ | +39 10 25 18 675 | +39 33 1670 8367 | difiore_francesco@itf.org.uk |
| Bruno Nazzarri | စိစစ်ရေးမှူး | အီတလီ | လီဗိုနို | +39 (0) 586 072379 | +39 335 612 9643 | nazzarri_bruno@itf.org.uk |
| Francesco Saitta | စိစစ်ရေးမှူး | အီတလီ | ပလားမိုး၊ စစ္စလီ | +39 91 321 745 | +39 338 698 4978 | saitta_francesco@itf.org.uk |
| Gianbattista Leoncini | စိစစ်ရေးမှူး | အီတလီ | တရမ်းတိုး | +39 99 4707 555 | +39 335 482 703 | leoncini_gianbattista@itf.org.uk |
| Paolo Serretiello | စိစစ်ရေးမှူး | အီတလီ | နက်ပလက်စ် | +39 81 265021 | +39 335 482 706 | serretiello_paolo@itf.org.uk |
| Paolo Siligato | စိစစ်ရေးမှူး | အီတလီ | ထရစ်တီး | | +39 3484454343 | siligato_paolo@itf.org.uk |
| Fusao Ohori | ညှိနှိုင်းရေးအရာရှိ | ဂျပန် | တိုကျို | +81 (0)3 5410 8320 | +81 (0)90 6949 5469 | ohori_fusao@itf.org.uk |
| Junya Ishino | စိစစ်ရေးမှူး | ဂျပန် | နဂိုယာ | +81 52 655 5880 | +81 90 5553 8193 | ishino_junya@itf.org.uk |
| Shigeru Fujiki | စိစစ်ရေးမှူး | ဂျပန် | ချီဘာ | +81 3 3735 0392 | +81 90 9826 9411 | fujiki_shigeru@itf.org.uk |
| Yoshihiro Toyomitsu | စိစစ်ရေးမှူး | ဂျပန် | တိုကျို | +81(0)3 5410 8320 | +81 90 5306 2494 | toyomitsu_yoshihiro@itf.org.uk |
| Betty Makena Mutugi | စိစစ်ရေးမှူး | ကင်ညာ | မွန်ဘားဆ | +254 41 2230027 | +254 721 425828 | mutugi_betty@itf.org.uk |
| HK Kim | ညှိနှိုင်းရေးအရာရှိ | ကိုးရီးယား ပြည်ထောင်စု | ပူဆမ်း | +82 51 469 0294 | +82 10 5441 1232 | kim_hk@itf.org.uk |
| Bae Jung Ho | စိစစ်ရေးမှူး | ကိုးရီးယား ပြည်ထောင်စု | ပူဆမ်း | +82 51 463 4828 | +82 10 3832 4628 | bae_jh@itf.org.uk |
| Moon Hyeokjin | စိစစ်ရေးမှူး | ကိုးရီးယား ပြည်ထောင်စု | အင်ချီယွန် | +82 32 881 9880 | +82 10 4444 8436 | hyeokjin_moon@itf.org.uk |
| Norbert Petrovskis | စိစစ်ရေးမှူး | လဒ်ဗီးယား | ရီဂါ | +371 677 09242 | +371 292 25236 | petrovskis_norbert@itf.org.uk |
| Andrey Chernov | စိစစ်ရေးမှူး | လိတူရင်နီးယား | ကလိုင်ပီးဒါ | | +370 699 28198 | chernov_andrey@itf.org.uk |
| Paul Falzon | အဆက်အသွယ် | မောလ်တာ | ဗာလက်တာ | +356 79969670 | +356 79969670 | falzon_paul@itf.org.uk |
| Enrique Lozano Díaz | စိစစ်ရေးမှူး | မက်စီကို | ဗာရာခရို့စ် | +52 229 932 1367 | +52 1 229 161 0700 | lozano_enrique@itf.org.uk |
| Jose Antonio Ramirez-Pelayo | စိစစ်ရေးမှူး | မက်စီကို | မန်ဇန်နီလိုး | +52 (314) 688-2936 | +52 (1) 314 172 8089 | ramirez_jose@itf.org.uk |
| Tomislav Markolović | အဆက်အသွယ် | မွန်တီနီးဂရိုး | ဘား | +382 30 315 105 | +382 69 032 257 | markolovic_tomislav@itf.org.uk |
| Hamid Rachik | စိစစ်ရေးမှူး | မော်ရိုကို | ကာဆမ်ဘလန်ကာ | | | rachik_hamid@itf.org.uk |
| Aswin Noordermeer | စိစစ်ရေးမှူး | နယ်သာလန် | ရော့တာဒမ် | | +31 6 53 337522 | noordermeer_aswin@itf.org.uk |
| Debbie Klein | စိစစ်ရေးမှူး | နယ်သာလန် | ရော့တာဒမ် | | +31 6 53 182 734 | klein_debbie@itf.org.uk |
| Gijs Mol | စိစစ်ရေးမှူး | နယ်သာလန် | ရော့တာဒမ် | | +31 622 89 08 77 | mol_gijs@itf.org.uk |
| Koen Keehnen | စိစစ်ရေးမှူး | နယ်သာလန် | ရော့တာဒမ် | +31 883680368 | +31 624 336109 | keehnen_koen@itf.org.uk |
| Grahame McLaren | စိစစ်ရေးမှူး | နယူးဇီလန် | ဝဲလ်လင်တန် | +64 4 801 7613 | +64 21 292 1782 | mclaren_grahame@itf.org.uk |

# ကမ္ဘာတဝန်းမှ သင်္ဘောသားများအား အကူအညီပေးခြင်း





**ITF HEAD OFFICE**
LONDON, UK
ဖုန်း- +44 (0) 20 7403 2733
အီးမေးလ်- mail@itf.org.uk

**ETF EUROPE**
BRUSSELS, BELGIUM
ဖုန်း- +32 (0) 2 285 46 60
အီးမေးလ်- etf@etf-europe.org

**ITF AMERICAS**
RIO DE JANEIRO, BRASIL
ဖုန်း- +55 (21) 2223.0410
အီးမေးလ်- itf_americas@itf.org.uk

ITF စစ်ဆေးရေးမှူးများ၏ ဆက်သွယ်ရန်အချက်အလက် အပြည့်အစုံ ကြည့်ရန် www.itfseafarers.org/find_inspector.cfm

# ITF စိစစ်ရေးမှူးများ




**ITF AFRICA**
NAIROBI, KENYA
ဖုန်း- +254 20 374 2774/5
အီးမေးလ်- nairobi@itf.org.uk

**ITF AFRICA (FRANCOPHONE)**
ABIDJAN, COTE D'IVOIRE

**ITF ARAB WORLD**
AMMAN, JORDAN
ဖုန်း- +962 (0) 6 5821366
အီးမေးလ်- arab-world@itf.org.uk

**ITF ASIA PACIFIC**
DELHI, INDIA
ဖုန်း- +91 (0) 11 2335 4408 / 7423 or 11 2373 1669
အီးမေးလ်- itfindia@vsnl.com
TOKYO, JAPAN
ဖုန်း- +81 (0) 337 982 770
အီးမေးလ်- mail@itftokyo.org
SYDNEY, AUSTRALIA
ဖုန်း- +61 420 928 780 / Tel: +64 21 227 1519
အီးမေးလ်- sydneyoffice@itf.org.uk
SINGAPORE
52 Chin Swee Road
#05-00 Seacare Building
Singapore 169875
HONG KONG
ITF (FOC) Campaign Office
Rooms 1105 Alliance Building
133 Connaught Road C
Sheung Wan
Hong Kong, China

# ITF စိစစ်ရေးမှူးများ စာရင်း အဆက်

| အမည် | ရာထူး | နိုင်ငံ | ဆိပ်ကမ်း | ရုံးဖုန်း | မိုဘိုင်းဖုန်း | အီးမေးလ် |
|---|---|---|---|---|---|---|
| Angelica Gjestrum | ညှိနှိုင်းရေးအရာရှိ | နော်ဝေး | အော့စ်လို | +47 22 82 58 24 | +47 9 77 29 357 | gjestrum_angelica@itf.org.uk |
| Truls M Vik Steder | စိစစ်ရေးမှူး | နော်ဝေး | ပေါစ်ဂရမ် | +47 35 54 82 40 | +47 90 98 04 87 | steder_truls@itf.org.uk |
| Yngve Lorentsen | စိစစ်ရေးမှူး | နော်ဝေး | ထရောမ်ဆို | +47 (0) 77 69 93 46 | +47 41401222 | lorentsen_yngve@itf.org.uk |
| Luis Carlos Fruto | စိစစ်ရေးမှူး | ပနားမား | ကရစ်တိုဘော/ဘဲလ်ဘိုဝါ | +507 315 1904 | +507 6617 8525 | fruto_luis@itf.org.uk |
| Joselito Pedaria | စိစစ်ရေးမှူး | ဖိလစ်ပိုင် | စီးဘူးစီးတီး | +63 32 256 16 72 | +63 920 9700 168 | pedaria_joselito@itf.org.uk |
| Rodrigo Aguinaldo | စိစစ်ရေးမှူး | ဖိလစ်ပိုင် | မနီလာ | +63 2 536 8287 | +63 917 8111 763 | aguinaldo_rodrigo@itf.org.uk |
| Adam Mazurkiewicz | ညှိနှိုင်းရေးအရာရှိ | ပိုလန် | ဆဇီချင် | +48 91 4239707 | +48 501 539329 | mazurkiewicz_adam@itf.org.uk |
| Grzegorz Daleki | စိစစ်ရေးမှူး | ပိုလန် | ဒင်နီးယား/ဒါးနတ် | +48 58 6616096 | +48 514 430 374 | daleki_grzegorz@itf.org.uk |
| João de Deus Gomes Pires | စိစစ်ရေးမှူး | ပေါ်တူဂီ | လစ်စဘွန်း | +351 21 391 8181 | +351 91 936 4885 | pires_joao@itf.org.uk |
| Jose A. Claudio Baez | စိစစ်ရေးမှူး | ပျူတိုရီကို | ဆမ်း ဝမ်း | +1(0)212 425 1200 | +1 787 318 0229 | baez_jose@itf.org.uk |
| Adrian Mihalcioiu | စိစစ်ရေးမှူး | ရိုမေးနီးယား | ကွန်စတန်ဇာ | +40 241 618 587 | +40 722 248 828 | mihalcioiu_adrian@itf.org.uk |
| Sergey Fishov | ညှိနှိုင်းရေးအရာရှိ | ရုရှား | စိန့် ပီတာစ်ဘတ် | +7 812 718 6380 | +7 911 096 9383 | fishov_sergey@itf.org.uk |
| Kirill Pavlov | စိစစ်ရေးမှူး | ရုရှား | စိန့် ပီတာစ်ဘတ | +7 812 718 6380 | +7 911 929 04 26 | pavlov_kirill@itf.org.uk |
| Olga Ananina | စိစစ်ရေးမှူး | ရုရှား | နိုဗိုရော့စ်ရော့က် | +7 8617 612556 | +7 9887 621232 | ananina_olga@itf.org.uk |
| Petr Osichansky | စိစစ်ရေးမှူး | ရုရှား | ဗလာဒီဗော့စ်တော့ | +7 4232 512 485 | +7 914 790 6485 | osichansky_petr@itf.org.uk |
| Vadim Mamontov | စိစစ်ရေးမှူး | ရုရှား | ကလင်နီဂရက်ဒ် | +7 4012 656 840/475 | +7 9062 38 68 58 | mamontov_vadim@itf.org.uk |
| Daniel Tan | အဆက်အသွယ် | စင်ကာပူ | စင်ကာပူ | +65 63795666 | +65 9616 5983 | tan_daniel@itf.org.uk |
| Gwee Guo Duan | အဆက်အသွယ် | စင်ကာပူ | စင်ကာပူ | +65 6390 1611 | +65 9823 4979 | duan_gwee@itf.org.uk |
| Luz Baz | ညှိနှိုင်းရေးအရာရှိ | စပိန် | ဗီဂို | +34 986 221 177 | +34 660 682 164 | baz_luz@itf.org.uk |
| Gonzalo Galan | စိစစ်ရေးမှူး | စပိန် | လာစ် ပါလ်မတ်စ် | | +34 638809166 | galan_gonzalo@itf.org.uk |
| Juan Garcia | စိစစ်ရေးမှူး | စပိန် | ဗလင့်စီယား | +34 96 367 06 45 | +34 628 565 184 | garcia_juan@itf.org.uk |
| Marc Marti Gil | စိစစ်ရေးမှူး | စပိန် | ဗာဆီလိုးနား | | +34 699 550 578 | marti_marc@itf.org.uk |
| Mohamed Arrachedi | စိစစ်ရေးမှူး | စပိန် | ဘဲလ်ဘိုးဝါး | +34 944 93 5659 | +34 629 419 007 | arrachedi_mohamed@itf.org.uk |
| Ranjan Perera | စိစစ်ရေးမှူး | သီရိလင်္ကာ | ကိုလန်ဘို | +94 112 583040 | +94 77 314 7005 | perera_ranjan@itf.org.uk |
| Annica Barning | ညှိနှိုင်းရေးအရာရှိ | ဆွီဒင် | မလ်မို | | +46 70 57 49 714 | barning_annica@itf.org.uk |
| Fredrik Bradd | လက်ထောက် ညှိနှိုင်းရေးအရာရှိ | ဆွီဒင် | ယူမီးယား | +46 10 4803103 | +46 761006445 | bradd_fredrik@itf.org.uk |
| Göran Larsson | စိစစ်ရေးမှူး | ဆွီဒင် | ဂေါ့တင်ဘတ်ဒ် | +46 10 480 3114 | +46 70 626 7788 | larsson_goran@itf.org.uk |
| Haakan Andre | စိစစ်ရေးမှူး | ဆွီဒင် | နောကိုပင်း | +46 8 791 41 02 | +46 70 574 2223 | andre_hakan@itf.org.uk |
| Sanders Chang | စိစစ်ရေးမှူး | ထိုင်ဝမ်၊ တရုတ် | တိုင်ချုန်း | +886 22515 0302 | +886 921935040 | chang_sanders@itf.org.uk |
| Tse-Ting Tu | စိစစ်ရေးမှူး | ထိုင်ဝမ်၊ တရုတ် | ကာအိုရှောင် | +886 7 5212380 | +886 988513979 | tu_tse-ting@itf.org.uk |
| Muzaffer Civelek | စိစစ်ရေးမှူး | တူရကီ | အစ္စတန်ဘွန် | | +90 535 663 3124 | civelek_muzaffer@itf.org.uk |
| Nataliya Yefrimenko | စိစစ်ရေးမှူး | ယူကရိန်း | အိုဒက်စ်ဆာ | +380 482 429 901 | +380 50 336 6792 | yefrimenko_nataliya@itf.org.uk |
| Dwayne Boudreaux | ညှိနှိုင်းရေးအရာရှိ | ယူအက်စ်အေ | ဂတ်ဖ်ကို့စ် | + 1 504 581 3196 | +1 504 442 1556 | boudreaux_dwayne@itf.org.uk |
| Enrico Esopa | ညှိနှိုင်းရေးအရာရှိ | ယူအက်စ်အေ | အီစ်ကို့စ် | +1 201 434 6000 (ext 240) | +1 201 417 2805 | esopa_enrico@itf.org.uk |
| Jeff Engels | ညှိနှိုင်းရေးအရာရှိ | ယူအက်စ်အေ | ဝက်စ် ကို့စ် | | +1 206 331 2134 | engels_jeff@itf.org.uk |
| Barbara Shipley | စိစစ်ရေးမှူး | ယူအက်စ်အေ | ဘောလ်တီမိုး /နော်ဖော့က် | +1 757 622 1892 | +1 202 412 8422 | shipley_barbara@itf.org.uk |
| Corey Connor | စိစစ်ရေးမှူး | ယူအက်စ်အေ | ချားလ်စတန် | | +1 843 469 5611 | connor_corey@itf.org.uk |
| Martin D. Larson | စိစစ်ရေးမှူး | ယူအက်စ်အေ | ပို့ဒ်လန် | | +1 503 347 7775 | larson_martin@itf.org.uk |
| Sam Levens | စိစစ်ရေးမှူး | ယူအက်စ်အေ | ဆန်ဖရန်စစ္စကို | +1 415 775 0533 | +1 415 490 8956 | Levens_sam@itf.org.uk |
| Shwe Tun Aung | စိစစ်ရေးမှူး | ယူအက်စ်အေ | ဟူစ်တန် | +1 713 659 5152 | +1 713 447 0438 | aung_shwe@itf.org.uk |
| Stefan Mueller-Dombois | စိစစ်ရေးမှူး | ယူအက်စ်အေ | လော့စ်အိမ်ဂျဲလစ် - ကာလီဖိုးနီးယား တောင်ပိုင်း | +1 562 493 8714 | +1 562 673 9786 | mueller_stefan@itf.org.uk |
| Tony Sasso | စိစစ်ရေးမှူး | ယူအက်စ်အေ | ဖလောရီဒါ | +1 321 784 0686 | +1 321 258 8217 | sasso_tony@itf.org.uk |
| Michael Baker | အဆက်အသွယ် | ယူအက်စ်အေ | ကလီဗာလန် | +1 216 781 7816 | +1 440 667 5031 | baker_michael@itf.org.uk |

## သင့် အခွင့်အရေးများအတွက် ရပ်တည်ပေးခြင်း

### ဦးစွာ ဖတ်ရှုပါ

ITF သည် အလံအငှါးတင် သင်္ဘောများပေါ် အလုပ်လုပ်သည့် သင်္ဘောသားများ တရားမျှတသော လုပ်ခများနှင့် ထိုက်သင့်သော အလုပ်အကိုင်လုပ်ခ စာချုပ် အကျုံးဝင်မှု ရရှိစေရန်အတွက် ကူညီပံ့ပိုးပေးရန် ရည်စူးထားပါသည်။

တစ်ခါတစ်ရံ၌ သင်္ဘောသားများသည် ဒေသဆိုင်ရာ တရားရုံးများတွင် ဥပဒေအရတရားစွဲရန် လုပ်ရပါသည်။ အခြားသော အချိန်အခါများ၌ သင်္ဘောအပေါ် သပိတ်မှောက်ပိတ်ပင်မှု လုပ်ရနိုင်ပါသည်။ ကွဲပြားသော အရေးယူလုပ်ဆောင်ချက်များမှာ ကွဲပြားသော နေရာများအတွက် မှန်ကန်ကြပါသည်။ နိုင်ငံတစ်နိုင်ငံရှိ မှန်ကန်သော အရေးယူလုပ်ဆောင်ချက်တစ်ရပ်မှာ အခြားနိုင်ငံတစ်နိုင်ငံတွင် ကောင်းကောင်း မှားယွင်းနိုင်ပါသည်။

လမ်းညွှန်မှုအတွက် ဒေသဆိုင်ရာ ITF ကိုယ်စားလှယ်ကို ဆက်သွယ်ပါ။ ဤသတင်းစာလွှာအလယ်၌ ဆက်သွယ်ရမည့် အီးမေးလ် လိပ်စာများနှင့် ဖုန်းနံပါတ်များကို သင် တွေ့ရှိပါမည်။ သင် တရားစွဲဆိုမှုတစ်ခုခု မလုပ်မီ ဒေသခံ ဥပဒေဆိုင်ရာ အကြံဉာဏ်ကိုလည်း တောင်းခံသင့်ပါသည်။

အချို့နိုင်ငံများတွင် အကယ်၍ သင် သပိတ်မှောက်လျှင် ဥပဒေက အမှန်စင်စစ် သင်နှင့် သင့် ယောင်းရင်း သင်္ဘောသားများအပေါ် အရေးယူပါသည်၊ ဤကဲ့သို့သော ကိစ္စတွင် ဒေသခံ ITF သမဂ္ဂ ကိုယ်စားလှယ်များက ဤကိစ္စ သင့်အား ရှင်းပြပေးပါမည်။

များစွာသော နိုင်ငံ အများအပြား၌ အငြင်းပွားမှုကို အောင်မြင်ရေးအတွက် အဓိကကျသည်မှာ သပိတ်မှောက်ရန် ဖြစ်သည်။ ထပ်တဖန် ဤကိစ္စသည် သင် လက်ခံရရှိမည့် ဒေသခံ အကြံဉာဏ်အပေါ် မူတည်သည်။ နိုင်ငံအများအပြား၌ သင့်သင်္ဘောမှာ ပင်လယ်ပြင်၌ မရှိဘဲ ဆိပ်ကမ်း၌ ရှိနေသမျှ ကာလပတ်လုံး သင့်တွင် သပိတ်မှောက်ရန် ဥပဒေအရ အခွင့်အရေးရှိသည်။

မည်သည့် သပိတ်မှောက်လုပ်ရပ်တွင်မဆို စည်းကမ်းတကျ၊ ငြိမ်းချမ်းစွာနှင့် စည်းလုံးစွာ နေမြဲနေစေရန်ကို သတိထားရန် အရေးကြီးပါသည်။ ထို့ပြင်၊ သပိတ်မှောက်ရန် အခွင့်အရေးမှာ နိုင်ငံအများအပြား၌ ဥပဒေအရ သို့မဟုတ် အခြေခံဥပဒေအရ အာမခံထားသည့် အခြေခံ လူ့အခွင့်အရေးဖြစ်ကြောင်း သတိပြုပါ။

သင် ဘာကိုဘဲ လုပ်ချင်လုပ်ချင် သင် တစ်ခုခုမလုပ်မီ ဒေသခံ ITF ကိုယ်စားလှယ်များနှင့် စကားပြောဆိုရန် မမေ့ပါနှင့်။ အတူတကွ လုပ်ကိုင်ခြင်းဖြင့် ကျွန်ုပ်တို့သည် တရားမျှတမှုနှင့် အခြေခံ အခွင့်အရေးများအတွက် တိုက်ပွဲကို အောင်မြင် နိုင်ပါသည်။

## ပင်လယ်ရေးကြောင်းဆိုင်ရာ မတော်တဆဖြစ်ရပ်များ

သင်္ဘောသားများအား အကယ်၍ သူတို့၏ သင်္ဘောမှာ ပင်လယ်ရေကြောင်းဆိုင်ရာ မတော်တဆဖြစ်ရပ်တစ်ခုဖြစ်လျှင် သာနာမျှတစွာ ဆက်ဆံရန် သေချာစေရန်အတွက် အပြည်ပြည်ဆိုင်ရာ လမ်းညွှန်များရှိပါသည် – သင်္ဘောပိုင်ရှင်များ၊ ဆိပ်ကမ်း၊ ကမ်းခြေနိုင်ငံ၊ အလံအငှါးနိုင်ငံ သို့မဟုတ် သူတို့၏ ကိုယ်ပိုင်နိုင်ငံ တရားဥပဒေတို့ကဖြစ်ဖြစ် သာနာမျှတစွာ ဆက်ဆံရန်ဖြစ်သည်။ အကယ်၍ သင့်အပေါ် ဤသို့ဖြစ်လျှင် အောက်ပါတို့မှာ သင့်အခွင့်အရေးများ ဖြစ်သည်-

- သင့်တွင် ရှေ့နေတစ်ယောက်ရရန် အခွင့်အရေးရှိသည်။ မည်သည့် မေးခွန်းကိုမဆို မဖြေမီ သို့မဟုတ် မည်သည့် ထွက်ဆိုချက်ကိုမဆို မပေးမီ ရှေ့နေတစ်ယောက်ကို တောင်းပါ၊ ဤထွက်ဆိုချက်များကို အနာဂတ် တရားတဘောင် အမှုတစ်ခုခုတွင် သင့်အပေါ် ဆန့်ကျင်ပြီး အသုံးပြုနိုင်သောကြောင့်ဖြစ်သည်။
- သင်သည် ဘာပြောနေသည်ကို နားလည်နိုင်ရမည် – အကယ်၍ သင် နားမလည်လျှင် မေးခွန်း မေးနေရာမှ ရပ်ဆိုင်းပေးရန် အာဏာပိုင်များကို ပြောပါ။ အကယ်၍ ပြောနေသည့်ဘာသာစကားကြောင့် သင့်တွင် အခက်အခဲများရှိလျှင် စကားပြန်တစ်ဦးကို တောင်းပါ။
- သင့်ကုမ္ပဏီတွင် သင့်အား ပံ့ပိုးရန် တာဝန်ရှိသည် – သင့် ကုမ္ပဏီ နှင့်/သို့မဟုတ် အကြံဉာဏ်နှင့် ပံ့ပိုးမှုအတွက် သမဂ္ဂကို ဆက်သွယ်ပါ။

ပိုမိုသိရှိလိုသော အချက်အလက်များကိုကြည့်ရန်- www.itfseafarers.org/your_legal_rights.cfm

# သင်္ဘောသား သတိရှိ- လိမ်လုပ်ဇာတ်ကို သိရှိပါ။

**ရုတ်တရက် မမျှော်လင့်ဘဲ ပေါ်လာသည့် အလွန်ကောင်းသော အလုပ်ကမ်းလှမ်းမှုတစ်ခုခုကို သတိထားပါ၊ အဘယ်ကြောင့်ဆိုသော် ၎င်းမှာ လိမ်လုပ်ဇာတ်တစ်ခု ဖြစ်နိုင်သည်ဟု ITF သင်္ဘောသားများ ဌာနခွဲ လက်ထောက် အတွင်းရေးမှူးဖြစ်သူ Fabrizio Barcellona က သတိပေးသည်**

စာတိုက်မှ မတောင်းဘဲ အလုပ်ကမ်းလှမ်းမှုတစ်ခုခုကို အလွန်သတိထားရမည်။ သင် မလုပ်မီ စဉ်းစားပါ။ ၎င်းအလုပ်ကမ်းလှမ်းမှုမှာ ကောင်းကောင်းသိပြီးဖြစ်သည့် သင်္ဘောလုပ်ငန်း သို့မဟုတ် ကမ္ဘာလှည့်အပျော်စီးခရီးကုမ္ပဏီမှ ဖြစ်သလား။ လုပ်ခများမှာ အလွန့်အလွန် ကောင်းနေသလား။ ဒါဆိုရင် လိမ်လုပ်ဇာတ်တစ်ခု ဖြစ်သည်။

ဖေ့စ်ဘုတ်တွင် ပေါ်လာသည့် အလုပ်နေရာလစ်လပ်မှုများကိုလည်း ဤသို့အတူတူ အကြံပြုပါသည်။ သင့်ကိုယ်သင် မေးပါ- အဘယ်ကြောင့် သင်္ဘောလုပ်ငန်း သို့မဟုတ် ကမ္ဘာလှည့်အပျော်စီးသင်္ဘောကုမ္ပဏီသည် ဤပုဂ္ဂိုလ်ကို လူများအား အလုပ်ခန့်ရန် အသုံးပြုရသလဲ။

သင်္ဘောသားများအား - အထူးသဖြင့် ကမ္ဘာလှည့်အပျော်စီးခရီးလုပ်ငန်းကဏ္ဍတွင် အလုပ်ရှာဖွေနေသည့်လူများကို - ပစ်မှတ်ထားကြသည့် အလုပ်ခန့်မည်ဆိုသည့် လိမ်လုပ်ဇာတ်သည် အလွန့်အလွန် များပြားလာကြသည်။ လိမ်လုပ်ဇာတ်လုပ်သူတို့သည် သမားရိုးကျအားဖြင့် အစစ်အမှန် ကုမ္ပဏီ နာမည်နှင့် တံဆိပ်ကို အသုံးပြုခြင်းဖြင့် ဝက်ဘ်ဆိုက်တစ်ခုကို ထောင်ထားသည်၊ ယင်းနောက် တိုက်ရိုက်အီးမေးလ်များ၊ ကြော်ငြာများ၊ အခမဲ့ ကုမ္ပဏီကြော်ငြာ စာရင်းများနှင့် များပြားစွာဖြင့် လူမှုရေးမီဒီယာများဖြင့် သတင်းဖြန့်ကြသည်။

သင် လိမ်လုက်ဇာတ် အလုပ်ကမ်းလှမ်းမှုကို လက်ခံလိုက်သည်နှင့်တစ်ပြိုင်နက် သူတို့သည် တစ်ခါတည်းပေးရမည့် အခကြေးကို တောင်းမည်ဖြစ်သည်။ သင်္ဘောသို့တက်ရန် စရိတ်၊ ဗီဇာကြေး၊ စီမံရေး အခကြေးငွေတို့အပေါ် ပေးရန်ဖြစ်နိုင်သည်။ ၎င်းမှာ သေချာပေါက် လိမ်လုပ်ဇာတ်ဖြစ်သည် အဘယ်ကြောင့်ဆိုသော် ဗီဇာကြေးကို သင်္ဘောကုမ္ပဏီက ပေးရလိမ့်မည်ဖြစ်သည့်အပြင် သင်္ဘောပေါ် ရာထူးနေရာ ရရှိရန် သင်္ဘောသားထံမှ အေဂျင်စီအခကြေး တောင်းခံခြင်းသည် ပင်လယ်ရေကြောင်း အလုပ်သမား စာချုပ်အရ ဥပဒေနှင့်ဆန့်ကျင်ပါသည်။

လိမ်လုပ်ဇာတ်လုပ်သူများအား ဘာမျှ မပေးပါနှင့်။ သူတို့သည် ပို၍ပို၍ယူရန်အတွက် ဆက်လက်တောင်းပါလိမ့်မည်။

သင် အလုပ်ကမ်းလှမ်းမှုကို ယူရန်စတင်လိုက်ယုံနှင့် ပထမတောင်းသည့် အခကြေးကို ပေးရန်ငြင်းဆိုသည့်တိုင်အောင် သင်သည် အန္တရာယ်ရှိသည်။ အဆိုပါ လိမ်လုပ်ဇာတ်လုပ်သူများသည် အချက်အလက်များကို - မွေးသက္ကရာဇ်၊ အိမ်လိပ်စာ၊ သင့်နိုင်ငံကူးလက်မှတ် စကင်လုပ်စာမျက်နှာတို့ကို- သေချာပေါက် တောင်းပါလိမ့်မည်၊ ၎င်းတို့ကို သူတို့သည် မည်သူမည်ဝါသက်သေခံ ခိုး၍အတုလုပ်ရန်အတွက် အသုံးပြုနိုင်သည်။ အကယ်၍ သင့်ဘဏ်စာရင်းကို ပေးခဲ့မိလျှင် ချက်ချင်း သင့်ဘဏ်ကိုအကြောင်းကြားပါ သို့မဟုတ် သင့် ဘဏ်စာရင်းမှ ငွေကုန်သွားပါလိမ့်မည်။

### သင် ဘာလုပ်နိုင်သလဲ။

ဝေးဝေးထွက်သွားပါ။ ကိုယ်ရေးကိုယ်တာ အသေးစိတ်ကို မပေးပါနှင့်။ အကယ်၍ သင် တစ်ခုခုပေးပြီးလျှင် ယခု ရပ်လိုက်ပါ။

အလုပ်ကမ်းလှမ်းမှု တစ်ခုခုကို စိစစ်ပါ။ အကယ်၍ အလုပ်ကမ်းလှမ်းမှုမှာ မတောင်းဘဲ အီးမေးလ်ဖြင့် ရောက်လာလျှင် ချက်ချင်း ဖျက်ပစ်ပြီး သင့် မိတ်ဆွေများကို သတိပေးပါ။

အယောင်ဆောင် သင်္ဘောလုပ်ငန်း ဝက်ဘ်ဆိုက် သို့မဟုတ် အယောင်ဆောင် အလုပ်သမားရှာ ကုမ္ပဏီ ဝက်ဘ်ဆိုက်များမှ အလုပ်ကမ်းလှမ်းမှုများကို သတိထားပါ၊ အမှန်အကန် ဝက်ဘ်ဆိုက်များမှ အလုပ်အတုများကို သတိထားပါ၊ အထူးသဖြင့် အလုပ်နှင့် ကြော်ငြာ အခမဲ့ထည့်၍ရသည့် အလုပ်အတုများဖြစ်သည်။

**အကယ်၍ သင် အလုပ်ရှာနေလျှင် အများသိ ကမ္ဘာလှည့်အပျော်စီးသင်္ဘောလိုင်းနှင့် နာမည်ကြီး သင်္ဘောကုမ္ပဏီများ၏ ဝက်ဘ်ဆိုက်များကို သွားရောက်ပါ။ ဝက်ဘ်ဆိုက်စာမျက်နှာပေါ် ရှိ သတိပေးချက်များကို ရှာကြည့်ပါ၊ အကယ်၍ သင် သံသယဖြစ်လျှင် တရားဝင် ဌာနချုပ်များကို ဆက်သွယ်ပါ။** ကမ္ဘာလှည့်အပျော်စီးခရီး လုပ်ငန်းလုပ်ကိုင်သူများ၏ တရားဝင် ဝက်ဘ်ဆိုက်တွင် သာမန်အားဖြင့် ကမ်းခြေနှင့် သင်္ဘောပေါ် လစ်လပ်ရာထူးများကို ကြော်ငြာသည့် စာမျက်နှာ သတ်သတ်ရှိပါသည်၊ ၎င်းသို့ သင်၏ ကိုယ်ရေးရာဇဝင်ကို ပို့ပေးနိုင်သည် - လုပ်ကိုင်သူအများအပြားမှာ အလုပ်သမားရှာသည့်ကိစ္စများကို အခမဲ့ ကြော်ငြာပေးပါသည်။

အကယ်၍ သင် သံသယရှိလျှင် အကြံဉာဏ်အတွက် **ITF** ကို jobscam@itf.org.uk **ဖြင့်အီးမေးလ်ပို့ပါ။**

## အဖြစ်များသည့် လိမ်လုပ်ဇာတ် သင်္ကေတများ

- မတောင်းဘဲ ရောက်လာသည့် အလုပ်ကမ်းလှမ်းချက်များ
- ငွေကြေးတောင်းခံချက်များ
- ဘဏ်စာရင်း တောင်းခံချက် တစ်ခုခု
- နိုင်ငံကူးလက်မှတ် သို့မဟုတ် ပညာရည်အောင်လက်မှတ်ကဲ့သို့ စာရွက်စာတမ်း စကင်မိတ္တူအတွက် တောင်းခံချက်တစ်ခုခု
- မိုဘိုင်းဖုန်း နံပါတ်၊ အထူးသဖြင့် အကယ်၍ ၎င်းမှာ မှတ်ယူရသည့် ရုံးအတွက် အဓိက အဆက်အသွယ်ဖြစ်လျှင်
- အမှန်အကန်ဖြစ်ကြောင်း မပေါ်လွင်သည့် အပြည်ပြည်ဆိုင်ရာ ဖုန်းခေါ် နံပါတ် (international dialling code)။ ဥပမာ- +234 is Nigeria
- ကုမ္ပဏီ နာမည် မပါရှိသည့် အီးမေးလ် လိပ်စာ – ၎င်းလိပ်စာတွင် မည်သည့်အခါမျှ gmail, globomail, Yahoo ကဲ့သို့ အခမဲ့လုပ်၍ရသည့် အီးမေးလ်များ မဖြစ်စေရ
- ဖြစ်ရမည့် ရုံးလိပ်စာနှင့် ကွဲလွဲနေသည့် နိုင်ငံလိပ်စာဖြင့် အီးမေးလ်လိပ်စာ
- စာလုံးပေါင်း မှားယွင်းနေပြီး သဒ္ဒါမကျသော အမှာစာများ

# အလုပ်ခွင် အကြမ်းဖက်မှုကို တွန်းလှန်ရန် သမိုင်းဝင် ဥပဒေအသစ်

**အလုပ်ခွင် အကြမ်းဖက်မှုနှင့် အနှောင့်အယှက်ပေးမှုတို့နှင့်ပတ်သက်သည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ဥပဒေသည် သင်္ဘောသားများနှင့် အခြား သယ်ယူပို့ဆောင်ရေး အလုပ်သမားများအတွက် အဓိက အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ITF နှင့်တကွ ကမ္ဘာတစ်ဝန်းဆိုင်ရာ သမဂ္ဂများ၏ နှစ်ရှည်ကြာ လှုံ့ဆော်မှုလုပ်ပြီးနောက် ထွက်ပေါ်လာသည်။ *သင်္ဘောသားများ၏ သတင်းစာလွှာ* တွင်တင်ပြထားသည်မှာ-**

အဆိုပါ ဥပဒေတစ်ရပ်ကို ၂၀၁၉ ခုနှစ် ဇွန်လတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (International Labour Organization (ILO)) ကပြဋ္ဌာန်းခဲ့သည်။ ၎င်းကို စာချုပ် ၁၉၀ (ဥပဒေအရ ချည်နှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခု) နှင့် အကြံပြုချက် ၂၀၆ (စာချုပ်များကို မည်သို့အသုံးချနိုင်သည်နှင့်ပတ်သက်သည့် ချည်နှောင်မှု-ကင်းမဲ့သော လမ်းညွှန်ချက်များ) အဖြစ် တည်ရှိပါသည်။

ဤ ILO စံနှုန်းအသစ်သည် အကြမ်းဖက်မှုနှင့် အနှောင့်အယှက်ပေးမှု ကင်းမဲ့သော အလုပ်လုပ်ကိုင်ရာ ကမ္ဘာတွင် လူတိုင်းအတွက် အခွင့်အရေးကို ဖော်ပြထားပြီး ၎င်းသည် အားလုံးသော ကဏ္ဍများအပေါ် သက်ဆိုင်သည်။ သယ်ယူပို့ဆောင်ရေးကို သီးသီးခြားခြားအားဖြင့် အသိအမှတ်ပြုထားသည်။

ဤဥပဒေက ၎င်းအား ရှင်းရှင်းလင်းလင်းလုပ်ထားသည်မှာ အလုပ်လုပ်ကိုင်ရာ ကမ္ဘာသည် အလုပ်ခွင်ထက် ပိုမို ကြီးမားပါသည်။ ၎င်းသည် အလုပ်လုပ်ကိုင်စဉ်ဖြစ်ပွားသည့်၊ အလုပ်နှင့်ဆက်နွှယ်သည့် သို့မဟုတ် အလုပ်မှပေါ်ပေါက်သည့် အခင်းဖြစ်ရပ်များကို ခြုံငုံထားပါသည်။ ၎င်းတွင် အလုပ်သမားတစ်ဦးအနေဖြင့် သန့်စင်ရေးပံ့ပိုးပစ္စည်းများကို အသုံးပြုသော နေရာများ၌ ဖြစ်ပွားသည့် အခင်းဖြစ်ရပ်များ အပြင် အလုပ်သမားက အလုပ်မှအိမ် အသွားအပြန် ခရီးသွားစဉ်၌ ဖြစ်ပွားသည့် အခင်းဖြစ်ရပ်များ ပါဝင်သည်။ ၎င်းသည် အားလုံးသော သယ်ယူပို့ဆောင်ရေး အလုပ်သမားများ – အမျိုးသားများ နှင့် အမျိုးသမီးများ အတွက် အမှန်တကယ် အရေးကြီးပါသည်။

အလွန် သိသာထင်ရှားသည့် အချက်တွင် ၎င်းသည် အလုပ်လုပ်ကိုင်ရာ ကမ္ဘာ၌ အိမ်တွင်းအကြမ်းဖက်မှု၏ သက်ရောက်မှုများနှင့်တကွ အိမ်တွင်းအကြမ်းဖက်မှု၏ သက်ရောက်မှုကို လျှော့ချရန် လိုအပ်မှုကိုလည်း အသိအမှတ် ပြုရန်ဖြစ်ပြီး လုပ်ပေးနိုင်သည့် အရေးယူဆောင်ရွက်မှုများကိုလည်း ဖော်ထုတ်သတ်မှတ်ပေးရန်ဖြစ်သည်။

အထူးသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အနှောင့်အယှက်ပေးမှုသည် အလုပ်သမားများအား အလုပ်ရယူမှုနှင့် သူတို့၏ အသက်မွေးဝမ်းကြောင်းအလုပ်များကို တိုးမြှင့်ပေးမှုလုပ်ရန်အတွက် တားဆီးနိုင်ပါသည်။ အဆိုပါ ဥပဒေ အသစ်သည် ထိုအတားအဆီးများကို ကူညီဖယ်ရှားပေးပါမည်။ အလုပ်အကိုင်မှာ ဘေးကင်းလုံခြုံရေးနှင့် သင့်တင့်ရည်မွန်သော အလုပ်အခြေခံပြီး ၎င်းတွင် မည်သည့်အလုပ်သမားကိုမျှ အကာအကွယ် မပေးဘဲ မထားစေအောင် သေချာစေရန် ခိုင်မာသည့် အခြေခံအုတ်မြစ်ကို ချပေးပါသည်။

**အမျိုးသမီးနှင့် အမျိုးသား သင်္ဘောသားများ၊ ဆိပ်ကမ်းအလုပ်သမားများနှင့် ငါးဖမ်းသမားများသည် ဤလှုံ့ဆော်မှုတွင် ပါဝင်လှုပ်ရှားနိုင်သည် – ပိုမိုသိရှိရန် women@itf.org.uk သို့အီးမေးလ်သာ ပို့ပါ။** ■

**"ဤသမိုင်းဝင် ကမ္ဘာတစ်ဝန်းဆိုင်ရာ စံနှုန်းအသစ်သည် အလုပ်လုပ်ရာ ကမ္ဘာ၌ အကြမ်းဖက်မှုနှင့် အနှောင့်အယှက်ပေးမှုကို အဆုံးသတ်ရန်နှင့် တားဆီးရန် အရေးယူဆောင်ရွက်မှုဟု ဆိုလိုရမည်… တိုက်ရိုက် ရလဒ်အဖြေတစ်ခုအဖြစ် ITF သမဂ္ဂ အဖွဲ့ဝင်များ၊ နှင့် အထူးသဖြင့် အမျိုးသမီး သယ်ယူပို့ဆောင်ရေး အလုပ်သမားများ၏ ဘဝများမှာ တိုးတက်လာပါမည်။"**

ITF အမျိုးသမီး သယ်ယူပို့ဆောင်ရေး အလုပ်သမားများ ကော်မတီ ဥက္ကဋ္ဌဖြစ်သူ **Diana Holland**



# ပင်လယ်ရေကြောင်း သင်္ဘောအမှုထမ်းအမျိုးသမီးများအတွက် အခွင့်အလမ်းများကို အောင်မြင်ပေးခြင်း

**_Seafarers' bulletin_ သည် နော်ဝေး သင်္ဘောသားများ သမဂ္ဂ အတွက် ကမ္ဘာလှည့်အပျော်စီးခရီး လုပ်ငန်းလည်ပတ်ရေး ညွှန်ကြားရေးမှူးဖြစ်သူ Lena Dyring အား ပင်လယ်ရေးကြောင်း၌ သူမ၏ ဘဝ အကြောင်း မေးမြန်း**

**ဘာကြောင့် ပင်လယ်ရေကြောင်းမှာ အသက်မွေးဝမ်းအလုပ်ကို ရွေးခဲ့ပါသလဲ။**

ကျွန်မ အမြဲတမ်း ပင်လယ်ရေကြောင်းလုပ်ငန်းကဏ္ဍကို စိတ်ဝင်စားခဲ့ပါတယ်၊ အဲ့ဒါဟာ နော်ဝေးနိုင်ငံမှာ အလွန့်အလွန် ပေါ်လွှင်မှုရှိပြီး မိရိုးဖလာရိုးရာ အများအပြားရှိပါတယ်။ သို့သော်လည်း ကျွန်မ ကမ်းခြေမှာ ဟိုတယ်လုပ်ငန်းကဏ္ဍ စတင်အလုပ်လုပ်ခဲ့ပြီး နောက်တော့ မမျှော်လင့်ဘဲ ၂၀၀၄ ခုနှစ် မီယာမီသို့ ပြောင်းရွှေ့ခဲ့ချိန်မှာ ပင်လယ်ရေကြောင်းဖက်ကို ဝင်ရောက်မှောက်လဲပြီး NSU ကမ္ဘာလှည့်အပျော်စီးခရီး လုပ်ငန်းကဏ္ဍနှင့် အလုံးစုံ အလုပ်သမား အခွင့်အရေးများ အကျော်အမော်ဖြစ်သူ Johan Oyen နှင့်တွေ့ခဲ့ပါတယ်။ ကျွန်မ NSU အတွက် စတင် အလုပ်လုပ်ပေးနေပြီး ဘယ်တော့မှ နောက်လှည့် မကြည့်တော့ပါဘူး။

**NSU တွင် သင့်လက်ရှိအလုပ်၌ မည်သည့်အရာက သင့်အား စိတ်အဝင်စားဆုံး ဖြစ်စေပါသလဲ။**

အလုပ်သမား အခွင့်အရေးများမှာ အလုပ်လုပ်ကိုင်လျက်ရှိသောလူများအတွက် အထူးသဖြင့် အမျိုးသမီးများအတွက် တန်းတူညီမျှမှုကို ရရှိဖို့ အခရာကျပါတယ်။ ကျွန်မဟာ ကံကောင်းလို့ ရာထူးနေရာတစ်ခုရပါတယ်၊ အဲ့ဒီမှာ ကျွန်မကိုယ်ပိုင် နည်းလမ်း သေးသေးလေးအရ ကျွန်မ လွှမ်းမိုးနိုင်ပါတယ်။ အဲ့ဒီအတွက် ကျွန်မဟာ ထာဝရ ကျေးဇူးတင်ပါတယ်၊ အဲဒါဟာ နေ့တိုင်း အိပ်ယာကထပြီး အလုပ်သွားဖို့အတွက် အဓိပ္ပါယ်ရှိအောင် လုပ်ပေးပါတယ်။ ကျွန်မဟာ အမြဲ ပြောင်းလဲပြီး တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ပြောင်းလဲနေတဲ့ လုပ်ငန်းကဏ္ဍတစ်ခုမှာ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် အလုပ်လုပ်လို့ရပါတယ်။ ကျွန်မရဲ့အလုပ်ဟာ ကျွန်မချစ်တဲ့ နှစ်ခုကို ပေါင်းစပ်ထားတယ် – ပင်လယ်ရေကြောင်းနှင့် ဧည့်ခံရေး လုပ်ငန်းကဏ္ဍဖြစ်ပါတယ်။

ကျွန်မဟာ အများကြီး ခရီးထွက်ရပါတယ် - အဓိကကတော့ ကမ္ဘာလှည့်အပျော်စီးခရီး သင်္ဘောလိုင်း ညှိနိုင်း ဆွေးနွေးတာတွေ၊ သင်္ဘောပေါ် သွားရောက်ရတာတွေနှင့် စကားပြောဆိုဆက်သွယ်တာတွေအတွက်ဖြစ်ပါတယ်။ ကမ္ဘာလှည့် အပျော်စီးခရီး အဖွဲ့ညှိနှိုင်းရေးအရာရှိအဖြစ် ကျွန်မဟာ နော်ဝေး၊ ပြူတိုရီကိုနှင့် အင်ဒိုနီးရှားမှာရှိတဲ့ ကျွန်မတို့ရဲ့ ကိုယ်စားလှယ်တွေဆီ သွားတွေ့ရပါတယ်။ သူတို့တတွေဟာ သင်္ဘောပေါ်သွားရောက်မှု၊ မကျေနပ်ချက်တွေ၊ ကမ္ဘာလှည့် နှီးနှောဖလှယ်ပွဲ စီမံရေး အများစုကို ကိုင်တွယ်ရပါတယ်။

**သင်ဟာ ITF သင်္ဘောသားများ အမျိုးသမီး ဌာနခွဲ ကိုယ်စားလှယ်လည်းဖြစ်တယ် - အဲဒါ ဘာတွေလုပ်ရပါသလဲ။**

ဒီကဏ္ဍအရ ကျွန်မဟာ ITF ရဲ့ထိပ်ဆုံးမှာရှိတဲ့ ဆုံးဖြတ်ချက်ချမှတ်ရတဲ့အဖွဲ့အစည်းမှာ တစ်ကမ္ဘာလုံးမှာရှိတဲ့ သင်္ဘောသားထမ်းအမျိုးသမီး အတွက် ပြောရေးဆိုခွင့်ရှိသူ ဖြစ်လာပါတယ်။ အဲဒါဟာ ပင်လယ်ရေကြောင်းအသိုင်းအဝိုင်းမှာ အမျိုးသမီးတွေရဲ့အခက်အခဲတွေနှင့်အခွင့်အလမ်းတွေ အကြောင်း ပြောဆိုဖို့ သီးသီးခြားခြား အခွင့်အလမ်းတစ်ခုကိုလည်း ပေးအပ်ခံရတဲ့အပြင် ဒီလုပ်ငန်းကဏ္ဍမှာရှိတဲ့ အမျိုးသမီးတွေအတွက် ကောင်းမွန်တဲ့ ပြောင်းလဲချက်ကို ပံ့ပိုးပေးပါတယ်။

**ယနေ့ သင်္ဘောအမှုထမ်းအမျိုးသမီးတွေ ကြုံတွေ့နေရတဲ့ အကြီးမားဆုံး အခက်အခဲတွေဟာ ဘာတွေပါလဲ။**

သင်္ဘောအမှုထမ်းအမျိုးသမီးတွေအတွက် အခက်အခဲ အနည်းငယ် ရှိနေပါသေးတယ်။ အမျိုးသမီးတွေဟာ စုစုပေါင်း သင်္ဘောသားတွေရဲ့ ၁-၂ ရာခိုင်နှုန်းသာ ရှိနေတဲ့ အစစ်အမှန်အကြောင်းအချက်ကိုက သူ့ဖာသာသူ အခက်အခဲ တစ်ခုဖြစ်နေပါတယ်၊ ဘာလို့လဲဆိုတော့ အဲဒါဟာ ပင်လယ်ပြင်မှာ အသက်မွေးဝမ်းသူအဖြစ် ရှာဖွေဖို့ အမျိုးသမီးတွေအတွက် ပိုပြီး တွန့်ဆုတ်စေနိုင်ပါတယ်။ အဲ့ဒါအပြင် ရိုးရာအရ မှတ်ယူနေတာကတော့ ပင်လယ်ရေကြောင်းသွားလာမှုဟာ အမျိုးသမီးတွေအတွက် မဟုတ်ဘူးဆိုတဲ့ ယူဆမှုတွေဟာလည်း ပျံ့နှံ့နေဆဲဖြစ်ပါတယ်။ ကမ္ဘာရဲ့အချို့အစိတ်အပိုင်းတွေမှာ ရေကြောင်းသိပ္ပံကောလိပ်ကျောင်းတွေကနေ ဘွဲ့ရတဲ့အမျိုးသမီးတွေဟာ လျော်ကန်တဲ့ အလုပ်အကိုင် ရှာဖွေဖို့ခက်ခဲပါတယ်၊ တစ်ဖက်အမျိုးသားတွေထက် ပိုမိုကောင်းမွန်တဲ့ အောင်စာရင်းတွေ ရှိနေတဲ့တိုင်အောင်ဘဲ ခက်ခဲပါတယ်။ လိင်ဆိုင်ရာ အနှောင့်အယှက်ပေးမှု ဒါမှမဟုတ် လိင်အနှောင့်အယှက်ပေးမှုတွေရဲ့သားကောင်ဖြစ်လာဖို့ ကြောက်ရွံ့စိတ်ကလည်း အမျိုးသမီးတွေအတွက် တွန့်ဆုတ်ရပါတယ်။

သို့သော်လည်း များမကြာမီ နှစ်တွေထဲမှာ ကောင်းတဲ့ပြောင်းလဲမှု အများကြီး ရှိလာတယ်လို့ ကျွန်မ ပြောလိုပါတယ်။ ပင်လယ်ရေကြောင်း လုပ်ငန်းတွေမှာ အမျိုးသမီးတွေကို စိတ်ဝင်စားစေဖို့နှင့် အမျိုးသမီးတွေ ဝင်လုပ်တာနှင့်တစ်ပြိုင်နက် ဆက်လက်မြဲနေဖို့ အာရုံစိုက်တာတွေ ပိုတိုးလို့လာပါတယ်။ ကျွန်မတို့အတွေဟာ လိင်ဆိုင်ရာ ပိုမိုဟန်ချက်ညီတဲ့ လုပ်သားအင်စားစုနှင့် သင်္ဘောပေါ်မှာ ကောင်းမွန်တဲ့ အလုပ်လုပ်ကိုင်ရာ ပတ်ဝန်းကျင်အနေအထားတွေ ဖန်တီးတဲ့ ပိုမိုကြီးမားတဲ့ အားထုတ်လုပ်ပေးထာတွေကို တွေ့ရပါတယ်။ အဲဒါဟာ အမျိုးသားနှင့် အမျိုးသမီး နှစ်ဖက်လုံးအတွက် ပိုမိုကောင်မွန်တဲ့ လုပ်ငန်းခွင်ကို ဖန်တီးပေးပါတယ်။ ■

# အန္တရာယ်ရှိသော နယ်မြေများရှိ သင်္ဘောသားများအား ITF ပံ့ပိုးပေး

**ITF သင်္ဘောသားများ ဌာနခွဲ အကြီးတန်း လက်ထောက်ဖြစ်သူ Steve Yandell သည် ပင်လယ်ဓါးပြ သို့မဟုတ် စစ်မက်ပြဿနာ နေရာများရှိ သင်္ဘောများပေါ် အလုပ်လုပ်နေသည့် သင်္ဘောသားများအား အန္တရာယ် အနည်းဆုံးဖြစ်စေရန် ITF ၏ အားထုတ်လုပ်ကိုင်မှုများကို ဖော်ပြထားပါသည်။**

ပင်လယ်ပြင်၌ ပင်လယ်ဓါးပြ သို့မဟုတ် လက်နက်ဖြင့်ဓါးပြတိုက်မှု ဖြစ်ပွားသည့်အခါ သင်္ဘောသားများသည် ရှေ့တန်း နေရာ၌ရှိနေကြသည်၊ ထိခိုက်ဒဏ်ရာရရန် အန္တရာယ်ရှိသည်၊ လက်ရောက်မှုကျူးလွန်ခံရသည်၊ ဓါးစာခံအဖြစ်အလုပ်ခံရသည် သို့မဟုတ် အသတ်ခံရပါသည်။

တိုက်ခိုက်မှုများမှာ အကြီးအကျယ် တိုးမြင့်လာခဲ့သည်၊ ထောင်ပေါင်းများစွာသော သင်္ဘောသားများနှင့် ၎င်းတို့၏ မိသားစုများအား ထိခိုက်လျက်ရှိပါသည်။

ဂီနီယာ ပင်လယ်ကွေ့တွင် ပင်လယ်ဓါးပြနှင့် လက်နက်ဖြင့် ဓါးပြတိုက်မှုတို့မှာ အလွန်ကြာမြင့်နေပြီဖြစ်သည့် ပြဿနာများ ဖြစ်နေလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် ပထမ ကိုးလတွင် ဤဒေသဖြစ်သည့် Nigeria, Guinea, Togo, Benin နှင့် Cameroon ကမ်းလွန်တွင် သင်္ဘောအမှုထမ်းများကို ဓါးစာခံလုပ်သည့် ပင်လယ်ဓါးပြလုပ်ရပ်များ၏ ၈၆ ရာခိုင်နှုန်း ရှိပါသည်။

သို့သော်လည်း၊ ဤဆိုးရွားလွန်းသည့် ရာဇဝတ်ပြစ်မှုမှာ အခြားသော ကမ္ဘာ့အစိတ်အပိုင်းကို ထိခိုက်ပါသည်။ စင်ကာပူ ရေလက်ကြားတွင် များစွာသော တိုက်ခိုက်မှုများ လတ်တလောနှစ်များ၌ ရှိခဲ့သည်၊ အထူးသဖြင့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများကို ထိခိုက်လျက်ရှိသည်။ တောင်အမေရိကတိုက်သည် တိုးမြင့်နေသည့်တိုက်ခိုက်မှုရှိသည့် လတ်တလော အဖြစ်ဆုံး ဒေသဖြစ်လာခဲ့သည်၊ ၂၀၁၉ ခုနှစ် တိုင်ချက်များအရ ကျောက်ချထားသည့် သင်္ဘောများအပေါ် အကြမ်းဖက် လက်နက်ဖြင့် ခိုးမှု ဖြစ်ရပ်အများအပြားနှင့်အတူ ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ရေတပ်သင်္ဘောများ၏ တစ်ချိန်လုံး စောင့်ကြပ်ကြည့်ရှုမှုနှင့် အကြီးအကျယ် လက်နက်တပ်ဆင်ပြီး ကင်းလှည့်ပေးခြင်းများဖြင့်သာ လွန်ခဲ့သည့်နှစ်များက အေဒင်ပင်လယ်ကွေ့တစ်ဝိုက် ဖြစ်ပွားခဲ့သည့် အကြိမ်ကြိမ်တိုက်ခိုက်မှုကို ပြန်လည်ဖြစ်ပွားခြင်းမှ တားဆီးခဲ့ပါသည်။

သင်္ဘောများ၏ အမှုထမ်းများသည် ပင်လယ်ဓါးပြကို ပထမအကြိမ် ရင်ဆိုင်ရသည့်အခါ ဆိုးရွားလှသည့် ဖြစ်ရပ်ကို ကျော်လွှားနိုင်သော်လည်း လူသိရှင်ကြား ဓါးပြတိုက်သည့်နေရာသို့ ဝင်လာသည့်အခါ စိတ်ဒုက္ခကို ကြုံတွေ့မည်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် နိုင်ဝင်ဘာလ ၄ ရက် စောစောပိုင်း အချိန်၌ ဂရိရေနံတင်သင်္ဘော Elka Aristotle က Togo နိုင်ငံ၊ Lome ကမ်းလွန်၌ ကျောက်ချထားစဉ် လက်နက်ကိုင် ရန်မူသူများသည် သင်္ဘောပေါ် တက်လာခဲ့ကြသည်။ သင်္ဘောသား ၂၄ ဦးအနက် လေးဦးမှာ သင်္ဘောပေါ် ရှိနေပြီး ပြန်ပေးအဆွဲခံခဲ့ရသည်- ဖိလစ်ပိုင်နှစ်ဦး၊ ဂရိတစ်ဦးနှင့် ဂျော်ဂျီယန် တစ်ဦး တို့ဖြစ်ပါသည်။ Togolese ရေတပ်က သတင်းပို့ခဲ့သည်မှာ ရန်မူသူများကို လက်နက်ကိုင် အစောင့်များက တိုက်ခိုက်ရန် ကြိုးစားခဲ့သော်လည်း တစ်ဦးမှာ သေနတ်အပစ်ခံရပြီး ဒဏ်ရာရခဲ့သည်။

၎င်းမှာ Benin ကမ်းခြေအလွန်၌ Norwegian JJ Ugland ထုထည်ကြီးတင် သင်္ဘောပေါ် အတက်ခံရပြီး သင်္ဘောသား ကိုးဦးကို ပြန်ပေးဆွဲသွားခဲ့ပြီးနောက် သုံးရက်အတွင်း ဒုတိယအကြိမ် ပင်လယ်ဓါးပြတိုက်မှုဖြစ်သည်။




၂၀၁၉ ခုနှစ် ဇွန်လတွင် ITF ၊ ဘောလ်တစ်နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ကောင်စီ၊ အပြည်ပြည်ဆိုင်ရာ သင်္ဘောလုပ်ငန်း  အသင်း၊ ရေနံကုမ္ပဏီများ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း ဟစ်တိုင် (Baltic and  International Maritime Council, International Chamber of Shipping and Oil Companies International Marine Forum) တို့သည် ဂီနီယာပင်လယ်ကွေ့၌ ပင်လယ်ဓါးပြနှင့် လက်နက်ကိုင်ဓါးပြတိုက်မှု၏ လူသားဆိုင်ရာနှင့် စီးပွားဆိုင်ရာ သက်ရောက်မှုတို့ကို ဖြေရှင်းပေးရန် အစိုးရများ၊ ကျွမ်းကျင်သူများနှင့် လုပ်ငန်းကဏ္ဍဆိုင်ရာ ပါဝင်လုပ်ကိုင်သူများအား အတူတကွစုစည်း၍ လက်ရှိ ပြဿနာကို ဖြစ်နိုင်သော အဖြေရှာရန် ဆွေးနွေးကြပါသည်။

## စစ်မက်နယ်မြေများရှိ သင်္ဘောသားများအား အကာအကွယ်ပေးခြင်း

ITF ဦးစီးသည့် လုပ်ငန်းကဏ္ဍသည် အိုမန်ပင်လယ်ကွေ့တစ်ဝိုက်ရှိ ဟောမုဇ် ရေလက်ကြား၌ ဖြစ်ပွားသည့် စစ်မက်တွင် ငြိမ်းချမ်းတည်ငြိမ်ပေးရန် တောင်းဆိုလိုက်သည်၊ အဆိုပါတောင်းဆိုမှုမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ Stena Impero သင်္ဘောအား ဖမ်းဆီးသိမ်းလိုက်ခြင်းဖြစ်ပွားပြီးနောက်ဖြစ်ပါသည်။ အဆိုပါ နယ်မြေမှာ 'ယာယီ ကြာမြင့်စွာရှိနေသည့် အန္တရာယ်' နယ်မြေ ကဲ့သို့ စစ်နယ်မြေအဖြစ် ကြေညာခဲ့ကြောင်း သေချာစေခဲ့သည်၊ ဆိုလိုသည်မှာ အဆိုပါနယ်မြေ၌ အတိုက်အခိုက်ခံရသည့် သင်္ဘောသားများသည် အပိုဆုကြေးကို ရရှိမည်ဖြစ်ပြီး အဆိုးရွားဆုံးဖြစ်လျှင် သေဆုံးမှုနှင့် မသန်မစွမ်းဖြစ်မှုဆိုင်ရာ လျော်ကြေး နှစ်ဆ ရမည်ဖြစ်ပါသည်။

အဆိုပါ ပဋိပက္ခများတွင် ITF သည် သံတမန်ရေးရာ ဖြေရှင်းချက်တစ်ရပ် အတွက် ဦးဆောင်၍တောင်းဆိုရန် သင်္ဘောလုပ်ငန်း လုပ်ငန်းကဏ္ဍနှင့်အတူတကွ လုပ်ကိုင်ပါသည်၊ သင်္ဘောသားများ ထိခိုက်မှုမရှိဘဲ ဆက်လက် အလုပ် လုပ်နိုင်ရန်အတွက် ခွင့်ပြုရန်နှင့် ဖမ်းဆီးခံရသည့် သင်္ဘောသားများ၏ လွှတ်မြောက်ရေးကို ရှာကြံရန်အတွက် နိုင်ငံအားလုံးက ပံ့ပိုးပေးရန်ဖြစ်သည်။ ■

# သင့်ဖက်ရပ်တည်ပေးမည့်
# ITF စိစစ်ရေးမှူးများ

**ITF စိစစ်ရေးမှူးများသည် သင်္ဘောသားများ၏ အခွင့်အရေးများအတွက် ကမ္ဘာတစ်ဝန်း တိုက်ပွဲဝင်ပေးရန်နှင့် အကာအကွယ်ပေးရန် လုပ်ကိုင်ပေးသည်။ သင်္ဘောသားများ သတင်းလွှာစာစောင်က စပိန် အဖွဲ့နှင့် အသစ်အဖြစ်ဆုံး စိစစ်ရေးမှူးများကို မိတ်ဆက်ပေးပြီး တစ်ဖက်စာမျက်နှာတွင် စိစစ်ရေးမှူးများမှာ ဆိပ်ကမ်းအသစ်များနှင့် နိုင်ငံအသစ်များသို့ မည်ကဲ့သို့ ဆက်သွယ်နေကြောင်း ဖော်ပြထားသည်။**

## အသစ်အဖြစ်ဆုံး စိစစ်ရေးမှူးများအား တွေ့ဆုံ



### Jose A Claudio Baez

**(San Juan, Puerto Rico)** သည် ဆိပ်ကမ်းအလုပ်သမားနှင့် စစ်ဆေးသူ (သင်္ဘော ကုန်တင်ကုန်ချ ညွှန်ကြားပေးသည်) တစ်ဦးဖြစ်ခဲ့ပြီး သူ၏ ဒေသခံ 1740 သမဂ္ဂတွင် ကော်မတီ ရွေးချယ်ရေး၏ ဥက္ကဌတစ်ဦးဖြစ်ပါသည်။ စိစစ်ရေးမှူးတစ်ဦး ဖြစ်ရခြင်းဆိုလိုသည်မှာ သူ့အနေဖြင့် သင်္ဘောသားများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ပြီး သူတို့အား လေးစားမှုဖြင့် ဆက်ဆံခံရရန် မြင်တွေ့နိုင်ပါသည်။ Jose သည် သင်္ဘောသားများအား သူတို့၏မိသားစုများအား ဆက်သွယ်ရန် အခမဲ့ wi-fi ရှိသည့် သူတို့၏ အနားယူချိန်တွင် သက်သောင့်သက်သာ အဆင်ပြေမည့်နေရာကို ကူညီရှာပေးရန် စိတ်လိုက်မာန်ပါသည်။



### Catherine Haizel

**(Ghana)** သည် အငြိမ်းစား မယ္ယူမီနှင့် ဒေသဆိုင်ရာ ပင်လယ်ရေကြောင်း တက္ကသိုလ်၌ ကထိကတစ်ဦး မဖြစ်လာမီ ၁၅ နှစ် ပင်လယ်ပြင်တွင် အလုပ်လုပ်ခဲ့ပါသည်။ စိစစ်ရေးမှူးတစ်ဦးအဖြစ် သူမသည် Tema and Takoradi ရှိ ဆိပ်ကမ်း နှစ်ခုကို အဓိကအားဖြင့် လုပ်ကိုင်ပေးပါသည်။ Catherine သည် သင်္ဘောသားများအတွက် အလုပ်လုပ်ကိုင်ရာ အခြေအနေများ တိုးတက်ကောင်းမွန်ရေးကို လိုလားပြီး Ghana ၏ ဆိပ်ကမ်းများတွင် ဆိုက်ကပ်သည့် သင်္ဘောများ အလုပ်အကိုင်လုပ်ခ သဘောတူစာချုပ်အရ လုပ်ကိုင်စေသည်။



### Hassen Mellis

**(Algiers, Algeria)** သည် ၂၇ နှစ်ကြာ ပင်လယ်ရေကြောင်းသင်္ဘောသား တစ်ဦးဖြစ်ခဲ့ပြီး နောက်ဆုံး၌ Algerian သဘာဝ ဓါတ်ငွေ့ အရည်တင်သင်္ဘောပေါ် အရာရှိချုပ်အဖြစ်လုပ်ခဲ့ပါသည်။ FNTT/ UGTA သမဂ္ဂတစ်လျှောက် အဖွဲ့ဝင်တစ်ဦးအဖြစ် သူသည် ၂၀၁၇ ခုနှစ် ကတည်းကစ၍ သွက်သွက်လက်လက် လုပ်ဆောင်ခဲ့ပါသည်။ Hassen သည် စိစစ်ရေးမှူးတစ်ဦးအဖြစ် "ဂုဏ်ယူရမည့် အခက်အခဲ" ဟု ခံယူပြီး အခက်အခဲများနှင့်ကြုံတွေ့နေရသည့် သင်္ဘောသားများကို ကူညီရန် သူ အကောင်းဆုံး လုပ်ကိုင်ပေးမည်ဖြစ်ပြီး သင်္ဘောပိုင်ရှင်များ အနေဖြင့် နိုင်ငံလုံးဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား စံနှုန်းများကို လေးစားပေးရန်အတွက် သေချာစေမည်ဖြစ်ပါသည်။



### Hamid Rachik

**(Casablanca, Morocco)** သည် Moroccan and Russian သင်္ဘောများပေါ်၌ ၁၂ နှစ်ကာလအတွင်း ကုန်းပတ် အရာရှိနှင့် အရာရှိချုပ် ဖြစ်ခဲ့ပါသည်။ သူသည် ယင်းနောက် Casablanca ဆိပ်ကမ်းရှိ ကုန်တင်သေတ္တာဆိပ် မန်နေဂျာ တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ပြီး Moroccan အလုပ်သမားများ သမဂ္ဂ (UMT) ၏ ပထမ ဒု-အထွေထွေအတွင်းရေးမှူး တစ်ဦးဖြစ်ပါသည်။ Hamid သည် သင်္ဘောသားများအနေဖြင့် လိုက်လျောညီထွေ၊ ဘေးကင်းလုံခြုံပြီး လေးစားရသော အလုပ်လုပ်ကိုင်ရာ အခြေအနေများကို ရရှိရန်အတွက် အထောက်အကူပြုစေရန် သူ၏ အတွေ့အကြုံနှင့် ဗဟုသုတကို အသုံးပြုရန် လိုလားပါသည်။



### Sam Levens

**(San Francisco, USA)** သည် ITF သို့ အတွေ့အကြုံ ဘဏ်တိုက်ကြီးကို ယူဆောင်လာပေးသည် – ၁၄ နှစ် San Francisco Bay လမ်းကြောင်းပို့ဆောင်ရေးစနစ်တွင် ကုန်းပတ်အကူလုပ်သားအဖြစ်နှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအလုပ်သမားနှင့် ကုန်စည်ဂိုဒေါင် သမဂ္ဂ (International Longshore and Warehouse Union) နှင့် ဒေသခံ လူမှုအသိုင်းအဝိုင်း-အခြေခံသည့် အဖွဲ့အစည်းများတွင် အလုပ်သမား စည်းရုံးရေးနှင့်ပြောင်းလဲမှုအတွက် လှုံ့ဆော်စည်းရုံးရေးစနစ်တို့အပါအဝင်ဖြစ်သည်။ Sam သည် ကမ္ဘာတစ်ဝန်း သင်္ဘောသားများ၏ အခွင့်အရေးများအပေါ် ပိုမိုကြီးမားသော သက်ရောက်မှု ရှိစေရန်နှင့် မြောက်ပိုင်း California တစ်လျှောက်ရှိ လူမှုအသိုင်းအဝိုင်း အုပ်စုများနှင့် အလုပ်သမား သမဂ္ဂများနှင့်အတူ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန် စိတ်အားထက်သန်လျက်ရှိသည်။

# စပိန်အဖွဲ့နှင့်ပတ်သက်၍ မီးမောင်းထိုးပြ

တောင့်တင်းခိုင်မာသည့် စပိန်ငါးဦးပါ-စိစစ်ရေးမှူးအဖွဲ့မှာ ITF ၏ အကြီးမားဆုံးအနက် တစ်ခုဖြစ်သည်၊ ၈၀၀၀ ကီလိုမီတာနီးပါး စပိန် ကမ်းရိုးတန်းတစ်လျှောက် သင်္ဘောသားများအတွက် ပံ့ပိုးမှုနှင့် အကူအညီပေးနေပါသည်။ ကြီးမားသည့် ဆိပ်ကမ်းများ၌ အခြေချပြီး စိစစ်ရေးမှူးတစ်ဦးစီတွင် အခြားဆိပ်ကမ်းများအတွက်လည်း တာဝန်ရှိပါသည်။

စပိန်နိုင်ငံ၏ – မက်ဒီတာရင်နီးယံ၊ အတ္တလန်တိတ်၊ အာဖရိက ကမ်းခြေနှင့် မြောက်ပိုင်း ပင်လယ်လမ်းကြောင်းများ၏ လမ်းဆုံတို့တွင် – နည်းဗျူဟာကျသော အနေအထားဆိုလိုသည်မှာ စိစစ်ရေးမှူးအဖွဲ့သည် နိုင်ငံအမျိုးအပြားမှ သင်္ဘောသားများအား ကူညီပေးပြီး အလွန့်အလွန် ဆိုးရွားသည့် စွန့်ပစ်ထားမှုများကို ကိုင်တွယ်ဖြေရှင်းပေးသည်။

စိစစ်ရေးမှူးများကို စပိန်နိုင်ငံ၏ ITF-အသင်းဝင်အဖွဲ့အစည်းဖြစ်သည့် သမဂ္ဂ သုံးခု (FeSMC-UGT, CCOO and ELA)က အလုပ်ခန့်ထားသည်။ သူတို့သည် အဖွဲ့အဖြစ် ကြိုးကြိုးစားစား လုပ်ကိုင်ကြပြီး ခက်ခဲသော ကိစ္စများကို ဖြေရှင်းပေးရန် ဆိပ်ကမ်းအခြေအနေ ထိန်းချုပ်ရေးနှင့် သူတို့ ကောင်းမွန်စွာ ပူးပေါင်းလုပ်ကိုင်စေသည့် အရေးကြီးသော ပင်လယ်ရေကြောင်း အဆက်အသွယ်ကွန်ခြာတစ်ခုကို တည်ဆောက်ခဲ့ပါသည်။



**Luz Baz,** team coordinator (Vigo တွင်အခြေစိုက်သည်၊ Spain အနောက်မြောက်ပိုင်းအတွက် လုပ်ကိုင်သည်)။ သူမသည် အရည်အချင်းပြည့်မီသည့် ရှေ့နေတစ်ဦးဖြစ်ပြီး ၂၀၀၆ ခုနှစ် ITF စိစစ်ရေးမှူးအဖြစ် ခန့်အပ်ခြင်း မခံရမီ ကုန်းပတ် အရာရှိဖြစ်ခဲ့သည်။ သူမသည် သူမ၏အလုပ်အား "ကမ္ဘာပေါ် ရှိ အကောင်းဆုံးထဲမှ တစ်ခု" ဖြစ်သည်ဟု ယူဆသည်၊ သင်္ဘောသားများနှင့် ငါးဖမ်းသူများ၏အခွင့်အရေးများကိုအကာအကွယ်ပေးရန်သူမ၏ ဗဟုသုတ၊ အတွေ့အကြုံနှင့် စိတ်ထက်သန်မှုကို ၎င်းအလုပ်က ပေါင်းစည်း ပေးသောကြောင့်ဖြစ်ပါသည်။



**Marc Martí** (Barcelona ၌ အခြေစိုက်သည်၊ Catalonia နှင့် Baleares ကျွန်းအတွက် လုပ်ကိုင်သည်)။ သူသည် အသက် ၂၀ အရွယ်၌ ဆိပ်ကမ်း ကိုယ်စားလှယ်တစ်ဦး ဖြစ်လာခဲ့ပြီး CCOO သမဂ္ဂ ကိုယ်စားလှယ် ရှစ်နှစ် ဖြစ်ခဲ့သည်။ ဤသို့သော သင်္ဘောသားများ အပေါ် ခေါင်းဖြတ်မှုနှင့် သင်္ဘောသားများ၏ ထိခိုက်လွယ်မှုတို့ကို ထိတွေ့မှုကြောင့် ၂၀၁၉ ခုနှစ်တွင် စိစစ်ရေးမှူးအဖွဲ့အား ပူးပေါင်းရန် သူ့အား ဦးတည်ပေးခဲ့သည်။



**Mohamed Arrachedi** (Bilbao ၌ အခြေစိုက်သည်၊ Spain မြောက်ပိုင်းအတွက် လုပ်ကိုင်သည်)။ သူသည် ITF ကို ၂၀၀၁ ခုနှစ်၌ စိစစ်ရေးမှူးတစ်ဦးအဖြစ် ပူးပေါင်းသည်။ သူ၏ ဘာသာစကားကျွမ်းကျင်မှုနှင့် ခက်ခဲသော ယဉ်ကျေးမှုများနှင့်ကိုင်တွယ်လုပ်ကိုင်သည့်အတွေ့အကြုံသည် သင်္ဘောသားများနှင့် အဖွဲ့အား အကျိုးဖြစ်ထွန်းပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ကတည်းကစ၍ Mohamed သည် ITF အာရတ်ကမ္ဘာနှင့် အီရန် အဆက်အသွယ်ကွန်ခြာကို ဖွံ့ဖြိုးပေးလျက်ရှိပြီး အဆိုပါ ဒေသရှိ အဆက်အသွယ်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိပါသည်။



**Juan García** (Valencia တွင်အခြေစိုက်သည်၊ covers စပိန်နိုင်ငံ၏ ၇၇၆ ကီလိုမီတာ ရှည်လျားသော အရှေ့ဖက် မက်ဒီတာရင်းနီးယန်း ကမ်းခြေအတွက် လုပ်ကိုင်သည်)။ ၁၆ နှစ်တာ သင်္ဘောသား အမှုထမ်းတစ်ဦးနှင့် ရေယာဉ်မှူးအဖြစ် သူ၏ အတွေ့အကြုံသည် ပင်လယ်ပြင်၌ ဘဝ အခက်အခဲများအကြောင်း သူ့အား သင်ကြားပေးခဲ့ပါသည်။ သူသည် ITF ကို ၂၀၁၀ ခုနှစ်တွင် ပူးပေါင်းခဲ့ပြီး ၎င်းကတည်းကစ၍ စိစစ်ရေးများနှင့် အမှုကိစ္စပေါင်း ၉၀၀ နီးပါး ကိုင်တွယ်စစ်ဆေးခဲ့ပါသည်။



**Gonzalo Galán** (Las Palmas ၌အခြေစိုက်သည်၊ ရှုပ်ထွေးသည့် Canary ကျွန်းများအတွက် လုပ်ကိုင်သည်)။ ၂၀၁၄ ခုနှစ်ကတည်းကစ၍ စိစစ်ရေးမှူးတစ်ဦးဖြစ်ပြီး၊ သူသည် ငါးဖမ်းကဏ္ဍများအတွက် ထက်ထက်သန်သန်လုပ်ပေးသည့် ITF စိစစ်ရေးမှူးများအနက် တစ်ဦးလည်းဖြစ်သည့်အပြင် ၂၀၁၉ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ ငါးဖမ်းသင်္ဘော ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

# ITF သည် စိစစ်ရေးမှူးအဖွဲ့ ဆက်သွယ်ရေးကွန်ခြာကို တိုးချဲ့နေလျက်ရှိ

ITF စိစစ်ရေးမှူးများ – ပထဝီ သဘောအရ၊ နိုင်ငံရေးအရ သို့မဟုတ် စွမ်းဆောင်ရည်အရ – မရှိသောနိုင်ငံများနှင့် ဆိပ်ကမ်းများတွင် သင်္ဘောသားများသည် အထူးသဖြင့် ထိခိုက်လွယ်ကြသည်။

စိစစ်ရေးမှူး အနည်းငယ်သည် အပြင်းထန်ဆုံး ခေါင်းပုံဖြတ်မှုများ အချို့ရှိသော  အာရတ်ကမ္ဘာတွင် လုပ်ကိုင်နိုင်ခဲ့ကြသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်တွင် ITF သည် အဆိုပါ ဒေသတွင် သမဂ္ဂ အဆက်အသွယ်များပုံစံကို ဖွဲ့စည်းခဲ့သည်၊ သင်္ဘောသားများ၏ အကူအညီအတွက် ဖုန်းခေါ်မှုများကို ကိုင်တွယ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းအားဖြင့် ဒုက္ခရောက်နေသည့် သင်္ဘောသားများအား ပံ့ပိုးပေးရန် ITF ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်ဖြစ်သည်။

အဆက်အသွယ်ကွန်ခြာ၏ အောင်မြင်မှုကြောင့်  ITF အား အခြားနေရာများတွင် အလားတူ နည်းလမ်းလုပ်ရန် အားတက် စေခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလတွင် သမဂ္ဂသည် လက်တင် အမေရိကနှင့် ကရီးဘီးယန်း အဆက်အသွယ်ကွန်ခြာကို ဖွင့်လှစ်ထူထောင်လိုက်ပြီး အဆိုပါ နှစ်နှောင်းပိုင်းတွင် အာရှ ပစိဖိတ် အဆက်အသွယ်ကွန်ခြာကို ဖွင့်လှစ်ထူထောင်ခဲ့သည်။ အနောက် အာဖရိကတွင် အဆက်အသွယ်ကွန်ခြာကို ၂၀၁၁ ခုနှစ်ကတည်းကစ၍ လုပ်ကိုင်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ပြန်လည်မွမ်းမံခဲ့သည်။

အဆက်အသွယ်ကွန်ခြာများသည်  လိုက်လျောညီထွေမည့် လုပ်ခနှင့် သင်္ဘောပေါ်၌ အလုပ်လုပ်ကိုင်ရာနှင့် နေထိုင်ရာ အခြေအနေများကို သင်္ဘောပိုင်ရှင်များအနေဖြင့် လုပ်ပေးရန်အတွက် မိမိတို့၏ တာဝန်များကို လိုက်နာဆောင်ရွက်ပေးရန် သေချာအောင်ကိုလည်း လုပ်ကိုင်ကြပါသည်။

ITF-အသင်းဝင်အဖွဲ့အစည်းဖြစ်သည့် သမဂ္ဂများမှ အဆိုပြုသည့် အဆက်အသွယ်များသည် ပင်လယ်ရေကြောင်း အလုပ်သမား စာချုပ် (Maritime Labour Convention (MLC)) အရ သင်္ဘောသားများ၏ အလုပ်သမား အခွင့်အရေးများ၊ ITF စာချုပ်များနှင့် အလံအငှါးတင်ခြင်း (**FOC**) ဆိုင်ရာစနစ်နှင့်တကွ သင်္ဘောသားများ၏ အလုပ်လုပ်ကိုင်ရာနှင့် နေထိုင်ရာ အခြေအနေများကို အကာအကွယ်ပေးရာ၌ ITF စိစစ်ရေးမှူးအဖွဲ့၏ အခန်းကဏ္ဍတို့နှင့်ပတ်သက်သည့် နှစ်ရက်-တာ လေ့ကျင့်သင်တန်းကို တက်ရောက်ကြသည်။

## လက်တင် အမေရိက နှင့် ကရီးဘီးယန်း အဆက်အသွယ်ကွန်ခြာ

လက်တင်အမေရိက တစ်ဝှမ်းတွင် သင်္ဘောသားများနှင့် ဆိပ်ကမ်းအလုပ်သမားများသည် ဘေးကင်းလုံခြုံစွာနှင့် သိက္ခာရှိစွာ အလုပ်လုပ်နိုင်ရန် မိမိတို့၏ အခွင့်အရေးများအပေါ် အတိုက်အခိုက်ခံရရန် ပစ်မှတ်ထားလျက်ရှိသည်။ ၂၃ ခုသော တောင့်တင်းခိုင်မာသည့် အဆက်အသွယ်ကွန်ခြာသည် ခေါင်းပုံဖြတ်ခံရသည့် အပြည်ပြည်ဆိုင်ရာ သင်္ဘောသားများ၏ အခွင့်အရေးများကို ကာကွယ်ပေးသည်၊ ပြည်တွင်း ကုန်သွယ်မှုတွင် အလုပ်လုပ်လျက်ရှိသည့် သင်္ဘောသားများနှင့် ကမ်းခြေတွင် လေးလေးပင်ပင် ပင့်မမှုများကို လုပ်နေရသည့် ဆိပ်ကမ်းအလုပ်သမားများအား ကာကွယ်ပေးပါသည်။ ၎င်းသည် စိစစ်ရေးမှူးအဖွဲ့ မရှိသည့် ဆိပ်ကမ်းများ၌ သင်္ဘောပေါ် ရှိ သင်္ဘောသားများအား ပံ့ပိုးပေးပြီး ဆိပ်ကမ်းအလုပ်သမားများ၏ ပြဿနာများ ITF နှင့် သမဂ္ဂများအတွက် ကြီးမားသည့် သီးခြား ဆိပ်ကမ်းများ အကျုံးဝင်စေရန် ရည်မှန်းထားပါသည်။  အာရတ်ကမ္ဘာ အဆက်အသွယ်ကွန်ခြာနှင့်ပတ်သက်၍ ၎င်းသည်  ITF ပင်လယ်ရေကြောင်းဆိုင်ရာ လှုံ့ဆော်မှုများအတွက် စည်းရုံးရေးနှင့် သတင်းထောက်လှမ်းရေးကိုလည်း ပံ့ပိုးကူညီပေးသည်။




လက်တင် အမေရိက နှင့် ကရီးဘီးယန်း အဆက်အသွယ်ကွန်ခြာ ညှိနှိုင်းရေးအရာရှိအား ဆက်သွယ်ပါ-

**Juan Villalon-Jones (Chile)**
**ဖုန်း-** +56 9 9250 9565
**အီးမေးလ်-** villalon_juan@itf.org.uk

*(Antigua & Barbuda, Barbados, Chile, Colombia, Costa Rica, Dominica, El Salvador, Guatemala, Guyana, Nicaragua, Peru, St Lucia, Trinidad & Tobago, Uruguay, USA - San Diego, Venezuela)*

## အာရှ ပစိဖိတ် အဆက်အသွယ်ကွန်ခြာ

ဤအဆက်အသွယ် ရှစ်ခုရှိသည့် ကွန်ခြာသည် ပင်လယ်ကူး-သင်္ဘောများပေါ် အလုပ်လုပ်ကိုင်သော သင်္ဘောသားများအား ဒေသခံ ပံ့ပိုးကူညီမှုကို ပေးအပ်ရန် ရည်မှန်းထားသည်။ ၂၀၁၉ ခုနှစ်တွင် ၎င်းသည် အဆက်အသွယ်ကွန်ခြာ ဖွဲ့ဖြိုးပေးရာ၌ ပံ့ပိုးမှုကို ရှာဖွေရန်အတွက် ITF စိစစ်ရေးမှူးများ မရှိသော နိုင်ငံများရှိ သမဂ္ဂများအား ဆက်သွယ်ပေးခြင်းကို စတင်ခဲ့သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ မတိုင်မီ ရှစ်နိုင်ငံသည် ပါဝင်ပူးပေါင်းရန် သဘောတူခဲ့ပြီး  ITF အနေဖြင့် အဆိုပါ လတွင်ပင် အဆိုပြုခံရသည့် အဆက်အသွယ်များအား အောင်မြင်စွာ လေ့ကျင့်ပေးခဲ့သည်။



အာရှ ပစိဖိတ် အဆက်အသွယ်ကွန်ခြာ ညှိနှိုင်းရေးအရာရှိအား ဆက်သွယ်ပါ-

**Jason Lam (Hong Kong)**
**ဖုန်း-** +852 9735 3579
**အီးမေးလ်-** lam_jason@itf.org.uk

*(Bangladesh, Cambodia, Malaysia, Myanmar, Pakistan, Papua New Guinea, Solomon Islands, Thailand)*

## အနောက် အာဖရိက အဆက်အသွယ်ကွန်ခြာ

တောင့်တင်းခိုင်မာသည့်- အဆက်အသွယ် ၁၀ ခုပါကွန်ခြာသည် အဆက်အသွယ်များ၏ ကျွမ်းကျင်မှုနှင့် ဗဟုသုတ၊  MLC အရ အကျုံးဝင်သည့် သင်္ဘော သွားရောက်မှုနှင့်ပတ်သက်သည့် သတင်းပို့ခြင်းဆိုင်ရာ အရည်အသွေးနှင့် ဒေသခံ အာဏာပိုင်များနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးများ၏ အရည်အသွေးကို မြင့်တင်ပေးရန် ရည်မှန်းထားသည်။ ၎င်းသည် အဆိုပါ ဒေသရှိ အစိုးရများအနေဖြင့် MLC ကို အတည်ပြုပေးရန်ကိုလည်း ဆွဲဆောင်ကြသည်။  ၎င်း၏ သင်္ဘောပေါ် သွားရောက်မှု အများစုကို အဆက်အသွယ်များရှိသည့် နိုင်ငံ ခြောက်နိုင်ငံအနက် ငါးနိုင်ငံတွင် လုပ်ပေးပါသည်၊ အများစုကို Ivory Coast နိုင်ငံတွင် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ကျွန်ုပ်တို့သည် သင်္ဘောပေါ် သွားရောက်မှု ၈၀ ကျော်ကို ဆောင်ရွက်ခဲ့သည်၊ ၂၀၁၉ ခုနှစ် ပထမ နှစ်ဝက်တွင် ကျွန်ုပ်တို့ ၄၅ ခုကျော် လုပ်ခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် နောက်ထပ် သွားရောက်မှု အမြောက်အမြားကို တိုးမြှင့်လုပ်ရန် ရည်မှန်းထားသည်၊ ကျွန်ုပ်တို့၏ ဆိပ်ကမ်းများတွင် အလံအငှါးတင် (FOC) သင်္ဘောများနှင့်ပတ်သက်၍ ပြင်းထန်သည့် အလုပ်သမား ပြဿနာများရှိသောကြောင့်ဖြစ်သည်။



အနောက် အာဖရိက အဆက်အသွယ်ကွန်ခြာ ညှိနှိုင်းရေးအရာရှိအား ဆက်သွယ်ပါ-

**Luiz de Lima (Brazil)**
**ဖုန်း-** +55 96455 7094
**အီးမေးလ်-** delima_luiz@itf.org.uk

*(Benin, Cote d'Ivoire, Ghana, Guinea Bissau, Senegal, Togo)*

## အာရတ်ကမ္ဘာနှင့် အီရန် အဆက်အသွယ်ကွန်ခြာ



အာရတ် ကမ္ဘာနှင့် အီရန် အဆက်အသွယ်ကွန်ခြာ ညှိနှိုင်းရေး အရာရှိအား ဆက်သွယ်ပါ-

**Mohamed Arrachedi (Spain)**
**ဖုန်း-** +34 629 419 007
**အီးမေးလ်-** arrachedi_mohamed@itf.org.uk

*(Algeria, Bahrain, Iran, Iraq, Jordan, Kuwait, Lebanon, Libya, Morocco, Oman, Sudan, Tunisia, United Arab Emirates, and Yemen)*

အာရတ် ကမ္ဘာနှင့် အီရန် အဆက်အသွယ်ကွန်ခြာမှ နောက်ဆုံးသတင်းကို စာမျက်နှာ ၂၈-၂၉ တွင်ဖတ်ရှုပါ။



# ပင်လယ်ရေကြောင်းသင်္ဘောသားများသည် ပြောင်းလဲချက်အတွက် အမြဲ အဆင်သင့်ဖြစ်နေ

© Fraunhofer IGD / Flensburger Schiffbau-Gesellschaft

**သင်္ဘောသားများသည် ပြောင်းလဲချက်အပေါ် ကောင်းစွာ နေသားကျရေးအား မိမိတို့ကိုယ်တိုင် သက်သေထူခဲ့သည်မှာ ကြာပြီးဖြစ်သည်။ ထို့ကြောင့် အဆင့်မြင့် နည်းပညာနှင့် ဒီဂျစ်တဲလ်စနစ်ကြောင့် လှုပ်ခါခံရသည့် ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍတွင် အတွေ့အကြုံရင့်ကျက်သည့် သင်္ဘောသားများအတွက် အခန်းကဏ္ဍ အမြဲ ရှိနေပါလိမ့်မည်ဟု ITF အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ် ဆက်ဆံရေး လက်ထောက်ဖြစ်သူ Jihyeon Gina Kim ကဆိုသည်။**

နှစ်ပေါင်း ၂၀၀ ကျော်ကျော် ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍသည် မြောက်မြားစွာသော ပြောင်းလဲမှုများကို ကြုံတွေ့ခဲ့ ရသည်၊ အလိုအလျောက်လုပ်စက်ကိရိယာ တပ်ဆင်ရေး အပါအဝင်ဖြစ်သည်။ ရွက်မှ ရေနွေးငွေ့၊ ရေနွေးငွေ့မှ ဒီဇယ်၊ မီးသွေးမှ ရေနံ၊ ရေနံမှ ရောစပ်ထားသည့် လောင်စာအသစ်သို့ ပြောင်းလဲမှု- တစ်ဖန် ရေဒါ၊ လျှပ်စစ်နည်း မြေပုံကားချပ် ပုံဖော်ခြင်း၊ သတင်းအချက်အလက် စနစ် (ECDIS) နှင့် လျှပ်စစ်နည်း အောင်လက်မှတ်များ ဖြစ်သည်။

ဤပြောင်းလဲမှုများ တစ်လျှောက်လုံး သင်္ဘောသားများသည် ၂၄ နာရီ ၇ ရက် လုပ်ကိုင်လျက်ရှိပါသည်။

အလိုအလျောက်လုပ်စက်ကိရိယာသည် သင်္ဘောသားအဖို့ နည်းပညာ အသစ်နှင့် စက်ကိရိယာ၏ အထောက်အကူပြုမှုဖြင့် လုပ်ဆောင်ရမည့်အလုပ်တာဝန်ကို ထမ်းဆောင်ပေးရန် လိုအပ်ပြီး အချိန်တိုင်း သင့်တော်သော ဆုံးဖြတ်ချက်များကို ချမှတ်ရန် လိုအပ်သည်။ သင်္ဘောသားများအနေဖြင့် အမျိုးမျိုးသော အခြေအနေများကို သင့်တော်သလိုနှင့်အချိန်မီစွာဖြင့် ကျွမ်းကျင်မှုများနှင့် အရည်အချင်းများဖြင့် အကျင့်သားရစေရန် ၎င်းက တောင်းဆိုထားသည်။

တစ်ချိန်လုံး သင်္ဘောသားများသည် မတော်တဆဖြစ်ရပ် အန္တရာယ်ကြုံရသည်၊ တစ်ခါတစ်ရံ သူတို့၏ အသက်ပင် ဆုံးရှုံးရပါသည်။ ၎င်းအပြင် မကြာခဏဆိုသလို သင်္ဘောသားများသည် သူတို့၏ ထိန်းချုပ်မှု ပြင်ပရှိ ဖြစ်ရပ်များအတွက် အပြစ်တင်ခံရပြီး ပြစ်မှုမြောက်သည့်လုပ်ရပ်ဖြင့်စတေးခံရပါသည်။ သို့သော်လည်း သင်္ဘောသားများသည် တောင့်ခံခဲ့ရပြီး သူတို့မှာ ခံနိုင်ရည်စွမ်းရှိကြောင်း ကမ္ဘာအား ပြသခဲ့ပါသည်။

ထို့ကြောင့် ယခု ဘာဖြစ်သလဲ။ ပြောဆိုရသည်မှာ သင်္ဘောလုပ်ငန်း ၄.၀ သို့မဟုတ် ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍ ၄.၀၊ ၎င်းတို့အားလုံးမှာ ဒီဂျစ်တဲလ်စနစ်နှင့် အဆင့်မြင့် နည်းပညာများ ဖြစ်သည်။ ဟုတ်ပါသည် ကျွန်ုပ်တို့အနေဖြင့် မောင်းနှင်ရန် မလိုသည့် သို့မဟုတ် အလိုအလျောက်မောင်းနှင်သည့် သင်္ဘောများဟူသော စကားရပ်များနှင့် ပိုမို၍ ယဉ်ပါးကြပါသည်။ ၎င်းမှာ လူသား မပါ သို့မဟုတ် လူသား အချို့အကြောင်းဖြစ်စေ အလိုအလျောက်လုပ်စက်ကိရိယာနှင့် ဒီဂျစ်တဲလ်စနစ်သည် လွန်ခဲ့သည့် ရာစုနှစ် ထက်ဝက်ကျော်က စတင်ခဲ့ပါသည်။

ယခု ရည်မှန်းချက်များမှာ သန့်ရှင်းသော လောင်စာကို အသုံးပြုခြင်းမှတစ်ဆင့် ညစ်ညမ်းမှုကို လျှော့ချပေးရန်၊ ပင်လယ်ပြင်ရှိ လူ့ဘဝများကို ကာကွယ်ပေးရန်၊ စီမံခန့်ခွဲရေး ဝန်ထုတ်ဝန်ပိုးကို လျှော့ချရန်၊ သင်္ဘောများနှင့် ကုန်စည်များကို အဆင့်မြင့်မြင့် လှို့ဝှက်ထားသည့် အချက်အလက် လဲလှယ်ရေးစနစ်များဖြင့် ပိုမိုလုံခြုံအောင်လုပ်ရန်- အပြင် ဖောက်သည်များ၏ စိတ်ကျေနပ်မှုအတွက် ဆိပ်ကမ်းများ၌ သင်္ဘောများ ရောက်ရှိချိန်နှင့် ကုန်စည် ကိုင်တွယ်ရေး အချိန်ကို အနည်းဆုံး ဖြစ်စေရန်တို့ဖြစ်သည်။

လုပ်ငန်းကဏ္ဍက ခန့်မှန်းသည်မှာ ပင်လယ်ပြင်သယ်ယူပို့ဆောင် ကုန်သွယ်ရေးသည် ၎င်း၏ စီးပွားဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမြတ်ခြင်းကြောင့်အပြင် ၎င်းအနေဖြင့် အခန်းကဏ္ဍအသစ်တွင် လုပ်ဆောင်ရမည်ဖြစ်သည့် ကုန်စည်ဖြန့်ချီရေး အချိတ်အဆက်၌ အမျိုးမျိုးသော သယ်ယူပို့ဆောင်ရေး ကဏ္ဍများအကြား အဆက်အသွယ်ရှိမှု တိုးမြှင့်စေရေးတို့ကြောင့်ဖြစ်သည်။ သင်္ဘောပေါ်နှင့် ကမ်းခြေတွင် ပိုမို၍မြင့်မားသည့် အဆင့်မြင့်နှင့် ပြောင်းလဲနေသည့် လုပ်ငန်းလုပ်ကိုင်ရာ အခြေအနေများအပေါ် သူတို့အနေဖြင့် ပိုမိုနေသားကျစေရန် သေချာစေရန်အတွက် အရည်အချင်း အသစ်နှင့် တတ်ကျွမ်းမှုအသစ်တို့နှင့် အတူ ပိုမိုများပြားသည့် အရာထမ်းများ လိုအပ်မည်ဖြစ်သည်။

သို့သော်ငြားလည်း၊ ဤကဲ့သို့ အားလုံးအပြင် သင်္ဘောသားများ၏ အစစ်အမှန် ရေကြောင်းဆိုင်ရာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ တတ်ကျွမ်းမှု၊ အတွေ့အကြုံနှင့် အတတ်ပညာအတွက် လိုအပ်မှုတစ်ခု အမြဲရှိနေပါလိမ့်မည်။ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးမှုသည် ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းကဏ္ဍမှ လူသား လိုအပ်ချက်ကို ဖယ်ရှားလိုက်မည့် အကြောင်း မဟုတ်ပါ- ၎င်းသည် ဘေးကင်းလုံခြုံရေးကို တိုးမြှင့်ပေးခြင်းအကြောင်းဖြစ်သည်။ ပင်လယ်ပြင်သွားရောက်ခြင်း အတွေ့အကြုံသည် ဆွဲဆောင်သော၊ ထင်ရှားပေါ်လွင်သော အရည်အချင်းအဖြစ် အမြဲယူဆပါမည်၊ ၎င်းသည် ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍကို တံခါးဖွင့်ပေးမည်ဖြစ်ပြီး သင်္ဘောသားများအား တစ်သက်တာ အသက်မွေးဝမ်း လမ်းကြောင်းများကို ရှာဖွေစေမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အလိုအလျောက်စီမံသည့် သင်္ဘောများနှင့်ပတ်သက်၍ အောက်ပါ မေးခွန်းများကို ဖြေဆိုရန်လိုအပ်သည်ဟု ကျွန်ုပ် ထင်မြင်ပါသည်။ အဝေးမှ ထိန်းချုပ်မှုများသည် သင်္ဘောသားများအား အသေအချာ ပညာပေးမည်လား။ သင်္ဘောပေါ် ရှိ ထိန်းသိမ်းရေး သင်္ဘောသားများအား ဖယ်ရှားရန်နှင့် အလုပ်ကို ကမ်းခြေ၌ ထမ်းဆောင်ရန်သည် ကုန်ကျစရိတ် ထိရောက်မှုအဖြစ် သင်္ဘောပိုင်ရှင်များက ခံယူမည်လား။ ကျွန်ုပ်တို့သည် လက်ရှိ လျှစ်စစ်ဆိုင်ရာ ဆိုင်ဗာလုံခြုံရေး အဆင့်ကို ယုံကြည်နိုင်ပါသလား။

သို့သော်လည်း အလုံးစုံခြုံလိုက်သော် နည်းပညာကို မှန်ကန်သော နည်းလမ်းဖြင့် အသုံးပြုရမည်ဖြစ်ပြီး အသုံးချရလိမ့်မည် အဘယ်ကြောင့်ဆိုသော် သင်္ဘောသားများသည် အမြဲတမ်း ရှိနေမည်ဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ■

# သင်္ဘောသားများ၏ သာယာကောင်းမွန်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း

***သင်္ဘောသားများ သတင်းလွှာစာစောင်* တွင် ITF နှင့် ၎င်း၏ သမဂ္ဂများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပွင့်လင်းမှုများနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လိင်ဆိုင်ရာ ကျန်းမာရေး ကဲ့သို့ထိခိုက်လွယ်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ အသိရှိမှုတို့ကို မည်ကဲ့သို့ ထူထောင်ရန် ကြိုးစားနေသည်ကို တင်ပြထားသည်၊ ထို့ကြောင့် ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းကဏ္ဍသည် သင်္ဘောသားများ၏ သာယာကောင်းမွန်ရေးကို ပိုမို၍ အလေးထားမည်ဖြစ်သည်။**

## ITF သည် သင်္ဘောသား လေ့ကျင့်သင်တန်းတွင် သာယာကောင်းမွန်ရေးကို ထည့်သွင်းပေးရန် တိုက်တွန်း

**ငယ်ရွယ်သော သင်္ဘောသားများအနေဖြင့် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လိင်ဆိုင်ရာ ကျန်းမာရေးကို ပိုမိုကောင်းမွန်စွာ စောင့်ရှောက်နိုင်ရန် သေချာစေရန်အတွက် ITF သည် ပင်လယ်ရေကြောင်းဆိုင်ရာ ပညာရေး သင်ကြားပို့ချကျောင်းများအတွက် သာယာကောင်းမွန်ရေး သင်ရိုးညွှန်း အသစ်ကို သွတ်သွင်းပေးခဲ့သည်။ ITF တစ်ကမ္ဘာလုံးဆိုင်ရာ သာယာကောင်းမွန်ရေးနှင့် HIV/AIDS အစီအစဉ် ညှိနှိုင်းရေး အရာရှိ Dr Syed Asif Altaf က ရှင်းပြသည်**



အားလုံးသော အသက်အရွယ်၊ နိုင်ငံသားနှင့် ရာထူးအဆင့်များရှိ သင်္ဘောသားများအကြားတွင် အဆင့်မြင့်မြင့် စိတ်ဒုက္ခနှင့် စိတ်ဓါတ်ကျဆင်းမှု ရှိကြသည်။ (စာမျက်နှာ ၃၄ တွင် ပိုမိုဖတ်ရှုပါ။)

စိတ်ဒုက္ခနှင့် စိတ်ဓါတ်ကျဆင်းမှုတို့နှင့်ပတ်သက်၍ အလုပ်သင် အရာရှိများ၏ ထိခိုက်လွယ်မှုအပေါ် လေ့လာမှု အနည်းငယ် ရှိသော်လည်း ထပ်ဆင့်အချက်အလက် အချို့မှာ အလွန် စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၌ UK P&I Club သို့ သတင်းပို့ခဲ့သည့် သင်္ဘောသား သေဆုံးမှုများ အနက် ၄၀ ရာခိုင်နှုန်းမှာ အလုပ်သင် အရာရှိများ ဖြစ်သည်။ လူမှုရေး မီဒီယာ၏ တိတ်ဆိတ်မှုနှင့် သက်ရောက်မှုတို့မှာ အချို့ကိစ္စတို့တွင် အကြောင်းရင်းများအဖြစ် ရည်ညွှန်းခဲ့သည်။

တုံ့ပြန်ရာ၌ ITF သည် ငယ်ရွယ်သော ပင်လယ်ရေကြောင်းသင်္ဘောသား များမှာ မိမိတို့၏ ပင်လယ်ရေကြောင်း သက်မွေးလုပ်ငန်းနှင့်ပတ်သက်၍ ထူထောင်ရာ၌ သင်္ဘောပေါ်နှင့် ကမ်းခြေတွင် စိတ်ဒုက္ခကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ် ဖြေရှင်းနိုင်ရန် လိုလားပါသည်။ အကယ်၍ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများကို စောစီးစွာ ရင်ဆိုင်ဖြေရှင်းလျှင် ရေရှည်ခံသည့်- အကျိုးသက်ရောက်မှု ဖြစ်နိုင်ခြေ ပိုမိုရှိသည်ဟု အပြုအမူပြောင်းလဲမှုဆိုင်ရာ တတ်ကျွမ်းသူများက ပြောကြသည်။

# စိတ်ဒုက္ခရောက်နေသည့် သင်္ဘောသားများအား ကူညီရန် တိုက်ရိုက်ဖုန်းလိုင်း ဖွင့်ထားသည်

**သင်္ဘောသားများ မိမိတို့၏ သာယာကောင်းမွန်ကျန်းမာရေးကို ထိန်းသိမ်းထားရန်အတွက် ဖိလစ်ပိုင်နိုင်ငံ (Associated Marine Officers' and Seamen's Union of the Philippines (AMOSUP)) အဖွဲ့အစည်းသည် သင်္ဘောပေါ် ရှိ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများ ကြုံတွေ့နေရသည့် အဖွဲ့ဝင်များအတွက် တိုက်ရိုက်ဖုန်းလိုင်းကို ၂၄ နာရီ ၇ ရက် ဖွင့်လှစ်ပေးခဲ့သည်။ AMOSUP ၏ အထူးစီမံကိန်း ဦးစီးနှင့် အမျိုးသမီးများနှင့်လူငယ်များအတွက် ညှိနှိုင်းရေး အရာရှိဖြစ်သူ Camille Simbulan က ကျွန်ုပ်တို့အား ပိုမို၍ ပြောပါသည်**

ပင်ပြင်ရှိ အဝေး၌နေရခြင်းနှင့် မိသားစုနှင့်ကာလကြာမြင့်စွာ ခွဲခွာနေရခြင်းမှာ မိမိတို့၏ စိတ်ခံစားမှုဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်း သင်္ဘောသားများ သိရှိကြသည်။ စိတ်ဒုက္ခ၊ စိတ်ဓါတ်ကျဆင်းမှုနှင့် စိတ်လှုပ်ရှားမှုသည် သင်္ဘောသားများအတွက် အမှန်တကယ် အခက်အခဲများ ဖြစ်ပွားစေပြီး ကောင်းမွန်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမှာ အလုပ်စွမ်းဆောင်ရည်နှင့် အထွေထွေ သာယာကောင်းမွန် ကျန်းမာရေးအတွက် အခရာကျကြောင်း ITF နှင့် အခြားသူများ၏ သုတေသနက ပြသခဲ့ပါသည်။

ဎင်းကြောင့် AMOSUP သည် ၂၀၁၉ ခုနှစ်၌ မိမိ၏ တိုက်ရိုက်ဖုန်းလိုင်းကို သင်္ဘောသားများအနေဖြင့် မိမိတို့၏ စိုးရိမ်မှုများကို ပြောပြနိုင်စေရန်အတွက် ထူထောင်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ဦးဆောင် စိတ်ပညာရှင် Dr Rommel Papa ၏ ကြီးကြပ်မှုအရ၊ လေ့ကျင့်ခံထားရသော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဖုန်းဖြေကြားပေးသူများသည် သင်္ဘောသားများ၏ ဖုန်းခေါ်မှုများကို ဖြေဆိုပေးပြီး ပြင်းထန်မှုအပေါ် မူတည်၍ တစ်ခုချင်းကို အတန်းအစားခွဲပေးပါသည်- အရေးပေါ် ဖြေကြားမှုလိုအပ်သည့် ဖုန်းခေါ်မှုများ သို့မဟုတ် သင်္ဘောပေါ်မှ ထွက်ခွာဆင်းပေးရန်လိုအပ်သည့် ဖုန်းခေါ်မှုများ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပံ့ပိုးပေးမှုလိုအပ်သည့် ဖုန်းခေါ်မှုများ သို့မဟုတ် နောက်ဆက်တွဲလုပ်ပေးရမည့် ဖုန်းခေါ်မှုများ၊ နှင့် စိတ်တက်ကြွအားပေးစေမည့် မေးမြန်းမှုလိုအပ်သည့် ဖုန်းခေါ်မှုများ – 'စိတ်ခံစားမှု မြှင့်တင်မှုများ' တို့ဖြစ်ပါသည်။

အဆိုပါ ဝန်ဆောင်မှုကို မနီလာမြို့ AMOSUP's သင်္ဘောသားများ ဆေးရုံတွင် အခြေစိုက်ထားသည်၊ စိတ်ပညာဆိုင်ရာ တတ်ကျွမ်းသူ သို့မဟုတ် စိတ်ရောဂါအထူးကုဆရာဝန်များသို့ ဖုန်းဖြေဆိုသူများက လိုအပ်သည့်အခါ ညွှန်းပေးနိုင်ရန်အတွက် လွယ်ကူစေရန် လုပ်ထားခြင်းဖြစ်သည်။

ရာထူးတိုင်းနှင့် အဆင့်တိုင်းရှိ သဘ်ာသားများ တိုက်ရိုက်ဖုန်းလိုင်းကို ခေါ်ရန် Dr Papa က အထူးတလည် တိုက်တွန်းပါသည်။ အဆိုပါ ဝန်ဆောင်မှုသည် ကိုယ်ရေးကိုယ်တာ ပြဿနာများကြောင့် သာမန်အားဖြင့် ဖြစ်ပွားသည့် အချို့အပြင်းအထန်နှင့် အရေးပေါ် ကိစ္စများကို ကိုင်တွယ်ဖြေရှင်းခဲ့ပြီးဖြစ်ပါသည်။

လူနာတစ်ဦးမှာ မိသားစု အခက်အခဲကို တင်ပြခဲ့ပြီး ဎင်းမှတစ်ဆင့် စိတ်ကျရောဂါနှင့် မိမိကိုယ်မိမိ သတ်သေရန် စဉ်းစားမှုများဆီသို့ ဦးတည်ခဲ့ပါသည်။ အဆိုပါ သင်္ဘောသားကို နောက်ဆုံး၌ သင်္ဘောပေါ်မှ ဆင်းခိုင်းလိုက်ရသည်၊ ရုတ်တရက် စိတ်ဖောက်ပြန်ပြီး စိတ်ကျရောဂါကြောင့် မိမိကိုယ်မိမိ အန္တရာယ်ပြုရန် ဦးတည်ခဲ့ခြင်းကြောင့်ဖြစ်သည်။ အခြား သင်္ဘောသားတစ်ဦးမှာ မအီမသာ ခံစားမှုများ၊ အင်အားချိနဲ့မှု၊ အိပ်မက်ဆိုးများနှင့် ရင်ဘတ်အောင့်ခြင်းများကို သတင်းပို့ထားသည်။ ဖုန်းဖြေဆိုသူသည် ဆေးဝါးတစ်ခုကို ညွှန်းပေးခဲ့ပြီး ထပ်ဆင့် ဆေးဖက်ဆိုင်ရာ စိစစ်အကဲဖြတ်မှု အတွက် အနီးဆုံး ဆိပ်ကမ်း၌ သင်္ဘောသားက သင်္ဘောပေါ်မှ ဆင်းပေးရန်အတွက် အမိန့်ချမှတ်ပေးခဲ့သည်။

Dr Papa က ရှင်းလင်းပြသည်မှာ "စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများမှာ ကိုယ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများကဲ့သို့ ကုသပေးနိုင်ကြောင်းဆိုသည့် နားလည်မှုကို သင်္ဘောသားများ အကြား မြှင့်တင်ပေးရန်အတွက် အမှန်အကန် သတင်းအချက်အလက်များ မရှိမဖြစ် လိုအပ်သည်။ ဆေးဖက်ဆိုင်ရာ ပံ့ပိုးမှုမှာ နေရာတိုင်းတွင် ရှိပါသည်။"

စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး တိုက်ရိုက်ဖုန်းလိုင်းသည် AMOSUP's TELEHEALTH ဝန်ဆောင်မှု၏ အသစ်အဖြစ်ဆုံး အသွင်အပြင်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ကာ အရေးပေါ် ဆေးဖက်ဆိုင်ရာ ပြဿနာများအတွက် ဆေးရုံ ဆေးဖက်ဆိုင်ရာ ဆွေးနွေးမှုများကို လုပ်ပေးစေသည်။ ဎင်းသည် သင်္ဘောအရာရှိများအား သင်္ဘောပေါ် ရှိ သို့မဟုတ် ကမ်းခြေ-အခြေစိုက် စောင့်ရှောက်မှု မရှိနိုင်သော ကမ်းလွန် နေရာများရှိ နာမကျန်းသော သို့မဟုတ် ထိခိုက်ဒဏ်ရာရသော သင်္ဘောသားများအား ရောဂါဖော်ထုတ်ရန်ကိုလည်း အထောက်အကူပေးပါသည်။

သင်္ဘောသားများ ဆေးရုံသည်လည်း သင်္ဘောပေါ်၌ အနိုင်အထက်ပြုမှုနှင့် အနှောင့်အယှက်ပေးမှုတို့ကို ကြုံတွေ့ခဲ့ရသည့် အမျိုးသမီးသင်္ဘောအမှုထမ်းများအတွက် စိတ်ဒဏ်သင့်မှုဆိုင်ရာ ဆွေးနွေးနှစ်သိမ့်ကုထုံးလုပ်ပေးခြင်းနှင့် စိတ်ဒုက္ခ ပြောဆိုခြင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာရက်ချိန်းများကို ပေးပါသည်။ ■

**မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ထိခိုက်စေသည့် ပြဿနာများ ကြုံတွေ့နေရသည့် သင်္ဘောသားများအား SUPPORT ဟုခေါ်သော အောက်ပါတို့ကို Dr Papa က အကြံပြုပါသည်။**

**Seek help if necessary (လိုအပ်လျှင် အကူအညီကို ရှာပါ)**
**Understand the situation from multiple points of view (ဖက်စုံရှုထောင့်မှ အခြေအနေကို နားလည်ပါ)**
**Productivity is key (စွမ်းဆောင်ရည်မှာ အခရာကျသည်)**
**Prayer, reflection, contemplation or any form of meditation to clear the mind (စိတ်ရှုပ်ထွေးမှုကို ရှင်းပေးရန် ဘုရားရှိခိုးခြင်း၊ အမှန်ကိုမြင်ခြင်း၊ လေးလေးနက်နက် ဆင်ခြင်ခြင်း သို့မဟုတ် တရားထိုင်ခြင်းတစ်မျိုးမျိုး)**
**Offer help to someone in need (အလိုရှိနေသည့် တစ်စုံတစ်ယောက်ကို အကူအညီ ကမ်းလှမ်းပါ)**
**Respect your sense of self and value quality time alone (မိမိကိုယ်မိမိ အမြင်မှန်ခြင်းကို လေးစားပြီး တစ်ဦးတည်း အချိန်ကောင်းများကို တန်ဖိုးထားပါ)**
**Talk to a mental health professional (စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အတတ်ပညာရှင်နှင့် ပြေဆိုပါ)**

**သင်သည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး တိုက်ရိုက်ဖုန်းလိုင်း (Mental Health Hotline) ကို နေ့ သို့မဟုတ် ည အချိန်မရွေး ဎင်း၏ဖုန်းလိုင်း နှစ်ခုဖြစ်သည့် (+632) 241-9465 နှင့် (+632) 241-9463 ကို ဆက်သွယ်နိုင်ပြီး အင်တာနက်မှ တစ်ဆင့်လည်း ဆက်သွယ်နိုင်သည်။**

**"ကျွန်တော် ပင်လယ်ရေကြောင်းသိပ္ပံကျောင်းတွင် ကျောင်းသားတစ်ဦးဖြစ်စဉ်က သာယာကောင်းမွန်ရေး ပြဿနာများနှင့်ပတ်သက်ပြီး အသိရှိမှုနှင့်သက်ဆိုင်သည့် ပညာပေးမှု မရှိခဲ့ပါ။ ယခုသော် ကျွန်တော်တို့ဟာ အနာဂတ် သင်္ဘောသားများအနေနဲ့ ပင်လယ်ရေကြောင်းအလုပ်မှာ လူသားအပိုင်းကို နားလည်ဖို့ အထောက်အကူပြုစေမဲ့ သာယာကောင်းမွန်ကျန်းမာရေး သင်ခန်းစာကို သင်ရိုးညွှန်းတန်းမှာ ထည့်သွင်းပေးဖို့ ITF နှင့်အတူ လုပ်ကိုင်ရတာကို အလွန်ကျေနပ်ပါတယ်။ အဲဒါဟာ သူတို့ကို ကျန်းမာအောင်နှင့် ပျော်ရွှင်အောင် နေရန်အတွက် ဗဟုသုတနှင့် ကျွမ်းကျင်မှုကို ပေးမှာဖြစ်ပါတယ်။"**

မြန်မာ ပင်လယ်ရေကြောင်း သင်္ဘောသားများ၏ လွတ်လပ်သော အဖွဲ့ချုပ် (Independent Federation of Myanmar Seafarers (IFOMS)) အထွေထွေ အတွင်းရေးမှူး အောင်ကျော်လင်း

ကျွန်တော်တို့သည် များစွာသော သင်္ဘောသား- ထုတ်ပေးသော နိုင်ငံများနှင့်အတူတကွ လုပ်ကိုင်နေလျက်ရှိပါသည်၊ India, Philippines, Ukraine, Myanmar, Sri Lanka, Chile နှင့် Mexico အပါအဝင်နိုင်ငံတို့နှင့် အားလုံးသော ပင်လယ်ရေကြောင်းဆိုင်ရာ ပညာသင်ကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် ပင်လယ်ပြင်၌ သာယာကောင်းမွန် ကျန်းမာရေးနှင့်ပတ်သက်သည့် သင်ခန်းစာကို ထည့်သွင်းပေးရန်အတွက် အတူလုပ်ကိုင်လျက်ရှိသည်။

လုပ်ငန်းကဏ္ဍအတွင်း အခြားသူများနှင့်အတူ လုပ်ကိုင်ရာ၌ ကျွန်တော်တို့သည် နိုင်ငံတစ်ခုချင်း၏ နိုင်ငံ့ဥပဒေများနှင့် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်လွယ်မှုများအပေါ် အံဝင်ခွင်ကျစီမံထားသည့် လေ့ကျင့်ရေး သင်ခန်းစာများကို ထူထောင်ပေးခဲ့ပါသည်။ ITF သည် သင်တန်းပို့ချပေးသူများကို လေ့ကျင့်ပေး (TOT) သည် ထို့ကြောင့် သင်တန်းသား သို့မဟုတ် အလုပ်သင် အရာရှိများအဖြစ် သင်္ဘောပေါ် တက်သည့်အခါနှင့် သူတို့၏ ပင်လယ်ရေကြောင်း သက်မွေးလုပ်ငန်း တစ်လျှောက် သူတို့၏ စိတ်ဒုက္ခကို ထိန်းချုပ်ရန်အတွက် ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများကို ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်သင်တန်းပေးသည့် ကျောင်းတိုင်းက သင်ကြားပို့ချပေးကြောင်း ကျွန်ုပ်တို့ သေချာစေနိုင်ပါသည်။

သင်ခန်းစာသည် ငယ်ရွယ်သော သင်္ဘောသားများအနေဖြင့် ကောင်းသော ပညာရေးနှင့် HIV/AIDS နှင့်တကွ အခြားသော လိင်ဆိုင်ရာ ကူးစက်တတ်သော ကူးစက်ရောဂါများအကြောင်း ထိုက်သင့်သော နားလည်မှုကို ရရှိစေရန်ကိုလည်း သေချာစေပါသည်။ သင်္ဘောသားများသည် အလွန်ပင် ရွေ့လျားလုပ်ကိုင်သည့် အလုပ်သမားများဖြစ်သည်၊ အချိန်အတိုင်းအတာ ကြာညောင်းစွာ မိမိတို့၏ မယားများ သို့မဟုတ် ကြင်ဖော်ဖက်များမှ အဝေးသို့ ရောက်ရှိနေကြသော လိင်စိတ်အထက်သန်ဆုံး အသက်အရွယ်ရှိ အမျိုးသားများဖြစ်ကြသည်။ အလုပ်သင် အရာရှိများ အပါအဝင် ငယ်ရွယ်သော သင်္ဘောသားများသည် လုပ်ဖော်ကိုင်ဖက်များ၏ တိုက်တွန်းဖိအားပေးမှု သို့မဟုတ် ကြီးသောယောင်းယင်းများ၏ လွှမ်းမိုးမှုကြောင့် အန္တရာယ်ရှိသော လိင်ဆိုင်ရာ အပြုအမူများနှင့် ကြုံတွေ့နိုင်သည်။

သမားရိုးကျအားဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်သင်တန်းသည် သင်္ဘောများကို နေရာ A မှ နေရာ B သို့ အမြန်ဆုံးနှင့် ဘေးအကင်းဆုံး နည်းလမ်းဖြင့် ရောက်ရှိရမည်ဖြစ်သည့် ပင်လယ်ရေကြောင်းလုပ်ရခြင်း၏ လက်တွေ့ကျသော အခက်အခဲများကို အခြေခံအားဖြင့် အာရုံစိုက်ခဲ့ကြပါသည်။ ကျွန်တော်တို့အနေဖြင့် သင်္ဘောသား တစ်ဦးဖြစ်ရခြင်း၏ လူသားအပိုင်းကိုလည်း ဦးစားပေးမှုတစ်ခုအဖြစ် ထားရှိရန်အတွက် သေချာစေရန် လိုအပ်ပါသည်။ ■

# အာရတ်ကမ္ဘာနှင့် အီရန်ရှိ သင်္ဘောသားများအတွက် ပိုမိုခိုင်မာသည့် ပံ့ပိုးမှု

**Mohamed Arrachedi – ITF ၏ အာရတ်ကမ္ဘာနှင့် အီရန် အဆက်အသွယ်ကွန်ခြာ ဦးဆောင်သူ – က အဆိုပါဒေသရှိ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ နောက်ဆုံးသတင်းပေးပြီး သင်္ဘောပိုင်ရှင် ဒဏ်ခတ်မခံရခြင်းနှင့် အလံတင် နိုင်ငံများမှ အားနည်းသည့် ပူးပေါင်းဆောင်ရွက်မှုကြုံတွေ့နေစဉ် အောင်မြင်မှုနှစ်ရပ်ကို မီးမောင်းထိုးပြသည်**

## စွန့်ပစ်ခံရမှုများအတွက် ပံ့ပိုးမှုကို မြှင့်တင်ပေးခြင်း

**အဆက်အသွယ်ကွန်ခြာများက ကိုင်တွယ်ရသည့် စွန့်ပစ်ခံရမှု အရေအတွက် ကြီးကြီးကျယ်ကျယ် ကြီးထွားလာကြ**

၂၀၁၇ ခုနှစ်တွင် ၎င်းသည် စွန့်ပစ်ခံရမှု ၇၉ ခုကို ကိုင်တွယ်ခဲ့ပြီး ရရန်ရှိသည့်လုပ်ခ ဒေါ်လာ USD600,000 ကျော် ကောက်ခံခဲ့ပါသည်။ 2018 ခုနှစ်တွင် စွန့်ပစ်ခံရမှု ၁၀၀ ကျော်ရှိခဲ့ပြီး ရရန်ရှိသည့် လုပ်ခ ဒေါ်လာ USD2,000,000 နီးပါး တောင်းခဲ့သည်။ 2019 ခုနှစ်ကုန်ပိုင်းလောက်တွင် ကိုင်တွယ်ခဲ့ရသည့် စွန့်ပစ်ခံရမှု အရေအတွက် ၈၅ ခုရှိခဲ့ပြီး ရရန်ရှိသည့် လုပ်ခ ဒေါ်လာ USD3,768,616 ကို ကောက်ခံခဲ့ပါသည်။

ဤကိစ္စများ၏ အများစုမှာ စွန့်ပစ်ခံရမှုဖြစ်ပြီး ၎င်းသည် အာရတ်ကမ္ဘာ ဆိပ်ကမ်းများတွင် နာမည်ပျက်ကျော်ကြားလျက် ပျံ့နှံ့နေပါသည်။

တိုးများနေသည့် ဤကိစ္စများကို တုံ့ပြန်ရာ၌ ITF သည် ၂၀၁၉ ခုနှစ်၌ Morocco နှင့် Lebanon တွင် ဟောပြောပွဲများကို ကျင်းပပေးခဲ့သည်၊ အဆိုပါ ဒေသရှိ မိမိ၏ အဆက်အသွယ်အားလုံးအနေဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ အလုပ်သမား စာချုပ် (Maritime Labour Convention) အပြည့်အဝ နားလည်ရန်နှင့် အရည်အသွေးကောင်းမွန်သော ပံ့ပိုးကူညီမှု အထူးသဖြင့် ရှုပ်ထွေးသည့် စွန့်ပစ်ခံရမှု ကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးသည့်အခါ သင်္ဘောသားများအား ပေးရန်လိုအပ်သည့် ကျွမ်းကျင်မှုများကို ဆည်းပူးရန်အတွက် သေချာစေရန်ဖြစ်သည်။ ဟောပြောပွဲများသည် သင်္ဘောသားများကို စည်းရုံးသည့် ITF-အသင်းဝင်အဖွဲ့ဖြစ်သည့် သမဂ္ဂများအတွက် အလုပ်အကိုင်လုပ်ခ ညှိနှိုင်းရေး၏ အကျိုးကျေးဇူးများကိုလည်း ရှင်းလင်းပြပါသည်။ ■

## ဆီးရီးယား သင်္ဘော စိစစ်ရေးမှာ ITF အတွက် ပထမဦးဆုံးအကြိမ် ဖြစ်ခဲ့

**ဆီးရီးယားနှင့် လက်ဘနွမ် သမဂ္ဂ အရာရှိများသည် Latakia ဆိပ်ကမ်း၌ ဆီးရီးယား-အလံတင်ထားသည့် Lady Caroline သင်္ဘောပေါ် တက်ရောက်ခဲ့သည်၊ ဆီးရီးယားနိုင်ငံ၌ သင်္ဘောပေါ် တက်ရောက်မှုကို ပထမဦးဆုံးအကြိမ် ITF က လုပ်ခဲ့သည်။**



၂၀၁၉ ခုနှစ် ဇွန်လ၌ အကူအညီအတွက် ဖုန်းခေါ်မှုကို တုံ့ပြန်ရာ၌ လက်ဘနွမ် သင်္ဘောသားများ၏ အသင်းစု ဥက္ကဌနှင့် လက်ဘနွမ်နိုင်ငံရှိ ITF ၏ အဆက်အသွယ်အသစ်ဖြစ်သူ Nasser Nazzal နှင့် ဆီးရီးယားနိုင်ငံ သင်္ဘောသားများ အသင်းစု၏ ဥက္ကဌဖြစ်သူ Samir Haydar သည် ချောင်ပိတ်ခံနေရသည့် သင်္ဘောသားများထံ သွားတွေ့ရန် ရိုရို (roro) ခရီးသည်တင် သင်္ဘောပေါ် တက်ရောက်ခဲ့သည်။ သူတို့သည် သင်္ဘောသားများအတွက် အစားအစာ၊ ရေ၊ ဖုန်းကတ်များနှင့် အခြေခံသုံးပစ္စည်းများ ဝယ်ယူရန် ငွေကြေး အကူအညီပေးခဲ့သည်။


သင်္ဘောကို တရားရုံးအားဖြင့် ဖမ်းဆီးခဲ့ပြီး ဆီးရီးယား၊ အိန္ဒိယ၊ အီဂျစ်နှင့် တူရကီနိုင်ငံတို့မှ သင်္ဘောသား ၁၃ ဦးသည် မိမိတို့၏ ရရန်ရှိသည့် လုပ်ခများအတွက် တရားစွဲဆိုတောင်းခဲ့သည်။ အိန္ဒိယ သင်္ဘောသား ခြောက်ဦးသည် အိမ်ပြန်ပို့ပေးရန် အကူအညီကို IT ထံ တောင်းခဲ့ပါသည်။

Nasser Nazzal သည် ကူညီပေးရန်အတွက် အလွန် ကြီးမားသော အချိန်နှင့် အားထုတ်မှုကို ပံ့ပိုးပေးခဲ့သည်။ သူသည် ဆီးရီးယားသို့ ခရီးထွက်ခဲ့ပြီး သင်္ဘောပေါ် သွားရောက်ကာ လူသားချင်းစာနာသော အကြောင်းရင်းများအရ အဆိုပါ လူများအား အိမ်ပြန်ပို့ရာ၌ ပါဝင်ရသည့် စီမံခန့်ခွဲရေး အသေးစိတ်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ကိုင်တွယ် ဖြေရှင်းပေးသည်။ သမဂ္ဂများ၏ အကူအညီနှင့် ITF ၏ ငွေကြေးပံ့ပိုးမှုကြောင့် အဆိုပါလူများသည် ဒါမကတ်စ် လေယာဉ်ကွင်းမှ အောက်တိုဘာလ ၂ ရက်နေ့တွင် အိမ်ပြန်ရန် ဖြစ်နိုင်ခဲ့ပါသည်။ ■

## အာဏာပိုင်များ ခေတ်သစ် ကျွန်ပြုမှုကို မသိကျိုးကျွန်ပြု

**နာမည်ဆိုး အကျော်ကြားဆုံးဖြစ်သည့် ကိစ္စများအနက် တစ်ခုကို ITF သည် ဒေသတစ်ခုတွင် ကြုံတွေ့ခဲ့ရသည်၊ ပါကစ္စတန် သင်္ဘောသား သုံးဦးမှာ အီရန်အလံတင်ထားသည့်- ဘိုဟန် ၃ (Borhan 3) သင်္ဘောပေါ် နှစ်နှစ်နီးပါး စွန့်ပစ်ခံထားခဲ့ရသည်၊ ခေတ်သစ် ကျွန်ပြုမှု ရှင်းရှင်းလင်းလင်း ကိစ္စတစ်ခုဖြစ်သည်။**




အဆိုပါလူများကို ပါကစ္စတန်နိုင်ငံ၌ အလုပ်ခန့်ခဲ့ပြီး သင်္ဘောကို ၂၀၁၇ ခုနှစ်တွင် လာတက်ခဲ့သည်။ သူတို့သည် လုပ်ခ မရခဲ့ဘဲ အီရန်နိုင်ငံ၊ ဘူရှေးရ် (Bushehr) ဆိပ်ကမ်း၌ ၂၂ လကြာ သင်္ဘောပေါ်၌ စွန့်ပစ်ထားခံခဲ့ရသည်။ သူတို့သည် သင်္ဘောပေါ်၌ စိတ်မချမ်းမြေ့ဖွယ်ရာ အခြေအနေများဖြင့် နေခဲ့ရသည်၊ ကုမ္ပဏီ၊ အလံတင် နိုင်ငံ သို့မဟုတ် ဆိပ်ကမ်း အာဏာပိုင်များထံမှ မည်သည့် အထောက်အပံ့မျှ မရှိဘဲ နေခဲ့ရသည်။ အကူအညီအတွက် သင်္ဘောသားများ၏ ဖုန်းခေါ်မှုကို ITF လက်ခံရရှိချိန်တွင် သူတို့၏ အလုပ်ခန့် ကန်ထရိုက်စာချုပ်များမှာ အချိန်ကြာမြင့်စွာဖြင့် သက်တမ်းကုန်ဆုံးနေပြီးဖြစ်ပါသည်။ သင်္ဘောသားများမှာ အကြီးအကျယ် စိတ်သောကရောက်နေပြီး သူတို့၏ မိသားစုများမှာ ငွေကြေးအရ အခက်အခဲများ ကြုံတွေ့နေရသည်။ သူတို့ မည်သည့်အချိန်၌ လုပ်ခ ရမည် သို့မဟုတ် အိမ်ပြန်ရနိုင်သည်ကို သူတို့ မသိကြပါ။

သင်္ဘောပိုင်ရှင် Borhan Darya Kish က အဆိုပါလူများအား အရှုံးအမှုးဖြစ်စေရန် တမင်တကာ နည်းဗျူဟာသုံးနေသည် သို့မှသာ သူတို့အနေဖြင့် သူတို့၏ ငွေကြေးတောင်းဆိုမှုကို ရုပ်သိမ်း၍ အိမ်ပြန်ရေးအတွက်သာ တောင်းဆိုလာအောင် ကြံရွယ်လုပ်နေခဲ့ကြောင်း မြင်သာပါသည်။ အဆိုပါကိစ္စမှာ သင်္ဘော၏ ယခင် သင်္ဘောသားများ လုပ်ခဲ့သည့်ကိစ္စဖြစ်သည်။

ITF နှင့် အီရန်နိုင်ငံရှိ ကျွန်ုပ်တို့၏ အဆက်အသွယ်များသည် သင်္ဘောပိုင်ရှင်၊ အလံတင်နိုင်ငံနှင့် ဆိပ်ကမ်းနိုင်ငံတို့ကို ဆက်သွယ်ရန် ကြိုးစားနေပါသည်။ တုံ့ပြန်မှု လုံးဝ မရှိပါ။ ကုမ္ပဏီမှာ ပြစ်ဒဏ်ခတ်မခံရဘဲ ပြုလုပ်နေပုံနှင့် အီရန်အလံတင်နိုင်ငံ၊ ပင်လယ်ရေကြောင်းဆိုင်ရာ အာဏာပိုင်များနှင့် အီရန်ရှိ ပါကစ္စတန် သံရုံးတို့မှ တာဝန် မဲ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ကင်းမဲ့မှုတို့ကြောင့် ကျွန်ုပ်တို့ ထိပ်လန့်အံ့သြခဲ့ရပါသည်။

ဤသို့ဖြစ်သည့်တိုင် ITF နှင့်တကွ အီရန်နိုင်ငံ ကုန်သည်ကြီးများ ပင်လယ်ရေကြောင်းသမားများ အသင်းစုမှ ကျွန်ုပ်တို့၏ အဆက်အသွယ်ဖြစ်သူ Alireza Moradi တို့သည် ဆက်လက်တိုက်ပွဲဝင်ခဲ့ကာ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့နှင့် ၂၉ ရက်နေ့တို့တွင် သင်္ဘောသားများ အိမ်ပြန်ပို့ရေးနှင့် ရရန်ရှိသော လုပ်ခ ဒေါ်လာ USD16,112 နှစ်မျိုးလုံးကို ရအောင် စီမံခဲ့ပါသည်။ ■

## ဆော်ဒီ ဆိပ်ကမ်းများရှိ သင်္ဘောသားများအား ပံ့ပိုးပေးရန် ပူးပေါင်းဆောင်ရွက်ခြင်း

**ITF နှင့် ဆော်ဒီအရေးဘီးယားနိုင်ငံတို့သည် ဆော်ဒီအရေးဘီးယားနိုင်ငံရှိ ဆိပ်ကမ်းများအားလုံးသို့ ဆိုက်ကပ်သည့် သင်္ဘောသားများအား အထောက်အကူပြုပေးရန် အတွက် အတူတကွ နီးနီးကပ်ကပ်လုပ်ကိုင်ရန် တာဝန်ယူခဲ့ကြသည်။**

အရေးပါသည့် အဆိုပါ လှုပ်ရှားမှုမှာ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ လန်ဒန်မြို့၌ ကျင်းပသည့် အစည်းအဝေးတွင် ဆော်ဒီအရေးဘီးယားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ် (IMO (International Maritime Organization)) အမြဲတမ်း ကိုယ်စားလှယ်ဖြစ်သူ Essam Alammari နှင့် ကျွန်ုပ်တို့အကြား ပေါ်ထွက် လာခဲ့ပါသည်။

အဆိုပါ တွေ့ဆုံစည်းဝေးပွဲတွင် မြောက်မြားစွာသော ပြဿနာများကို ဆွေးနွေးခဲ့ကြသည်၊ ဆော်ဒီဆိပ်ကမ်းများ၌ သင်္ဘောသားများအား အထောက်အကူပြုပေးရန် လက်ရှိ တောင်းဆိုထားမှုများ၊ ITF နှင့် ဆော်ဒီ ရေကြောင်း အာဏာပိုင်များ အကြား ပိုမိုကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုတို့အပြင် ရေကြောင်း အလုပ်သမား စာချုပ် ၂၀၀၆ ခုနှစ် (Maritime Labour Convention (MLC) 2006) ကိုအတည်ပြုပေးရေးကိစ္စတို့ အပါအဝင်ဖြစ်သည်။ ဤသို့နီးနီးကပ်ကပ် အတူလုပ်ကိုင်လျက်ရှိသည့် ပေါင်းသင်းဆက်ဆံရေးကြောင့် Dammam ဆိပ်ကမ်းရှိ MKN 205 သင်္ဘောပေါ်မှ သင်္ဘောသား ငါးယောက်အား သူတို့၏ ရရန်ရှိသည့် လုပ်ခများနှင့်တကွ အိမ်ပြန်ပို့ရေးအောင်မြင်မှုဖြင့် ကောင်းမွန်သော ရလဒ်အဖြေများ ပေါ်ထွက်လာခဲ့ပါသည်။

(ITF ၏ အဆက်အသွယ်ကွန်ခြာ ဒေသခံ အဆက်အသွယ်အသစ် အကြောင်းကို စာမျက်နှာ ၂၂ တွင် ဖတ်ရှုပါ။) ■

# ပထမအကြိမ်-အလုပ်သင် အရာရှိတစ်ဦး၏ အမြင်

**စက်ကုန်မောင်း၊ အလုပ်သင်။ Dorotea Samarzija သည် အလုပ်သင်အရာရှိအဖြစ် သူမ၏ သင်္ဘောပေါ်၌ ပထမဦးဆုံးအကြိမ် အတွေ့အကြုံရရှိပြီးနောက် ဖြန့်ချီပေးလိုသည့် အမှာသတင်းတစ်ခုဖြစ်သည်။**



အမျိုးသမီး တစ်ဦးအဖြစ်ဖြင့် ကျွန်မဟာ အလုပ်သင်အရာရှိတစ်ဦးအဖြစ် ကျွန်မရဲ့ ရည်မှန်းချက်ကို ရှင်သန်ဖို့နှင့် သင်္ဘောလိုက်ဖို့ အခွင့်အလမ်း အပေးခံရမှာကို ဘယ်တုံးကမှ မစဉ်းစားခဲ့ပါဘူး။

သို့သော်လည်း ၂၀၁၇ ခုနှစ် Croatia နိုင်ငံ၊ Rijeka မြို့ Faculty of Maritime Studies မှ ရေကြောင်းအင်ဂျင်နီယာဘွဲ့ ပညာသင်ပြီးဆုံးပြီးနောက် ရေကြောင်းသိပ္ပံ အင်ဂျင်နီယာပညာကို ဆည်းပူးနေစဉ် ကျွန်မ အလုပ်သင်အရာရှိ တစ်ဦး ဖြစ်လာရန် အခွင့်အလမ်းရခဲ့ပါတယ်။ အဲဒါဟာ ကျွန်မ ဘဝမှာ အဓိက အပြောင်းလဲလမ်းစုံ တစ်ခုဖြစ်ခဲ့ပါတယ် – အဲဒါကတော့ ကျွန်မရဲ့ ပညာရေးကို ဆက်သင်မှာလား ဒါမှမဟုတ် ကျွန်မရဲ့ အကြီးမားဆုံး လိုအင်ကို ဖြစ်လာဖို့ အခွင့်အလမ်းကို ယူမှာလား ဖြစ်ပါတယ်။ ကျွန်မက ကျွန်မ သင်ယူခဲ့သည့် သီဝရီအယူအဆ အားလုံးကို လက်တွေ့ကျကျသုံးဖို့အတွက် အလုပ်သင်အရာရှိ လေ့ကျင့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

၂၀၁၈ ခုနှစ် သင်္ဘောပေါ် ကျွန်မ တက်ရောက်ခဲ့စဉ် ကျွန်မဟာ စိတ်လှုပ်ရှားပြီး ပျော်ရွှင်ခဲ့ပါတယ်၊ သို့သော်လည်း ကျွန်မဟာ လပေါင်းအနည်းငယ် ကျွန်မရဲ့ အိမ်နှင့် ကျွန်မ ချစ်ရသူတွေနဲ့ မိုင်ပေါင်းများစွာ ဝေးကွာရတော့မှာကို သိရှိတဲ့အခါ ဝမ်းလည်း နည်းခဲ့ရပါတယ်။ သင်္ဘောပေါ် ကျွန်မရဲ့ လက်ဦးနေ့ရက်တွေအတွင်း ကျွန်မကိုယ် ကျွန်မ နေသားကျစေရန် အရမ်းအားထုတ်ခဲ့ပြီး မကြာခင်မှာဘဲ ကျွန်မဟာ ပတ်ဝန်းကျင်အသစ်နဲ့ ပိုပြီးနေသားကျလာခဲ့ပါတယ်။

ကျွန်မဟာ အိန္ဒိယက အရာရှိတွေနှင့်အတူ အလုပ်လုပ်ခဲ့ပါတယ်၊ အများအားဖြင့်တော့ ဖိလစ်ပိုင် သင်္ဘောသားတွေနှင့် ဖြစ်ပါတယ်။ ကျွန်မရဲ့ မှားယွင်းမှုတွေကို ထောက်ပြပေးခဲ့တဲ့အတွက် သူတို့ကို ကျွန်မ အရမ်းကျေးဇူးတင်ပါတယ်၊ ကျွန်မရဲ့ အလုပ်ကို တစ်သမတ်တည်းနှင့် ကောင်းကောင်းလုပ်စေဖို့အတွက် ကျွန်မကို လမ်းညွှန်ပေးဖို့ သူတို့ရဲ့ အချိန်နှင့် အားထုတ်မှုတွေကို ရက်ရက်ရောရော ပေးခဲ့တဲ့အတွက်ဖြစ်ပါတယ်။ ကျွန်မဟာ ကျွန်မရဲ့ အနာဂတ် အလုပ်ရဲ့အကြောင်းကို ကျွန်မ မတ်တတ်ရပ်ကြည့်နေတဲ့ အရာရှိထံက ဖြစ်နိုင်သမျှ များများသင်ယူဖို့ ကြိုးစားခဲ့ပါတယ်။

ကျွန်မဟာ cofferdam ကို ကျော်ဖြတ်သွားရမဲ့ အခွင့်အလမ်းရရှိခဲ့ပြီး သင်္ဘောကုန်းပတ် အလုပ်ကို လုပ်ဖို့ အခွင့်အလမ်း ရရှိခဲ့ပါတယ်။ ရေကြောင်းမောင်းနှင်ခြင်းနှင့် သင်္ဘောကုန်းပတ် အလုပ်အပြင် ကျွန်မဟာ အင်ဂျင်စက်ခန်းမှာ ဝင်လုပ်ခဲ့တယ်၊ သင်္ဘောငြိမ်ရန်သုံးတဲ့ ဘောလပ်စ် (ballast) နှင့် ကုန်စည် အလုပ်တွေကို လေ့လာခဲ့ပြီး မှတ်တမ်းစာအုပ်ကို သိမ်းထား ခဲ့ပါတယ်။ ကျွန်မတို့ဟာ အိန္ဒိယ၊ တရုတ်၊ တောင်ကိုးရီးယား၊ စင်ကာပူနှင့် မက်လက်ကာရေလက်ကြား အကြားရှိ ဆိပ်ကမ်းများသို့ သွားလာရပါတယ်၊ အဲ့ဒီနေရာတွေမှာ ရေကြောင်းလမ်းဟာ ပင်လယ်ရေကြောင်း သင်္ဘော အသွားအလာတွေနှင့် အလွန့်အလွန် ပြည့်ကျပ်နေတာကို ကျွန်မ တွေ့ခဲ့ရပါတယ်။

ကျွန်မ အလုပ်နားချိန်မှာ ကျွန်မဟာ အားကစား ဂျင်မ်အခန်းကို သွားခဲ့တယ်၊ ရုပ်ရှင်တွေကြည့်ခဲ့တယ်၊ လူမှုရေးဆိုင်ရာ အဆက်အသွယ်ကွန်ခြာတွေကတစ်ဆင့် ကျွန်မရဲ့ မိသားစုနှင့် မိတ်ဆွေတွေကို ဆက်သွယ်ခဲ့ပါတယ်။ ကျွန်မဟာ တစ်ပတ်လုံး လေ့လာခဲ့သမျှ ပြန်ပြီးအမှတ်ရဖို့နှင့် ချိုင့်ကြည့်ဖို့အတွက် အချိန်ကိုလည်း သုံးခဲ့ပါတယ်။

သင်္ဘောပေါ်မှာ ကျွန်မရဲ့ အချိန် လေးလနှင့် လထက်ဝက်ဟာ ကုန်သွားတာ မြန်ခဲ့ပါတယ်။ သင်္ဘောပေါ်က ဆင်းရမဲ့အချိန်ရောက်တဲ့အခါမှာ ကျွန်မဟာ ကျွန်မရဲ့ ပထမဦးဆုံး သင်္ဘောပေါ်က နှင့် အခု-ယဉ်ပါးနေတဲ့ အလုပ်လုပ်တဲ့ပတ်ဝန်းကျင်ကနေ ထွက်ခွာပေးရတော့မှာမို့ ဝမ်းနည်းမိခဲ့တယ်။ သို့သော်လည်း ကျွန်မ မကြာခင် အတူနေရမဲ့ ချစ်ခင်ရသူများအတွက် ပျော်ရွှင်မှု ခံစားချက်ပင်လယ်ပြင်ထဲမှာ သင်္ဘောအပေါ် လွမ်းဆွတ်မှုဟာ မြန်မြန်ဆန်ဆန်ဘဲ ပျောက်ကွယ်သွားပါတယ်။


ကျွန်မဟာ လက်တွေ့ကျကျ အများကြီး အတွေ့အကြုံရတဲ့ အခွင့်အလမ်းရခဲ့တဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်၊ ကျွန်မရဲ့ ပထမဦးဆုံး ခရီးစဉ်ဟာ ကျွန်မ မျှော်လင့်ထားတာတွေလို ဖြစ်ခဲ့ပြီး ကျွန်မဟာ ပင်လယ်ရေကြောင်း သင်္ဘောသား တစ်ဦးအဖြစ် ဆက်လက်လုပ်လိုပါတယ်။

အနာဂတ် အမျိုးသားနှင့် အမျိုးသမီး အလုပ်သင်အရာရှိများအတွက် ကျွန်မရဲ့ မှာစရာကတော့ အခြားသူတွေရဲ့ မလိုမုန်းထားမှုတွေကို ဂရုမစိုက်ဘဲ တကယ်လို့ သင့်ရဲ့ လိုအင်ဆန္ဒဟာ လုံလုံလောက်လောက် ပြင်းပြနေရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ ဒီတော့ "စက်ကုန်မောင်း၊ အလုပ်သင်။" ■

# ကျဉ်းကျုတ်လှောင်ပိတ်နေရာများ၌ ပင်လယ်ရေကြောင်း သေဆုံးမှုများ ထိပ်လှန့်ကြောက်မက်ဖွယ်ရာ တိုးပွားမှု

**အလုပ်သမားများသည် သူတို့၏ အလုပ်ခွင်၌ လေထုထဲမှ အနည်းဆုံး နှစ်ခု လိုအပ်သည်- အသက်ရှူရန် ဘေးကင်းရမည် နှင့် ၎င်းမှာ မပေါက်ကွဲဘဲ သူတို့အား မသတ်ရ ဖြစ်စေရမည်။ သို့သော်လည်း ITF ကနေဒါနိုင်ငံ နိုင်ငံလုံးဆိုင်ရာ ညှိနှိုင်းရေးအရာရှိဖြစ်သူ Peter Lahay က ပြောသည်မှာ ကျဉ်းကျုတ်လှောင်ပိတ်နေရာများ၌ သေဆုံးမှုများမှာ သင်္ဘောလုပ်ငန်း လုပ်ငန်းကဏ္ဍတွင် ကာလရှည်လျားစွာ သိရှိနေသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည်။**




**ကျဉ်းကျုတ်လှောင်ပိတ်နေရာ အသေအပျောက်များ 1999-2018. အရင်းအမြစ် Vistrato Limited 2018.**

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ တွင် ပင်လယ်ရေကြောင်း အလုပ်သမား ၁၄၅ ဦး ကျဉ်းကျုတ်လှောင်ပိတ်နေရာများ၌ အလုပ်လုပ်ရင်း အသက်ဆုံးရှုံးခဲ့ကြသည်။

၎င်းအပြင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၉ ခုနှစ် ဧပြီလ အကြားတွင် ထိပ်လှန့်ဖွယ်ရာ အကြီးအကျယ်ဖြစ်ရပ်မှာ ဆိပ်ကမ်းအလုပ်သမား ၁၆ ဦးနှင့် ပင်လယ်ရေကြောင်းသင်္ဘောသား ၁၂ ဦး - စုစုပေါင်း ၂၈ ဦး ကျဉ်းကျုတ်လှောင်ပိတ်နေရာများ၌ အသက်ရှူပိတ်ခြင်းကြောင့် သို့မဟုတ် ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည် သို့မဟုတ် ညစ်ညမ်းသည့်လေ ရှူရာမှ သတိမေ့ပြီး အမြင့်မှပြုတ်ကျခြင်းကြောင့် သေဆုံးခဲ့သည်။

ဤအသေအပျောက် တိုးမြင့်မှုသည် သင်္ဘောလုပ်ငန်း လုပ်ငန်းကဏ္ဍကို ယနေ့ လုပ်ကိုင်နေသည့်သူများ၏ အကြင်နာ တရားမဲ့မှုကို ပြသပါသည်။ ကျဉ်းကျုတ်လှောင်ပိတ်နေရာများ၌ ဘေးကင်းစွာ အလုပ်လုပ်ရန်အတွက် အလုပ်သမားများအား လေ့ကျင့်ပေးရန်နှင့် ကိရိယာပစ္စည်း တပ်ဆင်ပေးရန် (သို့) ကုန်စည်ခန်းများကို လေဝင်လေထွက်ကောင်းရန် အလုပ်သမားများ အချိန်ယူလုပ်နိုင်မည့် သင်္ဘောပေါ် ဘေးကင်းလုံခြုံရေး လုပ်ကိုင်ပုံတွင် ရင်းနှီးမြှုပ်နှံရန်လုပ်မည့်အစား ငွေကြေးဒေါ်လာကို သက်သာစေရန် ရွေးချယ်သည့် ကုမ္ပဏီများသည် လုံလောက်သည့် လေကောင်းလေသန့်ရှိရန် သေချာအောင်လုပ်ပါ သို့မဟုတ် အန္တရာယ်နှင့် ရင်ဆိုင်ပါ။

ပင်လယ်ရေကြောင်း အလုပ်သမားများသည် သစ်တောထွက်ပစ္စည်းများ၊ ကျောက်မီးသွေး၊ သံရိုင်း၊ သီးနှံ၊ ဓါတ်ငွေ့နှင့် အခြား ကုန်စည်တို့ကြောင့် ဖြစ်ပွားသည့် အမျိုးမျိုးသော အန္တရာယ်များကို အပြည့်အဝ သိရှိနိုင်မည် မဟုတ်ပါ။

အလုပ်သမားတစ်ဦးအတွက် ကုန်တင်ကုန်ချ အပေါက်ကို မိနစ် ၃၀ ခန့်ဖွင့်ပေးပြီး အကောင်းဆုံးကို မျှော်လင့်ရန် (သို့) သူတို့ဖာသာ သူတို့ ကြိုးစားပြီး ကာကွယ်ရန်အတွက် အားကိုးရန်မှာ မလုံလောက်ပါ။ အလုပ်သမားတစ်ဦးအတွက် ရရှိနိုင်သော ကြိုတင်ကာကွယ်မှု အားလုံးကို လုပ်ရန်မှာ မလုံလောက်ပါ၊ တစ်ခါတစ်ရံ၌ ဓါတ်ငွေ့ အထုအထည်နှင့် အောက်စီဂျင်နည်းပါးမှုကြောင့် လုံလောက်သော ကာကွယ်မှု မရှိဘဲ ချောင်ပိတ်မိနိုင်ပါသေးသည်။ ၎င်းအပြင် အလုပ်သမားများသည် မိမိတို့၏ ကျဆုံးနေသော ယောင်းရင်းများကို ကယ်ဆယ်ရင်း မိမိတို့၏ အသက်ကို အန္တရာယ်နှင့် အရဲစွန့်ခြင်းအားဖြင့် ရင်ဆိုင်နေရရန် လူမဆန်သော လုပ်ငန်းကဏ္ဍ၏ ပစ်ပယ်ထားခံရခြင်းမှာ လုံးဝ မလုံလောက်ပါ။

သင်္ဘောပိုင်ရှင်များတွင် မိမိတို့၏ သင်္ဘောသားများကို စောင့်ရှောက်ပေးရန် တာဝန်ရှိပြီး ခန့်ထားသည့် ဆိပ်ကမ်း အလုပ်သမားများအား ကုန်တင်ကုန်ချ လုပ်ငန်းဆောင်တာများကို လုပ်စေရန်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ် (The International Maritime Organization (IMO)) သည် ကမ္ဘာတစ်ဝှမ်း ထုထည်ကြီး ကုန်စည် သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လမ်းညွှန်မှုနှင့် သတ်မှတ်ချက်များကို လမ်းညွှန်ထားသည် – ၎င်းတွင် ဘေးအန္တရာယ်အပေါ် အခြေခံပြီး ကုန်စည်များကို အတန်းအစားသတ်မှတ်ခြင်းနှင့် အုပ်စုခွဲခြားခြင်း၊ ဘေးကင်းလုံခြုံစွာ ကိုင်တွယ်ခြင်းနှင့် စစ်ဆေးခြင်းအတွက် လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။

ပညာရေးနှင့် လုပ်ထုံးလုပ်နည်းများမှာ မိမိသဘောအလျောက်လုပ်ရမည့်ကိစ္စ မဟုတ်ပါ။ စံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို ဘေးဖယ်ထားပြီး အလုပ်သမားများအတွက် မိမိတို့၏ အသက်များကို ဆုံးပါးစေသည့် သင်္ဘောပိုင်ရှင်များ၏ ပေါ့ဆမှုကို ဆုံးရှုံးသည့် အသက်များနှင့်လိုက်လျောညီထွေဖြစ်မည့် ပြစ်ဒဏ်တစ်ခု ချမှတ်ရမည်။

ITF သည် IMO ၌ လုပ်ငန်းကဏ္ဍတို့နှင့်တကွ အတူလုပ်ကိုင်လျက်ရှိသည်၊ ကျဉ်းကျုတ်ပိတ်လှောင်သောနေရာများ ကို ခြုံငုံသည့် စည်းမျဉ်းများမှာ အားလုံးသော ပင်လယ်ရေကြောင်း အလုပ်သမားများအား အကာအကွယ်ပေးရန် ပြင်းပြင်းထန်ထန် လုံလောက်ရမည်ဖြစ်ကြောင်း သေချာစေရန်ဖြစ်သည်။ အလုပ်သမားများအား မိမိတို့အသက်များကို အန္တရာယ်နှင့်အရဲစွန့်ခြင်းကို ရွေးရန် သို့မဟုတ် မိမိတို့၏ အလုပ်ကို ရွေးရန် သမားရိုးကျအားဖြင့် အတင်းအကျပ်ပြုသည့် လုပ်ကိုင်သူများအပေါ် ကျွန်ုပ်တို့ ဆက်လက် တိုက်ပွဲဝင်လျက်ရှိပါသည်။ အလုပ်သမားများ၏ အသက်များကို အန္တရာယ်ဖြစ်စေသည့် အလုပ်ရှင်များအတွက် လုပ်ငန်းကဏ္ဍဆိုင်ရာ လူသေမှု ဥပဒေများအတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဖွဲ့ဝင် သမဂ္ဂများထံမှ တောင်းဆိုမှုများကိုလည်း ထောက်ခံပါသည်။ ■



# ထိုင်း ငါးဖမ်းသမားများ၏ သမဂ္ဂ အင်အားကြွခိုင်မှု ဆက်လက်၍ ထူထောင်နေ

**ထိုင်းနိုင်ငံရှိ ပထမဦးဆုံး ငါးဖမ်းသမားများ သမဂ္ဂသည် လုပ်ငန်းကဏ္ဍရှိ အပြောင်းအလဲအတွက် စိတ်ထက်သန်လျက်ရှိသည်။ ITF ထိုင်းနိုင်ငံ စီမံကိန်း ဦးဆောင်သူ Jon Hartough သည် ၎င်း၏ ပထမ နှစ်နှစ်အတွင်း FRN ၏အံ့သြလောက်သော အောင်မြင်မှုများကို ပြသပေးသည်။**

ထိုင်းနိုင်ငံ၌ လုပ်ကိုင်လျက်ရှိသည့် ငါးဖမ်းသမားများသည် တစ်ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းကဏ္ဍ၌ အဆိုးရွားဆုံး မတရားပြုကျင့်မှု အချို့ကို ခံစားရသည်။

သူတို့၏ အခွင့်အရေးများအတွက် ရပ်တည်ပေးရန် ၂၀၁၇ ခုနှစ်တွင် ငါးဖမ်းသမားများသည် သူတို့၏ ကိုယ်ပိုင် ကုန်သွယ် သမဂ္ဂကို ဖွဲ့စည်းခဲ့သည် – ၎င်းကို Fishers Rights Network (FRN) ဟုခေါ်သည်။

၎င်းကတည်းကစ၍၊ ထိုင်းနိုင်ငံ အစိုးရသည် တစ်ကမ္ဘာလုံးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုကို တုံ့ပြန်ခဲ့သည်- လုပ်ငန်းကဏ္ဍကို မည်ကဲ့သို့ စောင့်ကြပ်ကြည့်ရှုမည်နှင့် စိစစ်မည်တို့ကို ပြုပြင်ပြောင်းလဲခဲ့သည်၊ အပြည်ပြည်ဆိုင်ရာ ငါးဖမ်းသမားများ စာချုပ် (international fishers' convention (ILO C188)) ကို အတည်ပြုခဲ့ပြီး တစ်နိုင်ငံလုံးဆိုင်ရာ ဥပဒေကို ခိုင်မာ တောင့်တင်းစေခဲ့သည်၊ ငါးဖမ်းသမားများ၏ အခွင့်အရေးများကို ဖောက်ဖျက်ခြင်းအတွက် ပြစ်ဒဏ်များကို တိုးမြှင့်ခြင်း အပါအဝင်ဖြစ်သည်။ သို့သော်လည်း ထိုင်းနိုင်ငံရှိ ငါးဖမ်းသမား အများစုမှာ မတရားပြုကျင့်မှုနှင့် ခေါင်းပုံဖြတ်မှုတို့ကို လွယ်လွယ်နှင့်ခံနေရသေးသည်။

အလုပ်ခွင်၌ အာဏာသက်ရောက်စေမည့် အခွင့်အရေးများ မရှိဘဲ ထို့ပြင် သမဂ္ဂ၏ ကိုယ်စားပြုခြင်းခံရခြင်းကြောင့် ပေါ်ထွက်လာသည့် အားသာချက် မရှိလျှင် အလုပ်သမား အခွင့်အရေးများ ဖောက်ဖျက်မှုများနှင့် ငါးဖမ်းသမားများအပေါ် မတော်မတရား ဆက်ဆံမှုများမှာ ဆက်လက်ဖြစ်နေပါမည်။ ၎င်းကြောင့် ITF သည် မိမိ၏ ပံ့ပိုးမှုကို အခြေချပြောင်းရွှေ့လာသည့် ငါးဖမ်းသမားများ၏ FRN စည်းရုံးရေးကို ဆက်လက်ပံ့ပိုးပေးပြီး ထိုင်းနိုင်ငံ၌ ရရှိနေသည့် သိသာထင်ရှားသော တိုးတက်မှုအတွက် စိတ်ထက်သန်လျက်ရှိသည်။

အယောက်ရေ 1,200 ကျော် FRN ငါးဖမ်းသမားများသည် C188 အသနားခံလွှာကို လက်မှတ်ရေးထိုးခဲ့သည်၊ C188 ပြဋ္ဌာန်းချက်များကို ဥပဒေပြုခြင်းနှင့် စည်းမျဉ်းချပေးခြင်းမှတစ်ဆင့် အပြည့်အဝ သွတ်သွင်းပြီး ထိထိရောက်ရောက် အာဏာတည်စေရန်အတွက် သေချာစေရန် ထိုင်းအစိုးရအနေဖြင့် မိမိ၏ ငါးလုပ်ငန်း အက်ဥပဒေကို ပြဋ္ဌာန်းပေးရန်နှင့် လိုအပ်သည့် အရေးယူမှုများကို ဆောင်ရွက်ပေးရန် တောင်းဆိုထားသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင်၊ ထိုင်းနိုင်ငံ၌ EU ကိုယ်စားလှယ်အဖွဲ့ ရှေ့မှောက်တွင် သူတို့သည် အသားနားခံလွှာကို ထိုင်းနိုင်ငံ ရေတပ်၊ အလုပ်သမား ဌာန၊ တရားမဝင် ငါးဖမ်းခြင်းကို တွန်းလှန်ရန် တပ်ဖွဲ့ (Command Center to Combat Illegal Fishing (CCCIF)) နှင့် အလုပ်သမား အကာအကွယ်ပေးရေးနှင့် လူမှုဖူလုံရေး ဌာန (Department of Labor Protection and Welfare (DLPW)) တို့မှ ထိပ်တန်း အစိုးရ အရာရှိများထံသို့ တင်သွင်းပေးခဲ့သည်။

၎င်း၏ အခြား အလုပ်များတွင် FRN စည်းရုံးရေးသမားများနှင့် ဝန်ထမ်းများသည် အဝေးနေရာ ရှေးဦးသူနာပြုနည်းနှင့်တကွ CPR ၊ ဆေးကုသမှု၊ နှင့် သင်္ဘောပေါ် အထွေထွေ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့ကို ခြုံငုံထားသည့် ပညာပေးခြင်းတို့ကို လုပ်ဆောင်ပေးသည်။ လက်ရှိအချိန်အထိ ၎င်းသည် ငါးဖမ်းသူ ၄၀၀ ကျော်ကို အရေးပေါ် ဆေးဖက်ဆိုင်ရာ တုံ့ပြန်မှုနှင့် ဆေးဝါးကို ထိရောက်စွာ အသုံးချမှုတို့နှင့်ပတ်သက်၍ လေ့ကျင့်ပေးခဲ့ပြီး Songkhla, Ranong, Pattani, Trat, Kura Buri, Phang Nga နှင့် Rayong ဒေသများရှိ လှေများထံသို့ ရာပေါင်းများစွာသော ရှေးဦးသူနာပြုနည်း ဆေးဝါးကိရိယာလက်စွဲသေတ္တာများကို ဖြန့်ချီပေးခဲ့သည်။

FRN သည် ထိုင်းနိုင်ငံတွင် သင်္ဘောမှ ဆိပ်ကမ်းသို့ အခွင့်အရေးများ စီမံကိန်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (International Labour Organization (ILO)) နှင့်အတူ နီးနီးကပ်ကပ် ဆက်လက် လုပ်ကိုင်လျက်ရှိသည်၊ ၎င်းသည် ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်အစားအစာ စီမံရေး လုပ်ငန်းကဏ္ဍများတွင် လက်မခံနိုင်သည့် အလုပ်ပုံစံများကို တားမြစ်ရန်နှင့် လျှော့ချပစ်ရန် ရည်ရွယ်ထားသည်။ ၎င်းတွင်ပါဝင်သည်မှာ Trat, Songkhla နှင့် Ranong ဒေသတို့တွင် ငါးဖမ်းသမားများအား FRN စည်းရုံးရေးဆင်းခြင်းနှင့် တစ်နိုင်ငံလုံး၌ အရေးကြီးသည့် ညှိနှိုင်းရေး အစည်းအဝေးများတွင် ငါးဖမ်းသမားများအား ကိုယ်စားပြုပေးခြင်းတို့ ဖြစ်သည်။

မကြာသေးမီက၊ FRN သည် အမေရိကန်ပြည်ထောင်စု၌ အခြေစိုက်သည့်- Solidarity Center (AFL-CIO) အား ၎င်း၏စီမံကိန်းဖြစ်သည့် 'အာဒမန် ကမ်းခြေဒေသတစ်လျှောက် အပြည်ပြည်ဆိုင်ရာအားဖြင့် အသိအမှတ်ပြုခံရသော အခြေချ ပြောင်းရွှေ့သူ အလုပ်သမား အခွင့်အရေးများကို ပြန့်ပွားပေးခြင်း')'Advancing Internationally Recognized Migrant Worker Rights Along the Andaman Coastal Provinces' ကိုသွတ်သွင်းရာ၌ ကူညီပေးလျက်ရှိသည်။

The FRN သည် Ranong, Phang Nga နှင့် Kura Buri ဒေသရှိ ငါးဖမ်းသမားများကိုလည်း အလုပ်သမား အခွင့်အရေးများ၊ အလုပ်အကိုင်လုပ်ခညှိနှိုင်းရေးနှင့် ကျန်းမာရေး ပညာပေးမှုတို့ဖြင့် လေ့ကျင့်ပေးခဲ့သည်။

၂၀၁၈ ခုနှစ်တွင်၊ ကမ္ဘာ့အကြီးဆုံး ငါးမည်းလုံး ကုမ္ပဏီ နှင့် ထိုင်းနိုင်ငံ သမဂ္ဂကို ITF သည် သင်္ဘော အပြုအမူဆိုင်ရာ ကျင့်ဝတ်ကို ညှိနှိုင်းပေးခဲ့သည်။ FRN သည် ၂၀၂၀ ခုနှစ်တွင် ကျင့်ဝတ်နှင့်ပတ်သက်၍



# အိုင်ယာလန်နိုင်ငံ ငါးဖမ်းသမားများ၏ ကျော်မကောင်း ကြားမကောင်း ဖြစ်ရပ်နှင့်ပတ်သက်၍ ITF ဖိအား ဆက်လက်ပေးလျက်ရှိ

**ITF သည် အခြေချရွှေ့ပြောင်းသူ ငါးဖမ်းသမားများအား အကူအညီပေးရန် သဘောတူထားသည့် အရေးယူဆောင်ရွက်မှုများကို ထိရောက်စွာ အကောင်အထည်ဖော်ပေးရန်သေချာစေရန်အတွက် မိမိ၏ စောင့်ကြပ်ကြည့်ရှုနေမှုကို အိုင်ယာလန် အစိုးရအပေါ် ဆက်လက်ရှိနေသေးသည်ဟု အကြီးတန်း ဥပဒေဆိုင်ရာ လက်ထောက်ဖြစ်သူ Jonathan Warring က သတင်းပို့သည်။**

၂၀၁၈ ခုနှစ် မေလတွင်၊ အိုင်ယာလန်နိုင်ငံ ငါးလုပ်ငန်း လုပ်ငန်းကဏ္ဍတွင် အလုပ်လုပ်နေလျက်ရှိသော လူသား မှောင်ခိုသွင်းခံရသူ ၁၅ ဦး ကျော်ကိုတွေ့ရှိပြီးနောက် ITF သည် အိုင်ယာလန်နိုင်ငံ တရားရေးနှင့် သာနာမျှတရေး ဝန်ကြီးအပေါ် တရားစွဲရုံမှတစ်ပါး အခြား မည်သည့် နည်းလမ်းမျှ မရှိတော့ပါ။

၎င်းသည် ယူနိုက်တစ်ကင်ဒန်နှင့် အိုင်ယာလန်နိုင်ငံအတွက် ITF ညှိနှိုင်းရေး အရာရှိဖြစ်သူ Ken Fleming အတွက် ဆယ်စုနှစ် တစ်ခုကျော်ကျော် အဆိုပါ နိုင်ငံအတွင်း အခြေချပြောင်းရွှေ့လာသူ ငါးဖမ်းသမားများအပေါ် စနစ်တကျ မတရားပြုကျင့်မှုနှင့် ခေါင်းပုံဖြတ်မှုတို့နှင့်ပတ်သက်၍ သက်သေအထောက်အထား လိုက်လံစုဆောင်းခြင်းဖြင့် လိုက်လုပ်ခဲ့ရသည်။

အခြေချပြောင်းရွှေ့လာသူ ငါးဖမ်းသမားများအတွက် အခြေအနေများ တိုးတက်အောင်လုပ်ပေးရန်နှင့် ကူညီ အကာအကွယ်ပေးရန် သွတ်သွင်းထားသည့် လုပ်ငန်းစဉ်ဖြစ်သည့် EEA-မဟုတ်သော ငါးဖမ်းသမားများအတွက် ပုံစံတကျမဟုတ်သည့် အလုပ်လုပ်ကိုင်ရာ လုပ်ငန်းဖြစ်စဉ် (Atypical Working Scheme for non-EEA fishers) မှာ စင်စစ်အားဖြင့် ဆန့်ကျင်၍ သက်ရောက်မှုရှိနေကြောင်းဖြင့် စုံစမ်းစစ်ဆေးမှုကို အဆုံးသတ်ခဲ့ပါသည်။ ၎င်းသည် ငါးဖမ်းသမားတစ်ဦးအား အလုပ်ရှင်တစ်ဦးတည်း အတွက်သာလုပ်ရမည်ဟု ထိရောက်စွာဖြင့် ချည်နှောင်ထားပြီး ယင်းနောက် အဆိုပါ အလုပ်ရှင်သည် မိမိ၏ ရေယာဉ်ပေါ် ရှိ အလုပ်လုပ်နေသူများအပေါ် ရာထူးအာဏာကိုအသုံးပြု၍ ခေါင်းပုံဖြတ်နိုင်ခဲ့ကြသည်ဖြစ်ပြီး အမျိုးမျိုးသော နိုင်ငံ အဖွဲ့အစည်းများသည် အစီအစဉ်လုပ်ငန်းဖြစ်စဉ်ကို ထိန်းသိမ်းကြပ်မတ်ရန် မိမိတို့၏ တာဝန်များကို ပျက်ကွက်နေခဲ့ကြသည်။

ဝန်ကြီးသည် တရားစွဲဆိုမှု တင်လျှောက်ပြီးသည့်တိုင်အောင်ပင် အစီအစဉ်လုပ်ငန်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြဿနာများကို ဖြေရှင်းပေးရန်အတွက် ITF နှင့်အတူ လုပ်ကိုင်ရန် ဖိတ်ကြားမှုကို ငြင်းပယ်ခဲ့သည်။ ITF သည် အမှုကို တရားရုံးချုပ်အထိ တင်သွင်းခဲ့သည်၊ ၎င်းတွင် နိုင်ငံသည် အစီအစဉ်လုပ်ငန်းဖြစ်စဉ်ကို အသည်းအသန် ချေပခဲ့ရာ အမှုကို ကြားနာစစ်ဆေးရန် သိသိသာသာ ကြန့်ကြာနေလျက်ရှိပါသည်။

၂၀၁၉ ခုနှစ် ဧပြီလတွင် အိုင်ယာလန်နိုင်ငံရှိ အခြေချပြောင်းရွှေ့လာသူ ငါးဖမ်းသမားများအတွက် နောက်ထပ် ကြန့်ကြာမှု မရှိစေဘဲ သိသာသော ကာကွယ်ပေးမှုများလုပ်ပေးရန်အတွက် သဘောတူပေးရန် ရည်ရွယ်၍ ITF နှင့် သက်ဆိုင်ရာ အစိုးရ အေဂျင်စီရုံးများ စေ့စပ်ညှိနှိုင်းရေး ဆွေးနွေးပွဲများလုပ်ခဲ့သည်။ နှစ်ရက်ကြာပြီးနောက်၊ ITF သည် အခြေချပြောင်းရွှေ့လာသူ ငါးဖမ်းသမားများအား ခေတ်သစ် ကျွန်ပြုမှုနှင့် လူသားမှောင်ခိုသွင်းမှုတို့၏ အခြေအနေများမှ ကာကွယ်ပေးရန် အရေးယူ ဆောင်ရွက်မှုများ သွတ်သွင်းပေးရန်အတွက် အိုင်ယာလန်နိုင်ငံ အစိုးရနှင့် သဘောတူညီချက်တစ်ခုကို ရရှိရန် စီမံခဲ့ပါသည်။

အစိုးရ၏ အဓိက လိုက်လျောပေးလိုက်ခြင်းမှာ ဥရောပတိုက်သား-မဟုတ်သူ ငါးဖမ်းသမားများကို အစီအစဉ်လုပ်ငန်းဖြစ်စဉ်မှတစ်ဆင့် မှတ်ပုံတင်ထားသည့် အာမခံခေါ်ယူသော အလုပ်ရှင်တစ်ဦးတည်းထံ အလုပ်လုပ်ရမည် မဟုတ်တော့ကြောင်း အာမခံချက်ဖြစ်ပါသည်။ ငါးဖမ်းသမားသည် အလုပ်ရှင်၏ ခွင့်ပြုချက် မရှိဘဲ ထွက်ခွင့်ရှိမည်ဖြစ်ပြီး ချက်ချင်း ပြည်နှင်ဒဏ်ပေးမည့် စိုးရိမ်မှု မရှိစေဘဲ အခြား အလုပ်အကိုင်ကို ရှာဖွေနိုင်ခွင့်ရှိမည်ဖြစ်ပါသည်။

အခြား တာဝန်ခံမှုများမှာ ငါးဖမ်းသမား၏ မိခင်ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကား နှစ်မျိုးလုံးဖြင့် အလုပ်ခန့် စာချုပ်များနှင့် အခွင့်အရေးများအကြောင်း ပေးအပ်ခြင်း အပါအဝင်အပြင်- အများဆုံး အလုပ်လုပ်အချိန်နာရီများ၊ အနည်းဆုံး အနားပေးချိန်များနှင့် စီးပွားဖြစ် ငါးဖမ်း ရေယာဉ်များပေါ် အလုပ်လုပ်ကိုင်ရာ သတ်မှတ်ချက်များတို့နှင့် ပတ်သက်သည့် EU ညွှန်ကြားချက်ကို အိုင်ယာလန်နိုင်ငံ ဥပဒေအဖြစ် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ မတိုင်မီ ပြဋ္ဌာန်းပေးရန် ကတိပြုချက်တို့ပါဝင်ပါသည်။

အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဌာန၏ လူမှောင်ခိုသွင်းမှုဆိုင်ရာ အစီရင်ခံစာ ဇွန်လ ၂၀၁၉ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံအပေါ် သူ၏ဝေဖန်ချက်ကို နှစ်နှစ် ဆက်တိုက် ဖော်ပြထားခဲ့သည်၊ လူမှောင်ခိုသွင်းမှုကို ပပျောက်ရန်အတွက် အနည်းဆုံး စံနှုန်းများကို ဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် ၎င်းအား Tier 2 နိုင်ငံအဖြစ် သတ်မှတ်ခဲ့သည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ လကုန်ပိုင်းတွင် ITF သည် အိုင်ယာလန်နိုင်ငံအနေဖြင့် သဘောတူထားသည့် အရေးယူဆောင်ရွက်မှုများကို လေးလေးနက်နက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သို့မဟုတ် ငါးဖမ်းသမားများအတွက် အဓိပ္ပါယ်ရှိသော ပြောင်းလဲမှုတစ်ခုခုအတွက် အနည်းငယ်သော သက်သေ အထောက်အထားရှိကြောင်းကို မြင်တွေ့ခဲ့ရပါသည်။ ITF သည် အခြေအနေကို နီးနီးကပ်ကပ် ဆက်လက် စောင့်ကြပ်ကြည့်ရှုနေပြီး တာဝန်ရှိ အစိုးရ အေဂျင်စီရုံးများမှ ထိုက်သင့်သော လုပ်ဆောင်ပေးမှုအတွက် ဆက်လက် တွန်းအားပေးနေပါသည်။ ■

အားလုံးသော ထိုင်းနိုင်ငံ သမဂ္ဂ ဖြန့်ချိပေးသူတို့ကို လေ့ကျင့်ပေးရန် ဆက်လက်လုပ်ပါမည်၊ ၎င်း၏ အလုပ်အကိုင်လုပ်ခ ညှိနှိုင်းရေးနှင့် အသင်းအဖွဲ့ ဖွဲ့စည်းရေး လွတ်လပ်ခွင့် ပြဋ္ဌာန်းချက်များ အပါအဝင်ဖြစ်ပါသည်။ ၎င်းသည် ထိုင်းနိုင်ငံ သမဂ္ဂအား ဖြန့်ချိပေးနေသည့် ငါးဖမ်းသမားများအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းသော စည်းရုံးရေးနှင့် ပညာပေးရေးဆိုင်ရာ အခွင့်အလမ်း တစ်ခုဖြစ်သည့်အပြင် ဖြန့်ချိရေး ကွင်းဆက်တစ်ရပ်လုံးတစ်လျှောက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ သဘောတူညီချက်များ ရရှိရန် အားထုတ်လုပ်ကိုင်မှုများကို တိုးမြှင့်ပေးစေပါမည်။

ဒေသဆိုင်ရာ အဆင့်၌ FRN သည် ILO SEA Fisheries Forum တွင် ခေါင်းဆောင်မှုပေးသည့် အခန်းကဏ္ဍကို ယူထားသည်၊ ITF နှင့် ၎င်း၏ အဖွဲ့ဝင်များဖြစ်သည့် PSU (ဖိလစ်ပိုင် သင်္ဘောသားများ သမဂ္ဂ), KPI (အင်ဒိုနီးရှား) နှင့် လွတ်လပ်သော မြန်မာ သင်္ဘောသားများ အဖွဲ့ချုပ် (Independent Federation of Myanmar Seafarers (IFOMS)) တို့နှင့် နီးနီးကပ်ကပ် လုပ်ကိုင်လျက်ရှိသည်၊ ငါးလုပ်ငန်းကဏ္ဍ၌ ဒေသတွင်း ညှိနှိုင်းလုပ်ကိုင်မှုကို ခိုင်မာတောင့်တင်းစေရန်နှင့် အလုပ်သမား မှောင်ခိုသွင်းမှုနှင့် အတင်းအကျပ် အလုပ်ခိုင်းစေမှုတို့ကို တွန်းလှန်ရန်အတွက် တစ်နိုင်ငံလုံးဆိုင်ရာ အားထုတ်လုပ်ကိုင်မှုကို မြှင့်တင်ပေးရန်အတွက်ဖြစ်သည်။


FRN သည် ILO၊ မြန်မာအစိုးရနှင့် IFOMS တို့နှင့်လည်းအတူတကွ လုပ်ကိုင်လျက်ရှိသည်၊ ထိုင်းနိုင်ငံ၌ အလုပ်လုပ်ရန် ထွက်ခွာတော့မည်ဖြစ်သည့် မြန်မာ ငါးဖမ်းသမားများအတွက် မထွက်ခွာမီ-သင်တန်းပေးခြင်း၊ သမဂ္ဂအကြောင်း သူတို့အား ပညာပေးခြင်းနှင့်သူတို့၏ အလုပ်သမား အခွင့်အရေးများနှင့် ထိုင်းနိုင်ငံ ဥပဒေအရ အကာအကွယ်ပေးခြင်းတို့ကို ပို့ချပေးရန်ဖြစ်သည်။ ■

> **“ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းလာတဲ့ ငါးဖမ်းသမားတွေဟာ သူတို့ရဲ့ကိုယ်ပိုင် လွတ်လပ်တဲ့ ဒီမိုကရေစီကျကျ သမဂ္ဂကို ဖွဲ့စည်းကြပြီး သူတို့ရဲ့ အခွင့်အရေးတွေအတွက် မားမားမတ်မတ် ရပ်တည်နေလျက်ရှိပါတယ်။ အဲဒါဟာ ရှန်းကန်မှုတစ်ခုဖြစ်သော်လည်းဘဲ ITF ရဲ့ပံ့ပိုးမှုနှင့် ငါးဖမ်းသမားများ အခွင့်အရေး အဆက်အသွယ်ကွန်ခြာ (Fishers’ Rights Network (FRN)) ဟာ ထိုင်းနိုင်ငံ ငါးလုပ်ငန်းကဏ္ဍနှင့် အဆိုပါ ဒေသမှာ အပြောင်းအလဲအတွက် တိုက်ပွဲဝင် အင်အားစုတစ်ခု ဖြစ်လာခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ရလာခဲ့တဲ့ တိုးတက်မှုတွေကို ကြည့်ဖို့ စိတ်လှုပ်ရှားပြီး ဒေသတစ်ခုလုံးမှာရှိတဲ့ ငါးဖမ်းသမားတွေ အတွက် တရားမျှတမှုရဖို့အတွက် အတူလုပ်ကိုင်ဖို့ အလုပ်တွေ အများကြီး ပိုပြီးရှိပါတယ်။”**
>
> **Johnny Hansen**, chair, ITF fisheries section

**ငါးဖမ်းသမားများ၏ အခွင့်အရေးများ အဆက်အသွယ်ကွန်ခြာ တိုးတက်မှုကို ကြည့်ရှုရန် ဝက်ဘ်ဆိုက်- www.justiceforfishers.org**

# သင်္ဘောသား စိတ်ကျရောဂါ နှုန်းများမှာ အခြားအလုပ်သမားများထက် ပိုမိုများပြား

**သုတေသနအသစ်က ပြသသည်မှာ သင်္ဘောသားများတွင် အခြား လူတန်းစားများထက် စိတ်ကျရောဂါနှုန်း ပိုမို၍ မြင့်မြင့်မားမား ရှိသည်၊ ၎င်းမှာ ထိပ်လန့်စရာ နှင့် စိတ်ပျက်စရာ နှစ်မျိုးလုံးဖြစ်သော သိရှိနေကျကိစ္စတစ်ရပ်ဖြစ်သော တွေ့ရှိချက်ဖြစ်သည်ဟု ITF သင်္ဘောသားများ အုပ်ထန်းမှုအဖွဲ့ အကြီးအကဲဖြစ်သူ Katie Higginbottom က ပြောသည်။**




အုပ်ထိန်းမှုအဖွဲ့သည် သင်္ဘောသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်ပတ်သက်၍ ရေးလ်တက္ကသိုလ်မှ သုတေသန လုပ်ပေးရန် တာဝန်ပေးခဲ့သည်၊ စိတ်ကျရောဂါ၊ စိတ်သောကနှင့် မိမိကိုယ်မိမိ အဆုံးစီရင်မည့် အတွေးအခေါ်များတို့၏ ဖြစ်ရခြင်းအကြောင်းရင်းများကို ဖော်ထုတ်ပေးခြင်းနှင့် အန္တရာယ်များကို လျှော့ချစေရန် နည်းလမ်းများကို ဖော်ထုတ်ရန်အတွက် ရှာဖွေခြင်းတို့လုပ်ရန်ဖြစ်သည်။

လေ့လာမှုသည် ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍတစ်ခုလုံးရှိ သင်္ဘောသားများထံမှ တုံ့ပြန်ချက်ပေါင်း 1,572 ခုကို စမ်းစစ်ခဲ့ပါသည်။ လေ့လာမှုက တွေ့ရှိခဲ့သည်မှာ-

- လေးပုံတစ်ပုံမှာ အလယ်အလတ်မှ အပြင်းအထန် စိတ်ကျရောဂါကို ခံစားခဲ့ရသည်
- ဆယ့်ခုနှစ် ရာခိုင်နှုန်းမှာ စိတ်သောက ခံစားခဲ့ရသည်
- နှစ်ဆယ်ရာခိုင်နှုန်းမှာ စစ်တမ်း မပြီးဆုံးမီ နှစ်ပတ်အတွင်း အနည်းဆုံး အတော်များများ နေ့များတွင် မိမိကိုယ်မိမိ ထိခိုက်ဒဏ်ရာရအောင် သို့မဟုတ် အဆုံးစီရင်အောင် စဉ်းစားတွေးခေါ် ခဲ့သည်၊ ၎င်းအပြင်
- ငယ်ရွယ်သော သင်္ဘောသားများနှင့် အမျိုးသမီးသင်္ဘော အမှုထမ်းများမှာ  အများဆုံး အန္တရာယ်ရှိသည်။

တိုးမြှင့်လာခြင်းအားဖြင့် စိတ်ကျရောဂါ သို့မဟုတ် စိတ်သောက ခံစားနေရသည့် သင်္ဘောသားများမှာ လွန်ခဲ့သည့် ၁၂ လ အတွင်း အနည်းဆုံး ထိခိုက်ဒဏ်ရာများ နှင့်/သို့မဟုတ် နာမကျန်းမှုများ ရနိုင်ဖွယ်ဖြစ်နိုင်ခြေ နှစ်ဆများပါသည်။ ညှိုးဖျင်းသည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးသည် ထိခိုက်ဒဏ်ရာများနှင့် နာမကျန်းမှုအပေါ် အံ့သြဖွယ်ရာ သက်ရောက်မှုများလည်း ရှိသည်၊ ၎င်းမှတစ်ဖန် လူ့အသက်များနှင့် သင်္ဘော လုပ်ငန်းလည်ပတ်မှုများကို ထိခိုက်ကြသည်။

အန္တရာယ်မှာ သင်္ဘောသားများအနေဖြင့် အလုပ်ခွင်၌ သူတို့ အကြမ်းဖက်မှုခံရသော၊ သူတို့တွင် အလုပ်စိတ်ကျေနပ်မှု နည်းပါးသော၊ မိမိ အမှုထမ်းများအား ဂရုမစိုက် မစောင့်ရှောက်သော ညှိုးဖျင်းစွာ စီမံအုပ်ချုပ်သည့် ကုမ္ပဏီများအတွက် အလုပ်လုပ်ပေးသည့်အခါ ပို၍များသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ စိတ်ပြင်းပြစွာဖြင့်၊ စိတ်ကျရောဂါနှင့် စိတ်သောက အဆင့်မြင့်မြင့်မားမားရှိသည့် သင်္ဘောသားများသည် သူတို့ ထမ်းဆောင်ရမည့် အလုပ်တာဝန်အတွက် လုံလုံလောက်လောက် လေ့ကျင့်မခံရကြောင်းကိုလည်း ခံစားခဲ့ရပြီး ဆုံးဖြတ်ချက်များကို ဝင်ရောက် မစွက်ဖက်နိုင်ကြပါ။   အလုပ်သမား အများအပြားနှင့် အလုပ်ခွင်များအပေါ် ဖြစ်နေကျ ပြဿနာများ ရှိကြပြီး ၎င်းတို့ကို ကိုင်တွယ် အရေးယူ နိုင်ပါသည်။

သို့သော်လည်း များစွာသော အကြောင်းရင်းများမှာ သင်္ဘောသားများအတွက် သီးခြား အန္တရာယ်များကို တိုးစေပါသည်။ သင်္ဘောသားများမှာ ကမ္ဘာတစ်ခုလုံးတွင် ကြီးကြီးမားမား အမြင်ခံရသူများဖြစ်သည်။  သူတို့သည် သင်္ဘောပေါ်တွင် အထီးကျန်မှုကို ကြုံတွေ့သည်၊ အကြီးအကျယ် ပင်ပန်းနွမ်းနယ်မှု ကာလများကိုကြုံတွေ့ပြီး ကြီးမားပြီးတန်ဖိုးကြီးသော ဥစ္စာပစ္စည်းအတွက် တာဝန်ရှိကြသည်၊ ကြီးမားသောဒဏ်ငွေများနှင့် ပြစ်မှုဆိုင်ရာ တာဝန်သို့ ဦးတည်ပေးမည့် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်တစ်ခု ဖြစ်ပွားနိုင်သည့် ဥစ္စာပစ္စည်းဖြစ်သည်။ အမြဲတမ်းဝန်ထမ်း အလုပ်ခန့် ကန်ထရိုက်စာချုပ် နည်းပါးမှု၊ အဆင်သင့် လုပ်အားစုစည်းမှုကို သင်္ဘော အပိုအလှျံ လုပ်ကိုင်မှုတို့နှင့် ပေါင်းစပ်ကာ ပင်လယ်ပြင်၌ အလုပ်လုပ်ကိုင်သည့် လူသားစွမ်းပကားဖြင့် ယှဉ်ပြိုင်မှုဆီသို့ ဦးတည်ကြသည်။  ထို့ပြင် ပင်လယ်ရေကြောင်းဆိုင်ရာ ဥပဒေများနှင့် အလုပ်ရှင် တာဝန်မှာ ပင်လယ်ရေကြောင်း အလုပ်သမား စာချုပ်ရှိနေသော်လည်း မှောင်မိုက်လျက်ရှိနေဆဲ ဖြစ်သည်။

စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမှာ အလွန့်အလွန် ကိုယ်ရေးကိုယ်တာ ကိစ္စကဲ့သို့ အမြင်ရှိသော်လည်း အဖြစ်မှန်မှာ အဆိုပါ ပြဿနာသည် ကမ္ဘာတစ်ဝှမ်းဖြစ်သည်- ပိုမိုကောင်းမွန်လာရန်အတွက် အရာများကို ပြောင်းပေးဖို့အတွက်က ထိန်းချုပ်မှု အားနည်း၊ စောင့်ရှောက်မှုနှင့် ပံ့ပိုးမှု နည်းပါး၊ နောက်ပြီး လုပ်ပိုင်ခွင့် ချို့တည့်ဆဲဖြစ်သည်။ ■

**YALE အစီရင်ခံစာက အကြံပြုသည်မှာ-**

- ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းကဏ္ဍသည် အရင်းအမြစ် အကန့်အသတ်ရှိသောနေရာတွင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ပံ့ပိုးပေးရန် နည်းဗျူဟာများကို ဖွဲ့စည်းထားသင့်သည်၊ မြင့်မြင့်မားမား အန္တရာယ်ရှိသည့် သင်္ဘောသားများ၊ မြင့်မြင့်မားမား အန္တရာယ်ရှိသည့် ပတ်ဝန်းကျင်များနှင့် မြင့်မြင့်မားမား အန္တရာယ်ရှိသည့်ကာလများ (အိမ်၌ နောက်ဆုံးနေ့၊ သင်္ဘောခရီးစဉ် ပထမနေ့ နှင့် စာချုပ်သက်တမ်းတိုးကာလအတွင်း) တို့နှင့်ပတ်သက်ပြီး အထူးသဖြင့် အာရုံစိုက်ပေးခြင်းအားဖြင့်ဖြစ်သည်။
- ပင်လယ်ရေကြောင်း လေ့ကျင့်ရေးကျောင်းများသည် သင်္ဘောသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများကို ထည့်သွင်း သင်ကြားသင့်သည်။
- ကုမ္ပဏီများမှာ အလုပ်သင်အရာရှိများနှင့် အလုပ်သမားအသစ်များအတွက် ပံ့ပိုးမှုကို တိုးမြှင့်ပေးသင့်သည်၊ သင်္ဘောသားများအတွက် သင့်တော်သော လေ့ကျင့်ရေး အစီအစဉ်များ သူတို့တွင် ရှိနေကြောင်း သေချာအောင်လုပ်သင့်သည်။
- ပင်လယ်ရေကြောင်း လုပ်ငန်းကဏ္ဍသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိစ္စများကို ကဲ့ရဲ့ပြစ်တင်မှု မရှိစေရန် ကြိုးစားသင့်ပြီး အလုပ်ခွင်၌ ပူးပေါင်းပါဝင်သော၊ ပံ့ပိုးကူညီသော ပတ်ဝန်းကျင်တစ်ရပ်ကို ပျိုးထောင်သင့်သည်။

# အုပ်ထိန်းမှုအဖွဲ့သည် သင်္ဘောသားများ၏ တယ်လီ-ဆေးဝါး ဝန်ဆောင်မှုကို တိုးတက်အောင်လုပ်ရန် ရန်ပုံငွေ ခွင့်ပြု

**Seafarers' အုပ်ထိန်းမှုအဖွဲ့ ရန်ပုံငွေ ခွင့်ပြုရေး မန်နေဂျာဖြစ်သူ Luca Tommasi က တယ်လီ-ဆေးဝါး ဆော့ဖ်ဝဲကို ထူထောင်ပေးရာ၌ အဘယ်ကြောင့် အုပ်ထိန်းမှုအဖွဲ့က ရင်းနှီးပေးရကြောင်း ရှင်းပြသည် Katie Higginbottom က ပြောသည်။**

အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (The International Labour Organization) နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့ချုပ် (International Maritime Organization) တို့က ပြောသည်မှာ သင်္ဘောသားများအနေဖြင့် ကမ်းခြေရှိ လူများကဲ့သို့ပင် သင်္ဘောပေါ်၌ ဆေးဖက်ဆိုင်ရာ စောင့်ရှောက်မှု အဆင့်အတူတူကို ရသင့်သည်ဖြစ်သည်။ သို့သော်လည်း ဤကိစ္စမှာ လက်တွေ့၌ ခက်ခဲပါသည်။


သင်္ဘောပေါ် ရှိ ဆေးဖက်ဆိုင်ရာ ဝန်ထမ်း အားနည်းမှု၊ သင်္ဘောပေါ် ရှိ အရာရှိများ၏ အကန့်အသတ်ရှိသော ဆေးဖက်ဆိုင်ရာ ဗဟုသုတနှင့်တကွ မလုံလောက်သော ဆေးဖက်ဆိုင်ရာ ပစ္စည်းကိရိယာများ ပေါင်းစပ်လိုက်သော် သင်္ဘောသားများအတွက် အခွင့်မသာဖြစ်ရသည်။ သင်္ဘောသား အမှုထမ်းများသည် များသောအားဖြင့် ကျန်းမာရေး ပြဿနာ အသေးစားတို့ကို မိမိတို့ဖာသာ ဖြေရှင်းရန် ကြိုးစားကြရသည်၊ ပိုမိုကြီးမားသည့် ကိစ္စများ၌ တယ်လီ-ဆေးဝါး ပင်လယ်ရေကြောင်း အကူအညီ ဝန်ဆောင်မှု (Telemedical Maritime Assistance Service (TMAS)) ထံမှ အကြံဉာဏ်ကို တောင်းခံရသည်။

လူနာ၏ ဆေးဖက်ဆိုင်ရာ အခြေအနေကို ကွက်ကွက်ကွင်းကွင်း သိရှိရန်အလို့ငှါ သင်္ဘောနှင့် TMAS အကြား ဖုန်းခေါ်မှုများနှင့်အီးမေးလ်တို့တွင် အချိန်အမြောက်အမြား ဆုံးရှုံးခဲ့ရသည်။ မှန်ကန်သော အချက်အလက် မရှိဘဲ မှန်ကန်သော ရောဂါဖော်ထုတ်မှုလုပ်ရန် အလွန့်အလွန် ခက်ခဲပြီး သင်္ဘောသားများ၏ အသက်များကို အန္တရာယ်ရှိစေနိုင်သည်။

ဤကိစ္စကို တိုးတက်အောင်လုပ်ရန်အတွက်၊ ITF Seafarers' Trust သည် သင်္ဘောသားများ အများဆုံး TMAS ဝန်ဆောင်မှုကို အသုံးပြုသည့် CIRM (Centro Internazionale Radio Medico) အား တစ်နှစ်လျှင် ဆေးဖက်ဆိုင်ရာ ကိစ္စ ၆၀၀၀ နီးပါးကို ကိုင်တွယ်ဖြေရှင်းပေးရန် ရန်ပုံငွေချပေးခဲ့သည်။ သင်္ဘောပေါ် ရှိ တာဝန်ရှိ ဆေးဖက်ဆိုင်ရာ ဝန်ထမ်းအား TMAS ဆရာဝန်များထံသို့ မှန်ကန်သော အချက်အလက်များကို ပေးအပ်ရန်အတွက် လမ်းညွှန်ပေးမည့် ဆော့ဖ်ဝဲကို ထူထောင်ပေးရန် အဆိုပါ ငွေကြေးကို အသုံးပြုမည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ အတွက် စုဆောင်းထားသည့် CIRM ဆေးမှတ်တမ်းများကို ဖော်ထုတ်ခြင်းအားဖြင့် တန်ဖိုး မဖြတ်နိုင်သော အချက်အလက် ပမာဏနှင့်အတူ ဆော့ဖ်ဝဲကို လုပ်ပါလိမ့်မည်။ ဆော့ဖ်ဝဲသည် သင်္ဘောသား၏ ရောဂါလက္ခဏာများအပေါ် မူတည်၍ ဤအချက်အလက်များကို စီမံပါလိမ့်မည်ဖြစ်ပြီး ပြီးပြည့်စုံသည့် ရောဂါအခြေအနေ သူတို့အား ဖော်ထုတ်ပေးရန်အတွက် လမ်းညွှန်မည်ဖြစ်သည့် လမ်းကြောင်းကို ဖန်တီးပေးပါမည်။ ယင်းမှတစ်ဖန် ၎င်းသည် TMAS ဆရာဝန်များထံသို့ ဓါတ်ပုံများနှင့်တကွ ဖိုင်တစ်ခုတည်းဖြင့် ပို့ပေးပါမည်။

နောက်ဆုံး ရလဒ်မှာ ပိုမိုစိတ်ချရသည့် ဆေးဖက်ဆိုင်ရာ ဖိုင်ဖြစ်ပါလိမ့်မည်၊ ပိုမိုအသေးစိတ်ကျသည့် အခြေအနေကို ရှင်းပြပေးမည်၊ သင်္ဘောနှင့် ကမ်းခြေ ဆက်သွယ်ရေး ပိုမိုမြန်ဆန်မည်ဖြစ်ပြီး ပိုမိုတိကျသည့် ရောဂါ ဖော်ထုတ်မှုကိုလုပ်နိုင်မည်။ ဤသို့အားဖြင့် ဝေးလံသည့် သင်္ဘောများထံသို့ ဆောင်ရွက်ပေးသည့် ဆေးဖက်ဆိုင်ရာ ဝန်ဆောင်မှု အရည်အသွေးကို အမှန်စင်စစ် တိုးမြှင့်ပေးပါမည်။ ■




### ကမ်းခြေ ထွက်ခွာသည့် အက်ပ် (SHORE LEAVE APP)

အုပ်ထိန်းမှုအဖွဲ့၏ ကမ်းခြေ ထွက်ခွာမည့် အက်ပ် (The Trust's Shore Leave app) သည် သင်္ဘောသား အမှုထမ်းများ အတွက် သူတို့၏ အကန့်အသတ်ရှိသော အားလပ်ချိန်ကို ဆိပ်ကမ်း၌ အများဆုံး အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြုရန် ရည်မှန်းထားသည်။ ၎င်းသည် အင်တာနက်အဆက်ပြတ်နေစဉ်အတောအတွင်း သင်္ဘောသားများ၏ စင်တာရုံး၏ ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက်များနှင့် ၂၄ နာရီ ၇ ရက် အသုံးပြုနိုင်သည့် ISWAN သင်္ဘောသားများ အကူအညီ ဝန်ဆောင်မှုကို ဆောင်ရွက်ပေးသည်။ အဆိုပါ အခမဲ့ အက်ပ် (App) ကို Android နှင့် iphone တို့အတွက် ရရှိနိုင်သည် – ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် www.seafarerstrust.org/apps


**သင်္ဘောသားများ၏ အုပ်ထိန်းမှုအဖွဲ့သည် ITF ၏ ကုသိုလ်ဖြစ် အဖွဲ့ခွဲတစ်ခုဖြစ်သည် – ပိုမိုသိရှိရန် ဝက်ဘ်ဆိုက်- www.seafarerstrust.org**

# သင်္ဘောသားများ – သတင်းအချက်အလက်များနှင့် အကြံဉာဏ်အတွက် ITF ကို သင်၏ နေ့စဉ်ဆိုက်ကပ်ရမည့် ဆိပ်ကမ်းအဖြစ်လုပ်ပါ

## အခမဲ့ ITF အက်ပ် – Android နှင့် iOS နှစ်မျိုးလုံးအတွက် ရရှိနိုင်သည်

သင့် ***App Store*** မှ ဒေါင်းလုဒ်ဆွဲယူပါ ***http://bit.ly/36SaOr2*** or from ***Google Play***, at ***http://bit.ly/36HTYex***







### ITF သင်္ဘောသားများ

- သင်္ဘောကို ကြည့်ရန်
- သမဂ္ဂက သင့်အတွက် လုပ်ပေးနိုင်သည့် အရာကို လေ့လာရန်
- ပဋိပက္ခဖြစ်ချိန် အကူအညီရမည့်နေရာ ရှာရန်
- ITF နှင့် ဆက်သွယ်ရန်
- ITF စိစစ်ရေးမှူး (သို့) ITF ပင်လယ်ရေကြောင်း သမဂ္ဂကို ရှာရန်

### IFT သာယာကောင်းမွန်ရေး


စိတ်သောက၊ HIV/AIDS, လိင်ဆိုင်ရာ ကူးစက်တတ်သော ရောဂါများ (STIs), အဆုတ်ရောဂါ (TB), ငှက်ဖျားရောဂါ (သို့) ဇီကာဗိုင်းရပ်စ် တို့အတွက် စိုးရိမ်ပူပန်နေသလား။ နောက်ဆုံး သတင်းအချက်အလက်များနှင့် အကြံဉာဏ်ကို ရှာရန်-

- ရောဂါလက္ခဏာများ • ကူးစက်ခြင်း • ကုသမှု
- ကြိုတင်ကာကွယ်ခြင်း • ရောဂါအကြောင်း ဖြစ်နေကျ မှားယွင်းအယူအဆများ

### ITF တစ်ကမ္ဘာလုံး


- ITF နှင့် သမဂ္ဂ နောက်ဆုံးသတင်းကို သိရှိရန်
- ကျွန်တော်တို့၏ လှုံ့ဆော်မှုများကို ဆက်လုပ်ရန်
- ITF နှင့် ၎င်း၏ သမဂ္ဂများအကြောင်း ပိုမိုသိရှိရန်

## ITF ဝက်ဘ်ဆိုက်များ



### www.itfseafarers.org

သင့် အခွင့်အရေးများနှင့် ပင်လယ်ပြင်နှင့်ဆိပ်ကမ်းများတွင် ITF စိစစ်ရေးမှူးများက မည်သို့ ကူညီပေးနိုင်ကြောင်း သင်္ဘောသားများ အတွက် ကျွန်တော်တို့၏ လေးလေးနက်နက်နှင့် ဆန်းသစ်ထားသည့် ဝက်ဘ်ဆိုက်တွင် ရှာဖွေပါ။



### www.itfglobal.org

အလုပ်သမားများနှင့် ၎င်းတို့၏ ITF သမဂ္ဂများအပေါ် သက်ရောက်မှုရှိသော နောက်ဆုံး ဖွံ့ဖြိုးဖြစ်ရပ်အားလုံးကို ITF Global ဝက်ဘ်ဆိုက်အသစ်တွင် သိရှိပါ။

## ITF လူမှုရေးဆိုင်ရာ မီဒီယာ

လူမှုရေးဆိုင်ရာ မီဒီယာတွင် ပင်လယ်ပြင်၌ ဘဝ အကြောင်း နောက်ဆုံးအဖြစ်အပျက်ကို သိရှိပါ-
**Keep up with the ITF နှင့် သမဂ္ဂ နောက်ဆုံးသတင်းကို သိရှိရန် Twitter ရှိ *@ITFSeafarersSupport* နှင့် ဝက်ဘ်ဆိုက် *www.facebook.com/ITFseafarerssupport* ကိုသုံး၍ သိရှိပါ**